မှတ်ပုံတင်အမှတ်−၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

အမှတ် ၄၈] ရန်ကုန်မြို့ { ၁၃၈၃ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၈ ရက် (၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ ၂၆ ရက်) } သောကြာနေ့ [အတွဲ ၇၄

ဤအပိုင်းကို သီးခြားစုပေါင်း၍ တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ် (၆၁/၂၀၂၁)**

၁၃၈၃ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၈ ရက်

(၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၂၈ ရက်)

**တရားလွှတ်တော်ရှေ့နေများကောင်စီအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **တရားလွှတ်တော်ရှေ့နေများကောင်စီအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ တရားလွှတ်တော်ရှေ့နေများကောင်စီအက်ဥပဒေပုဒ်မ ၄ ကို အောက်ပါအတိုင်း အစားထိုးရမည်−

"၄။ တရားလွှတ်တော်ရှေ့နေများကောင်စီကို အောက်ပါအတိုင်း ဖွဲ့စည်းရမည်−

| | | |
|---|---|---|
| (က) | ပြည်ထောင်စုဝန်ကြီး/ပြည်ထောင်စုရှေ့နေချုပ် ဥပဒေရေးရာဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ပြည်ထောင်စုတရားသူကြီးချုပ်က အမည်စာရင်းတင်သွင်းသော ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးတစ်ဦး | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | ဒုတိယဝန်ကြီး/ဒုတိယရှေ့နေချုပ် ဥပဒေရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ပြည်ထောင်စုတရားလွှတ်တော်ချုပ်က အမည်စာရင်း တင်သွင်းသော တရားလွှတ်တော်ရှေ့နေ သုံးဦး | အဖွဲ့ဝင် |
| (င) | ပြည်ထောင်စုဝန်ကြီး/ပြည်ထောင်စုရှေ့နေချုပ်က အမည်စာရင်းတင်သွင်းသော တရားလွှတ်တော်ရှေ့နေ သုံးဦး | အဖွဲ့ဝင် |
| (စ) | ညွှန်ကြားရေးမှူးချုပ်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ် | အဖွဲ့ဝင် |
| (ဆ) | ညွှန်ကြားရေးမှူးချုပ်၊ ဥပဒေရေးရာဝန်ကြီးဌာန | အတွင်းရေးမှူး" |

၃။ တရားလွှတ်တော်ရှေ့နေများကောင်စီအက်ဥပဒေပုဒ်မ ၅ ကို ပယ်ဖျက်ရမည်။

၄။ တရားလွှတ်တော်ရှေ့နေများကောင်စီအက်ဥပဒေပုဒ်မ ၂၀ နှင့် ပုဒ်မ ၂၁ ပါ "ပြည်ထောင်စုရှေ့နေချုပ်ရုံး" ဆိုသည့်စကားရပ်အား "ဥပဒေရေးရာဝန်ကြီးဌာန" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၅။ တရားလွှတ်တော်ရှေ့နေများကောင်စီအက်ဥပဒေပုဒ်မ ၂၂ ကို အောက်ပါအတိုင်းအစားထိုးရမည်-

"၂၂။ ဥပဒေရေးရာဝန်ကြီးဌာနသည် နိုင်ငံ့ဝန်ထမ်းမဟုတ်သည့် တရားလွှတ်တော်ရှေ့နေများကောင်စီ အဖွဲ့ဝင်များအတွက် စရိတ်ချီးမြှင့်ငွေများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် သတ်မှတ်ပေးရမည်။"

---

ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

**အမိန့်အမှတ် (၁၉၀/၂၀၂၁)**

၁၃၈၃ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၇ ရက်

(၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၂၇ ရက်)

### ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဗဟိုကော်မတီ ပြင်ဆင်ဖွဲ့စည်းခြင်း

၁။ "ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဗဟိုကော်မတီ" ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | ဥက္ကဋ္ဌ<br>နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ | ဥက္ကဋ္ဌ |
| (ခ) | ဒုတိယဥက္ကဋ္ဌ<br>နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | ပြည်ထောင်စုဝန်ကြီး<br>ကာကွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ပြည်ထောင်စုဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | ပြည်ထောင်စုဝန်ကြီး<br>နိုင်ငံခြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | ပြည်ထောင်စုဝန်ကြီး<br>ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန (၁) | အဖွဲ့ဝင် |

(ဆ) ပြည်ထောင်စုဝန်ကြီး — အဖွဲ့ဝင်
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန

(ဇ) ပြည်ထောင်စုဝန်ကြီး — အဖွဲ့ဝင်
ပြန်ကြားရေးဝန်ကြီးဌာန

(ဈ) ပြည်ထောင်စုဝန်ကြီး — အဖွဲ့ဝင်
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

(ည) ပြည်ထောင်စုဝန်ကြီး — အဖွဲ့ဝင်
စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

(ဋ) ပြည်ထောင်စုဝန်ကြီး — အတွင်းရေးမှူး
ကျန်းမာရေးဝန်ကြီးဌာန

(ဌ) ညွှန်ကြားရေးမှူးချုပ် — တွဲဖက်အတွင်းရေးမှူး
ပြည်သူ့ကျန်းမာရေး/ ကုသရေးဦးစီးဌာန
ကျန်းမာရေးဝန်ကြီးဌာန

၂။ ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဗဟိုကော်မတီ၏ ရုံးလုပ်ငန်းဆိုင်ရာကိစ္စရပ်များအား ပြည်ထောင်စုအစိုးရအဖွဲ့ရုံးမှ တာဝန်ယူဆောင်ရွက်ရမည်ဖြစ်ပါသည်။

၃။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၂၀၂၁ ခုနှစ်၊ ဇွန်လ ၁၆ ရက်စွဲပါ အမိန့်အမှတ် ၁၃၇/၂၀၂၁ ကို ဤအမိန့်ဖြင့် လွှမ်းမိုးပယ်ဖျက်ပါသည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

### အမိန့်အမှတ် (၁၉၁/၂၀၂၁)

၁၃၈၃ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၂ ရက်
(၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ ၁ ရက်)

### ချင်းပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ခန့်အပ်တာဝန်ပေးခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ချင်းပြည်နယ် တရားလွှတ်တော် တရားသူကြီး ဦးနေစိုး ကို ချင်းပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်အမှတ် (၁၉၂/၂၀၂၁)**

၁၃၈၃ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၂ ရက်

(၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ ၁ ရက်)

**ချင်းပြည်နယ်တရားလွှတ်တော် တရားသူကြီး ခန့်အပ်တာဝန်ပေးခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဦးမြင့်ဟန် အား ချင်းပြည်နယ်တရားလွှတ်တော် တရားသူကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး

ဒုတိယဗိုလ်ချုပ်ကြီး

အတွင်းရေးမှူး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်ကြော်ငြာစာအမှတ် (၃၂၄/၂၀၂၁)**

၁၃၈၃ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁ ရက်

(၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၆ ရက်)

**ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ ပြင်ဆင်ဖွဲ့စည်းခြင်း**

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေးအတွက် **ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ** ကို အောက်ပါအတိုင်း ပြင်ဆင်ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | ပြည်ထောင်စုဝန်ကြီး<br>သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ဒုတိယဝန်ကြီး<br>သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | ဒုတိယဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ဒုတိယဝန်ကြီး<br>စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | ဒုတိယဝန်ကြီး<br>ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | ဒုတိယဝန်ကြီး<br>ဥပဒေရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |

(ဆ) ဒုတိယဝန်ကြီး အဖွဲ့ဝင်
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

(ဇ) ဒုတိယဝန်ကြီး အဖွဲ့ဝင်
လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန

(ဈ) ဒုတိယဝန်ကြီး အဖွဲ့ဝင်
စက်မှုဝန်ကြီးဌာန

(ည) အမြဲတမ်းအတွင်းဝန် အဖွဲ့ဝင်
နိုင်ငံခြားရေးဝန်ကြီးဌာန

(ဋ) အမြဲတမ်းအတွင်းဝန် အဖွဲ့ဝင်
ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန (၁)

(ဌ) အမြဲတမ်းအတွင်းဝန် အဖွဲ့ဝင်
နယ်စပ်ရေးရာဝန်ကြီးဌာန

(ဍ) အမြဲတမ်းအတွင်းဝန် အဖွဲ့ဝင်
ပြန်ကြားရေးဝန်ကြီးဌာန

(ဎ) အမြဲတမ်းအတွင်းဝန် အဖွဲ့ဝင်
သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန

(ဏ) အမြဲတမ်းအတွင်းဝန် အဖွဲ့ဝင်
သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန

(တ) အမြဲတမ်းအတွင်းဝန် အဖွဲ့ဝင်
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

(ထ) အမြဲတမ်းအတွင်းဝန် အဖွဲ့ဝင်
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

(ဒ) အမြဲတမ်းအတွင်းဝန် အဖွဲ့ဝင်
စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

(ဓ) အမြဲတမ်းအတွင်းဝန် အဖွဲ့ဝင်
ပညာရေးဝန်ကြီးဌာန

(န) အမြဲတမ်းအတွင်းဝန် အဖွဲ့ဝင်
သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန

(ပ) အမြဲတမ်းအတွင်းဝန် အဖွဲ့ဝင်
ကျန်းမာရေးဝန်ကြီးဌာန

(ဖ) အမြဲတမ်းအတွင်းဝန် အဖွဲ့ဝင်
ဆောက်လုပ်ရေးဝန်ကြီးဌာန

(ဗ) အမြဲတမ်းအတွင်းဝန် အဖွဲ့ဝင်
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

(ဘ) အမြဲတမ်းအတွင်းဝန် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန — အဖွဲ့ဝင်

(မ) အမြဲတမ်းအတွင်းဝန် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန — အဖွဲ့ဝင်

(ယ) အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ကိုယ်စားလှယ် (၁) ဦး — အဖွဲ့ဝင်

(ရ) အရပ်ဘက်လူမှုအဖွဲ့အစည်းများမှ ကိုယ်စားလှယ် (၁) ဦး — အဖွဲ့ဝင်

(လ) ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းအဖွဲ့အစည်းများမှ ကိုယ်စားလှယ်(၁) ဦး — အဖွဲ့ဝင်

(ဝ) ညွှန်ကြားရေးမှူးချုပ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန — အတွင်းရေးမှူး

(သ) ဒုတိယညွှန်ကြားရေးမှူးချုပ် (စီမံ/မူဝါဒ) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန — တွဲဖက်အတွင်းရေးမှူး

၂။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ၏ လုပ်ငန်းတာဝန်များကို အောက်ပါအတိုင်းသတ်မှတ်လိုက်သည်-

(က) မြန်မာနိုင်ငံအမျိုးသားပတ်ဝန်းကျင်ရေးရာမူဝါဒနှင့် မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုဆိုင်ရာမူဝါဒကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊

(ခ) ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် အရည်အသွေးမြှင့်တင်ရေးအတွက် လိုအပ်သည့် အမျိုးသားပတ်ဝန်းကျင်ရေးရာမူဝါဒများကို ပြင်ဆင်ရေးဆွဲချမှတ်ခြင်း၊

(ဂ) ရာသီဥတုပြောင်းလဲမှု လျှော့ချတိုက်ဖျက်ရေး၊ ပြောင်းလဲလာသည့် ရာသီဥတုနှင့် လိုက်လျောညီထွေရှိစေရေးနှင့် ရာသီဥတုဒဏ်ခံနိုင်ရည်ရှိစေရေးတို့အတွက် လိုအပ်သည့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာမူဝါဒများကို ပြင်ဆင်ရေးဆွဲချမှတ်ခြင်း၊

(ဃ) အမျိုးသားစဉ်ဆက်မပြတ်ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာကိစ္စရပ်များကို ကဏ္ဍအလိုက် စနစ်တကျ ပေါင်းစပ်ဆောင်ရွက်ရန် လိုအပ်သော မူဝါဒများ၊ အခြေခံမူများ၊ မဟာဗျူဟာများ၊ နှစ်တို၊ နှစ်ရှည် လုပ်ငန်းအစီအစဉ်များ ရေးဆွဲချမှတ် အကောင်အထည်ဖော်ရေးအတွက် ကြီးကြပ်လမ်းညွှန်ခြင်း၊

(င) ကဏ္ဍအလိုက် စီးပွားရေးနှင့် လူမှုရေးဆိုင်ရာ ဖွံ့ဖြိုးမှုစီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပတ်ဝန်းကျင်ထိခိုက်မှုမရှိစေရန် ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းစနစ် ချမှတ်ဖော်ဆောင်ရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ဘက်စုံစောင့်ကြပ်ကြည့်ရှုစစ်ဆေးရေး လုပ်ငန်းစဉ်များကို သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ ပေါင်းစပ်ညှိနှိုင်း၍ဖြစ်စေ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် လမ်းညွှန်ချက်များ ချမှတ်ခြင်း၊

(စ) ပတ်ဝန်းကျင်ထိခိုက်မှုမရှိစေသည့် သို့မဟုတ် ပတ်ဝန်းကျင်ထိခိုက်မှု အနည်းဆုံးဖြစ်စေသည့် သို့မဟုတ် ကာဗွန်ထုတ်လွှတ်မှုလျော့နည်းသည့် အစိမ်းရောင်စီးပွားရေးဆိုင်ရာ ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို ကဏ္ဍအလိုက် တိုးမြှင့်အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် မဟာဗျူဟာမူဘောင်နှင့် လုပ်ငန်းအစီအစဉ်များ ရေးဆွဲချမှတ်ခြင်း၊ အစိမ်းရောင်ရင်းနှီးမြှုပ်နှံမှု ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လမ်းညွှန်ချက်များ ချမှတ်ခြင်း၊

(ဆ) မြေအသုံးချမှု မှန်ကန်ရေး၊ သဘာဝသယံဇာတများ ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရေး အစီအမံများချမှတ်နိုင်ရေးအတွက် ကြီးကြပ်ခြင်း၊

( ဇ ) သဘာဝသယံဇာတအရင်းအမြစ်များထုတ်ယူရာတွင် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုလျော့ပါးရေးနှင့် စဉ်ဆက်မပြတ် ရေရှည်အကျိုးရှိစွာ အသုံးပြုနိုင်ရေးအတွက် ကဏ္ဍအလိုက်နှင့် တိုင်းဒေသကြီး/ပြည်နယ်အလိုက် ကြပ်မတ်ဆောင်ရွက်ရန် လမ်းညွှန်ခြင်း၊

( ဈ ) ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေး၊ ဇီဝလုံခြုံရေး၊ မျိုးရိုးဗီဇအရင်းအမြစ်များ စနစ်တကျ စီမံခန့်ခွဲရေးအတွက် သက်ဆိုင်ရာဌာနများမှ အစီအမံများ ချမှတ်ဆောင်ရွက်နိုင်ရန် ကြီးကြပ်လမ်းညွှန်ခြင်း၊

(ည) ပတ်ဝန်းကျင်နှင့်သဟဇာတဖြစ်စေပြီး စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုကိုအထောက်အကူဖြစ်စေသည့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် တိုးမြှင့်ထုတ်လုပ်အသုံးချရေးနှင့် စွမ်းအင်ချွေတာရေးအတွက် အစီအမံများ ချမှတ်နိုင်ရန် ညှိနှိုင်းပေါင်းစပ်ခြင်း၊

( ဋ ) အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ သတင်းအချက်အလက်များ၊ စာရင်းဇယားများနှင့် ကိန်းဂဏန်းအချက်အလက်များ ထိန်းသိမ်းသည့်စနစ်တည်ထောင်နိုင်ရေးအတွက် လမ်းညွှန်ချက်များ ချမှတ်ခြင်း၊

( ဌ ) ပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး စံချိန်စံညွှန်းများ ရေးဆွဲထုတ်ပြန်နိုင်ရေးအတွက် ကြီးကြပ်ဆောင်ရွက်ခြင်း၊

( ဍ ) မြို့ပြဒေသ၊ ရပ်ရွာ၊ စက်မှုနယ်မြေနှင့် အထူးစီးပွားရေးဇုန်ဆိုင်ရာ ပတ်ဝန်းကျင်အရည်အသွေး ကောင်းမွန်ရေးနှင့် ရေရှည်စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံခန့်ခွဲမှုဆိုင်ရာ လမ်းညွှန်ချက်များ ချမှတ်ခြင်း၊

( ဎ ) စွန့်ပစ်ပစ္စည်း၊ အရည်နှင့် အခိုးအငွေ့များကြောင့် ပတ်ဝန်းကျင်ထိခိုက်မှုမရှိစေရန် စနစ်တကျ ထိန်းချုပ်နိုင်ရေးနှင့် ပတ်ဝန်းကျင်ညစ်ညမ်းမှုများ ထိန်းသိမ်းကာကွယ်ရေးအတွက် မဟာဗျူဟာ၊ နှစ်တို/နှစ်ရှည်လုပ်ငန်းအစီအစဉ်များနှင့် လမ်းညွှန်ချက်များ ချမှတ်နိုင်ရေးအတွက် ကြီးကြပ်ခြင်း၊

(ဏ) ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများတွင် ပြည်သူတို့ ပိုမိုပူးပေါင်းပါဝင်ဆောင်ရွက်လာစေရေးအတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် စွမ်းဆောင်ရည် မြှင့်တင်ရေး၊ အသိအမြင်ပြန့်ပွားရေး၊ သုတေသန၊ ပညာပေးရေးနှင့် ပညာသင်ကြားရေး အစီအစဉ်များကို တိုးမြှင့်ဆောင်ရွက်နိုင်ရန် လမ်းညွှန်ခြင်း၊

(တ) ပတ်ဝန်းကျင်ဆိုင်ရာ အရေးပေါ်အခြေအနေတစ်ရပ် ပေါ်ပေါက်ကြောင်း သို့မဟုတ် ထိုသို့ ပေါ်ပေါက်နိုင်ကြောင်း သိရှိလျှင် ယင်းသို့ အခြေအနေတစ်ရပ်ပေါ်ပေါက်ကြောင်း ထုတ်ပြန်ကြေညာနိုင်ရန် ပြည်ထောင်စုအစိုးရအဖွဲ့သို့ ချက်ချင်းတင်ပြခြင်းနှင့် လိုအပ်သည့် အစီအစဉ်များ ဆောင်ရွက်ရန် ကြီးကြပ်ခြင်း၊

(ထ) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အငြင်းပွားမှုများ တစ်စုံတစ်ရာ ပေါ်ပေါက်လာခဲ့ပါက ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်၊ ညွှန်ကြားချက်များနှင့်အညီ ညှိနှိုင်းဖြေရှင်းပေးခြင်း၊

( ဒ ) ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာကိစ္စရပ်များကို အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ ပုဂ္ဂလိကနှင့် ဒေသခံပြည်သူများအကြား ပူးပေါင်းဆောင်ရွက်နိုင်ရေး ပေါင်းစပ်ညှိနှိုင်းပေးခြင်း၊

( ဓ ) မြန်မာနိုင်ငံက အဖွဲ့ဝင်အဖြစ် ပါဝင်လျက်ရှိသည့် အပြည်ပြည်ဆိုင်ရာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သက်ဆိုင်သော ရာသီဥတုပြောင်းလဲမှုဆိုင်ရာ၊ ဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ၊ စွန့်ပစ်ပစ္စည်းဆိုင်ရာ၊ အိုဇုန်းဆိုင်ရာ စသည့် အခြားသောကွန်ဗင်းရှင်းများ၊ ဒေသဆိုင်ရာ သဘောတူညီချက်များ၊ နိုင်ငံအချင်းချင်း သဘောတူစာချုပ်များအရ ကတိကဝတ်များ အကောင်အထည်ဖော်နိုင်ရေးအတွက် သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ ပူးပေါင်းညှိနှိုင်းဆောင်ရွက်နိုင်ရန် လမ်းညွှန်ချက်များချမှတ်ခြင်း၊

( န ) ပတ်ဝန်းကျင်ရေးရာနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ကိစ္စရပ်များတွင် အပြည်ပြည်ဆိုင်ရာနှင့် ဒေသဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ခြင်း၊

( ပ ) ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကို အကောင်အထည်ဖော်နိုင်ရေးအတွက် ပတ်ဝန်းကျင် စီမံခန့်ခွဲမှုရန်ပုံငွေတစ်ရပ် တည်ထောင်နိုင်ရန် လိုအပ်သည့် စည်းမျဉ်း၊ စည်းကမ်း၊ လုပ်ထုံးလုပ်နည်းများ ရေးဆွဲချမှတ်ရေးအတွက် လမ်းညွှန်ခြင်း၊

( ဖ ) ပြည်တွင်းပြည်ပမှ အလှူငွေ၊ ထောက်ပံ့ငွေ၊ ပစ္စည်းများနှင့် နည်းပညာဆိုင်ရာ အကူအညီများ လက်ခံရရှိနိုင်ရေးအတွက် ညှိနှိုင်းဆောင်ရွက်ခြင်း၊

( ဗ ) မြန်မာနိုင်ငံအမျိုးသားပတ်ဝန်းကျင်ရေးရာမူဝါဒ၊ မဟာဗျူဟာမူဘောင်၊ ပင်မလုပ်ငန်းအစီအစဉ်များနှင့် မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုဆိုင်ရာမူဝါဒ၊ မဟာဗျူဟာ၊ ပင်မလုပ်ငန်းအစီအစဉ်များ၊ အမျိုးသားအဆင့် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှု မဟာဗျူဟာ၊ ပင်မလုပ်ငန်းအစီအစဉ်များ၊ အစိမ်းရောင်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု မူဝါဒမူဘောင်တို့အရ ကဏ္ဍအလိုက် အကောင်အထည်ဖော်ဆောင်ရွက်ရမည့် လုပ်ငန်းကိစ္စရပ်များကို သက်ဆိုင်ရာဌာန၏ နှစ်တို/နှစ်ရှည် လုပ်ငန်းစီမံကိန်းရေးဆွဲမှုများ၊ မှန်းချက်များနှင့် ဘဏ္ဍာရေးလျာထားချက်များတွင် ထည့်သွင်းရေးဆွဲအကောင်အထည်ဖော်နိုင်ရန် ညွှန်ကြားခြင်းနှင့် သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်း၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ ပုဂ္ဂလိကနှင့် ဒေသခံ ပြည်သူများနှင့် ပေါင်းစပ်ညှိနှိုင်းခြင်း၊

(ဘ) လိုအပ်သည့် ဗဟိုအဆင့် လုပ်ငန်းကော်မတီများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့် ကြီးကြပ်မှု ကော်မတီများ၊ အထူးလုပ်ငန်းအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်ခြင်း၊

( မ ) ပြည်ထောင်စုအစိုးရအဖွဲ့က အခါအားလျော်စွာ ပေးအပ်သော ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ တာဝန်များကို ဆောင်ရွက်ခြင်း။

၃။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေပုဒ်မ ၄ အရ ဖွဲ့စည်းသည့် ကော်မတီအဖြစ် မှတ်ယူရမည်။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီသည် အထက်အပိုဒ် (၂) ပါ တာဝန်ဝတ္တရားများအပြင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေပုဒ်မ ၆ နှင့် ပုဒ်မ ၄၂ (ခ) ပါ လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်နိုင်သည်။

၄။ ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၆ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၅၃/၂၀၁၉ ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်ကြော်ငြာစာအမှတ် (၃၂၅/၂၀၂၁)**

၁၃၈၃ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၂ ရက်

(၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၇ ရက်)

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်းနှင့်**
**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း**

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သစ်တောနှင့် ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ် (ရေဆင်း) ပါမောက္ခချုပ် ဒေါက်တာခင်မောင်ဆင့်ကို အစမ်းခန့်ကာလ (၁) နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

၂။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ဗဟိုဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) မှ ဒုတိယပါမောက္ခချုပ် (စီမံ) ဦးဇော်မိုးဝင်း ကို ဝန်ထမ်းရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်ကြော်ငြာစာအမှတ် (၃၂၆/၂၀၂၁)**

၁၃၈၃ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၆ ရက်

(၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၁၁ ရက်)

**ဆောက်လုပ်ရေးလုပ်ငန်းစိစစ်ညှိနှိုင်းရေးအဖွဲ့ (ငွေလုံးငွေရင်း) အဖွဲ့ဝင်များ**
**ပြင်ဆင်ဖြည့်စွက်ဖွဲ့စည်းခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၂၀၂၁ ခုနှစ်၊ ဇူလိုင်လ ၆ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၂၀၀/၂၀၂၁ ဖြင့် ပြင်ဆင်ဖွဲ့စည်းခဲ့သော **ဆောက်လုပ်ရေးလုပ်ငန်းစိစစ်ညှိနှိုင်းရေးအဖွဲ့ (ငွေလုံးငွေရင်း)** တွင် အဖွဲ့ဝင် အမြဲတမ်းအတွင်းဝန်၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန **အစား** အဖွဲ့ဝင် အမြဲတမ်းအတွင်းဝန်၊ ကျန်းမာရေးဝန်ကြီးဌာနဖြင့် ပြင်ဆင်၍ အောက်ပါပုဂ္ဂိုလ်များကို အဖွဲ့ဝင်များအဖြစ် ဖြည့်စွက်ဖွဲ့စည်းလိုက်သည်–

(၁) အမြဲတမ်းအတွင်းဝန်
သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန

(၂) အမြဲတမ်းအတွင်းဝန်
သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်ကြော်ငြာစာအမှတ် (၃၂၇/၂၀၂၁)**

၁၃၈၃ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၇ ရက်

(၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၁၂ ရက်)

**မွေးဖွားမှုနှင့် သေဆုံးမှု မှတ်ပုံတင်ခြင်းဆိုင်ရာလုပ်ငန်းစာရင်းဇယားများ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ ဖွဲ့စည်းခြင်း**

၁။ မြန်မာနိုင်ငံ၏ မွေးဖွားမှုနှင့် သေဆုံးမှု မှတ်ပုံတင်ခြင်းစနစ် ပိုမိုအားကောင်းလာစေရေး၊ နိုင်ငံတကာအဆင့်မီစနစ်ဖြစ်လာစေရေး၊ မွေးဖွားမှုနှင့် သေဆုံးမှုစာရင်းအင်းများ မှန်ကန်စွာရရှိနိုင်ပြီး သဘာဝအလျောက် လူဦးရေတိုးနှုန်းနှင့် မွေးဖွားမှုနှင့် သေဆုံးမှု စာရင်းအင်းညွှန်းကိန်းများ မှန်ကန်စွာ တွက်ချက်ခန့်မှန်းနိုင်ရေးတို့အတွက် မွေးဖွားမှုနှင့် သေဆုံးမှု မှတ်ပုံတင်ခြင်းဆိုင်ရာ လုပ်ငန်းစာရင်းဇယားများ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့အသီးသီးကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်သည်-

(က) **ဗဟိုမွေးဖွားမှုနှင့် သေဆုံးမှု မှတ်ပုံတင်ခြင်းဆိုင်ရာလုပ်ငန်းစာရင်းဇယားများ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့**

| | | |
|---|---|---|
| (၁) | ဒုတိယဝန်ကြီး<br>ကျန်းမာရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (၂) | အမြဲတမ်းအတွင်းဝန်<br>ပြည်ထဲရေးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ (၁) |
| (၃) | အမြဲတမ်းအတွင်းဝန်<br>ကျန်းမာရေးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ (၂) |
| (၄) | အမြဲတမ်းအတွင်းဝန်<br>လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ (၃) |
| (၅) | ညွှန်ကြားရေးမှူးချုပ်<br>အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာန<br>နိုင်ငံခြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၆) | ညွှန်ကြားရေးမှူးချုပ်<br>ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန<br>နယ်စပ်ရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၇) | ညွှန်ကြားရေးမှူးချုပ်<br>စီမံကိန်းရေးဆွဲရေးဦးစီးဌာန<br>စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၈) | ညွှန်ကြားရေးမှူးချုပ်<br>ဥပဒေစိစစ်ရေးဦးစီးဌာန<br>ဥပဒေရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |

| | | |
|---|---|---|
| (၉) | ညွှန်ကြားရေးမှူးချုပ်<br>ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန<br>သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၀) | ဦးဆောင်ညွှန်ကြားရေးမှူး<br>မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း<br>ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၁) | ညွှန်ကြားရေးမှူးချုပ်<br>လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန<br>လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၂) | ညွှန်ကြားရေးမှူးချုပ်<br>အမျိုးသားမှတ်ပုံတင်နှင့် နိုင်ငံသားဦးစီးဌာန<br>လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၃) | ညွှန်ကြားရေးမှူးချုပ်<br>ပြည်သူ့အင်အားဦးစီးဌာန<br>လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၄) | ညွှန်ကြားရေးမှူးချုပ်<br>ပညာရေးသုတေသန၊ စီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၅) | ညွှန်ကြားရေးမှူးချုပ်<br>လူမှုဝန်ထမ်းဦးစီးဌာန<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၆) | ညွှန်ကြားရေးမှူးချုပ်<br>ဗဟိုစာရင်းအင်းအဖွဲ့<br>စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန | အတွင်းရေးမှူး |
| (၁၇) | ညွှန်ကြားရေးမှူးချုပ်<br>ပြည်သူ့ကျန်းမာရေးဦးစီးဌာန<br>ကျန်းမာရေးဝန်ကြီးဌာန | တွဲဖက်အတွင်းရေးမှူး(၁) |
| (၁၈) | ညွှန်ကြားရေးမှူးချုပ်<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန<br>ပြည်ထဲရေးဝန်ကြီးဌာန | တွဲဖက်အတွင်းရေးမှူး(၂) |

( ခ ) ဗဟို မွေးဖွားမှုနှင့် သေဆုံးမှု မှတ်ပုံတင်ခြင်းဆိုင်ရာလုပ်ငန်းစာရင်းဇယားများ ပူးပေါင်းဆောင်ရွက်ရေး အဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်–

(၁) တိုင်းဒေသကြီး/ပြည်နယ်မွေးဖွားမှုနှင့် သေဆုံးမှု မှတ်ပုံတင်ခြင်းဆိုင်ရာ လုပ်ငန်းစာရင်းဇယား များ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့မှ တင်ပြလာသည့် စာရင်းဇယားများကို စိစစ်အကဲဖြတ်၍ သက်ဆိုင်ရာဌာနများနှင့်ပူးပေါင်း၍ မူဝါဒ၊ လုပ်ထုံးလုပ်နည်းနှင့်အညီ လမ်းညွှန်ချက်များ ထုတ်ပြန်ခြင်း၊

(၂) သက်ဆိုင်ရာဌာနများ၊ ဒေသများအလိုက် ဆောင်ရွက်မည့် ဌာန၊ အဖွဲ့အစည်း၊ ပုဂ္ဂိုလ် သတ်မှတ်၍ လက်တွေ့ဆောင်ရွက်နိုင်ရေး သင်တန်းများ ပေါင်းစပ်ညှိနှိုင်းစီစဉ်ပေးခြင်း၊

(၃) သင်တန်းပေးပြီးပါက လက်ရှိဆောင်ရွက်နေသောစနစ်မှ စာရင်းဇယားကောက်ယူခြင်း၊ မှတ်ပုံတင်ခြင်း၊ ထိန်းသိမ်းခြင်း၊ အချက်အလက်သွင်းခြင်းလုပ်ငန်းများ စတင်ဆောင်ရွက်ရေး အတွက် လိုအပ်သောအမိန့်၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်း ထုတ်ပြန်နိုင်ရေး ပြည်ထောင်စု အစိုးရအဖွဲ့ရုံးသို့ တင်ပြခြင်း၊

(၄) စာရင်းဇယားကောက်ယူစုစည်းပုံ နည်းလမ်းများမှန်ကန်ရေးနှင့် စာရင်းဇယားပြည့်စုံစွာရရှိမှု အားသာချက်၊ အားနည်းချက်များ ပြန်လည်လေ့လာသုံးသပ်နိုင်ရေးအတွက် သုံးလတစ်ကြိမ် ဆန်းစစ်မှု ညှိနှိုင်းအစည်းအဝေးများကျင်းပပြီး တိုးတက်မှုအစီရင်ခံစာကို ပြည်ထောင်စု အစိုးရအဖွဲ့ရုံးသို့ တင်ပြခြင်း၊

(၅) စာရင်းဇယားများကို တစ်နေရာတည်း စုစည်းထားရှိရန် မြို့နယ်ဗဟိုစာရင်းအင်းအဖွဲ့နှင့် ချိတ်ဆက်၍ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခြင်း၊

(၆) အဆင့်အသီးသီးရှိ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနဝန်ထမ်းများ၊ မွေးဖွားမှုနှင့် သေဆုံးမှု မှတ်ပုံတင်ခြင်းဆိုင်ရာ လုပ်ငန်းစာရင်းဇယားများ ကောက်ယူနိုင်ရေး လုပ်ဆောင်နေသော ကျန်းမာရေးဝန်ထမ်းများနှင့် ဗဟိုစာရင်းအင်းအဖွဲ့ ဝန်ထမ်းများ၏ ပူးပေါင်းဆောင်ရွက်မှုကို အားပေးမြှင့်တင်ခြင်း၊

(၇) ပြည်သူ့ရေးရာမှတ်ပုံတင်ခြင်းနှင့် မွေးဖွားမှုနှင့် သေဆုံးမှု စာရင်းအင်းဆိုင်ရာ ဥပဒေပြဋ္ဌာန်း နိုင်ရေးအတွက် ဥပဒေစိစစ်ရေးဦးစီးဌာန၏ အကူအညီဖြင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(၈) မွေးဖွားမှုနှင့် သေဆုံးမှု မှတ်ပုံတင်ခြင်းဆိုင်ရာ လုပ်ငန်းစာရင်းဇယားများ ကောက်ယူရေး နှင့် သက်ဆိုင်ရာဌာနများမှ လုပ်ငန်းဆောင်ရွက်နိုင်ရေးအတွက် ငွေကြေးအရင်းအမြစ်များ ရရှိရန် စီမံကိန်းရေးဆွဲရာတွင် ကြီးကြပ်ခြင်း။

**(ဂ) နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မွေးဖွားမှုနှင့် သေဆုံးမှု မှတ်ပုံတင်ခြင်းဆိုင်ရာလုပ်ငန်း စာရင်းဇယားများ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့**

| | | |
|---|---|---|
| (၁) | အုပ်ချုပ်ရေးမှူး<br>နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | အဖွဲ့ခေါင်းဆောင် |
| (၂) | ညွှန်ကြားရေးမှူး<br>တိုင်းဒေသကြီး/ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ | အဖွဲ့ဝင် |
| (၃) | တိုင်းဒေသကြီး/ပြည်နယ်ဦးစီးမှူး<br>စီမံကိန်းရေးဆွဲရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၄) | တိုင်းဒေသကြီး/ပြည်နယ်ဦးစီးမှူး<br>မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း | အဖွဲ့ဝင် |
| (၅) | တိုင်းဒေသကြီး/ပြည်နယ်ဦးစီးမှူး<br>လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၆) | တိုင်းဒေသကြီး/ပြည်နယ်ဦးစီးမှူး<br>အမျိုးသားမှတ်ပုံတင်နှင့် နိုင်ငံသားဦးစီးဌာန | အဖွဲ့ဝင် |

(၇) တိုင်းဒေသကြီး/ပြည်နယ်ပညာရေးမှူး အခြေခံပညာဦးစီးဌာန — အဖွဲ့ဝင်

(၈) တိုင်းဒေသကြီး/ပြည်နယ်ဦးစီးမှူး လူမှုဝန်ထမ်းဦးစီးဌာန — အဖွဲ့ဝင်

(၉) တိုင်းဒေသကြီး/ပြည်နယ်ဥပဒေအရာရှိ တိုင်းဒေသကြီး/ပြည်နယ်ဥပဒေရုံး — အဖွဲ့ဝင်

(၁၀) တိုင်းဒေသကြီး/ပြည်နယ်ဦးစီးမှူး ဗဟိုစာရင်းအင်းအဖွဲ့ — အတွင်းရေးမှူး

(၁၁) တိုင်းဒေသကြီး/ပြည်နယ်ဦးစီးမှူး ပြည်သူ့ကျန်းမာရေးဦးစီးဌာန — တွဲဖက်အတွင်းရေးမှူး(၁)

(၁၂) တိုင်းဒေသကြီး/ပြည်နယ်ဦးစီးမှူး ကုသရေးဦးစီးဌာန — တွဲဖက်အတွင်းရေးမှူး(၂)

(ဃ) နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မွေးဖွားမှုနှင့် သေဆုံးမှု မှတ်ပုံတင်ခြင်းဆိုင်ရာလုပ်ငန်းစာရင်းဇယားများ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်–

(၁) ခရိုင်အဆင့် မွေးဖွားမှုနှင့် သေဆုံးမှု မှတ်ပုံတင်ခြင်းဆိုင်ရာလုပ်ငန်းစာရင်းဇယားများ ဆောင်ရွက်မည့်အဖွဲ့မှ ပေးပို့လာသော မွေးဖွားမှုနှင့် သေဆုံးမှုစာရင်းများအား စိစစ်၍ လစဉ် လဆန်း ရှစ်ရက်နေ့အတွင်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန (ရုံးချုပ်) သို့ လိပ်မူ၍ ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် ဗဟိုစာရင်းအင်းအဖွဲ့သို့ မိတ္တူပေးပို့တင်ပြခြင်း၊

(၂) အခြေခံကျန်းမာရေးဝန်ထမ်းများမှ မွေးဖွားမှုနှင့် သေဆုံးမှု စာရင်းဇယားများ ပုံမှန်ကောက်ယူရေးနှင့် မြို့နယ်ဆရာဝန်များက မွေးဖွားမှုနှင့် သေဆုံးမှု လက်မှတ်များကို အချိန်နှင့်တစ်ပြေးညီ ထုတ်ပေးရေး ကြီးကြပ်ခြင်း၊

(၃) စွန့်ပစ်ကလေး၊ မိဘမဲ့ကလေး စသည့်ကလေးများကို မွေးဖွားမှု မှတ်ပုံတင်ပေးနိုင်ရေး ကြီးကြပ်ခြင်း၊

(၄) အဆင့်အသီးသီးရှိ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများ၊ မွေးဖွားမှုနှင့် သေဆုံးမှု မှတ်ပုံတင်ခြင်းဆိုင်ရာ စာရင်းဇယားများ ကောက်ယူရေးလုပ်ငန်းများ လုပ်ဆောင်နေသော ကျန်းမာရေးဝန်ထမ်းများနှင့် ဗဟိုစာရင်းအင်းအဖွဲ့ ဝန်ထမ်းများ၏ ပူးပေါင်းဆောင်ရွက်မှုကို အားပေးမြှင့်တင်ခြင်း၊

(၅) လုပ်ငန်းကော်မတီအဆင့်ဆင့်မှ တင်ပြချက်နှင့် မူဝါဒရေးဆွဲခြင်းအတွက်လည်းကောင်း၊ မွေးဖွားမှုနှင့် သေဆုံးမှု မှတ်ပုံတင်ခြင်းဆိုင်ရာ စာရင်းဇယားများ ကောက်ယူရေးလုပ်ငန်းများကို ကြီးကြပ်ဆောင်ရွက်ခြင်းနှင့် လပတ်အစည်းအဝေးများ ပြုလုပ်ရာတွင် ပံ့ပိုးပေးခြင်း။

**( င ) ခရိုင်မွေးဖွားမှုနှင့် သေဆုံးမှု မှတ်ပုံတင်ခြင်းဆိုင်ရာလုပ်ငန်းစာရင်းဇယားများ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့**

(၁) ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန — အဖွဲ့ခေါင်းဆောင်

| | | |
|---|---|---|
| (၂) | ခရိုင်ဦးစီးမှူး<br>တိုင်းဒေသကြီး/ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ | အဖွဲ့ဝင် |
| (၃) | ခရိုင်ဦးစီးမှူး<br>စီမံကိန်းရေးဆွဲရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၄) | ခရိုင်ဦးစီးမှူး<br>မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း | အဖွဲ့ဝင် |
| (၅) | ခရိုင်ဦးစီးမှူး<br>လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၆) | ခရိုင်ဦးစီးမှူး<br>အမျိုးသားမှတ်ပုံတင်နှင့် နိုင်ငံသားဦးစီးဌာန | အဖွဲ့ဝင် |
| (၇) | ခရိုင်ပညာရေးမှူး<br>အခြေခံပညာဦးစီးဌာန | အဖွဲ့ဝင် |
| (၈) | ခရိုင်ဦးစီးမှူး<br>လူမှုဝန်ထမ်းဦးစီးဌာန | အဖွဲ့ဝင် |
| (၉) | ခရိုင်ဥပဒေအရာရှိ<br>တိုင်းဒေသကြီး/ပြည်နယ်ဥပဒေရုံး | အဖွဲ့ဝင် |
| (၁၀) | ခရိုင်ဦးစီးမှူး<br>ဗဟိုစာရင်းအင်းအဖွဲ့ | အတွင်းရေးမှူး |
| (၁၁) | ခရိုင်ဦးစီးမှူး<br>ပြည်သူ့ကျန်းမာရေးဦးစီးဌာန | တွဲဖက်အတွင်းရေးမှူး(၁) |
| (၁၂) | ခရိုင်ဦးစီးမှူး<br>ကုသရေးဦးစီးဌာန | တွဲဖက်အတွင်းရေးမှူး(၂) |

( စ ) ခရိုင်မွေးဖွားမှုနှင့် သေဆုံးမှု မှတ်ပုံတင်ခြင်းဆိုင်ရာ လုပ်ငန်းစာရင်းဇယားများ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်–

(၁) မြို့နယ်အဆင့် မွေးဖွားမှုနှင့် သေဆုံးမှု မှတ်ပုံတင်ခြင်းဆိုင်ရာ လုပ်ငန်းစာရင်းဇယားများ ဆောင်ရွက်သည့်အဖွဲ့က ပေးပို့လာသော မွေးဖွားမှုနှင့် သေဆုံးမှုစာရင်းများကို စိစစ်၍ လစဉ် လဆန်းတစ်ရက်နေ့မှ ခြောက်ရက်နေ့အတွင်း နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့လိပ်မူ၍ ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် ဗဟိုစာရင်းအင်းအဖွဲ့သို့ မိတ္တူပေးပို့တင်ပြခြင်း၊

(၂) လုပ်ငန်းကော်မတီအဆင့်ဆင့်မှ တင်ပြချက်နှင့် မူဝါဒရေးဆွဲခြင်းအတွက်လည်းကောင်း၊ မွေးဖွားမှုနှင့် သေဆုံးမှု မှတ်ပုံတင်ခြင်းဆိုင်ရာလုပ်ငန်းစာရင်းဇယားများ ကောက်ယူရေး လုပ်ငန်းများကို ကြီးကြပ်ဆောင်ရွက်ခြင်းနှင့် လပတ်အစည်းအဝေးများပြုလုပ်ရာတွင် ပံ့ပိုးပေးခြင်း။

(ဆ) **မြို့နယ်မွေးဖွားမှုနှင့် သေဆုံးမှု မှတ်ပုံတင်ခြင်းဆိုင်ရာ လုပ်ငန်းစာရင်းဇယားများ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့**

| | | |
|---|---|---|
| (၁) | ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | အဖွဲ့ခေါင်းဆောင် |
| (၂) | မြို့နယ်ဦးစီးမှူး<br>တိုင်းဒေသကြီး/ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ | အဖွဲ့ဝင် |
| (၃) | မြို့နယ်ဦးစီးမှူး<br>စီမံကိန်းရေးဆွဲရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၄) | မြို့နယ်ဦးစီးမှူး<br>မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း | အဖွဲ့ဝင် |
| (၅) | မြို့နယ်ဦးစီးမှူး<br>လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၆) | မြို့နယ်ဦးစီးမှူး<br>အမျိုးသားမှတ်ပုံတင်နှင့် နိုင်ငံသားဦးစီးဌာန | အဖွဲ့ဝင် |
| (၇) | မြို့နယ်ပညာရေးမှူး<br>အခြေခံပညာဦးစီးဌာန | အဖွဲ့ဝင် |
| (၈) | မြို့နယ်ဦးစီးမှူး<br>လူမှုဝန်ထမ်းဦးစီးဌာန | အဖွဲ့ဝင် |
| (၉) | မြို့နယ်ဥပဒေအရာရှိ<br>တိုင်းဒေသကြီး/ပြည်နယ်ဥပဒေရုံး | အဖွဲ့ဝင် |
| (၁၀) | မြို့နယ်ဦးစီးမှူး<br>ဗဟိုစာရင်းအင်းအဖွဲ့ | အတွင်းရေးမှူး |
| (၁၁) | မြို့နယ်ဦးစီးမှူး<br>ပြည်သူ့ကျန်းမာရေးဦးစီးဌာန | တွဲဖက်အတွင်းရေးမှူး(၁) |
| (၁၂) | မြို့နယ်ဦးစီးမှူး<br>ကုသရေးဦးစီးဌာန | တွဲဖက်အတွင်းရေးမှူး(၂) |

(ဇ) မြို့နယ်မွေးဖွားမှုနှင့် သေဆုံးမှု မှတ်ပုံတင်ခြင်းဆိုင်ရာလုပ်ငန်းစာရင်းဇယားများ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(၁) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအဆင့် မွေးဖွားမှုနှင့် သေဆုံးမှု မှတ်ပုံတင်ခြင်းဆိုင်ရာ လုပ်ငန်းစာရင်းဇယားများ ဆောင်ရွက်သည့်အဖွဲ့မှ ပေးပို့လာသော မွေးဖွားမှုနှင့် သေဆုံးမှု စာရင်းများကို စိစစ်၍ လစဉ် လဆန်းတစ်ရက်နေ့မှ လေးရက်နေ့အတွင်း ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လိပ်မူ၍ ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် ဗဟိုစာရင်းအင်းအဖွဲ့သို့ မိတ္တူပေးပို့တင်ပြခြင်း၊

(၂) စွန့်ပစ်ကလေး၊ မိဘမဲ့ကလေး စသည့်ကလေးများကို မွေးဖွားမှုမှတ်ပုံတင်ပေးနိုင်ရေးအတွက် ပံ့ပိုးဆောင်ရွက်ခြင်း၊

(၃) လပတ်အစည်းအဝေးခေါ်ယူခြင်းနှင့် အစည်းအဝေးမှတ်တမ်းပြုစုခြင်း၊

(၄) အခြေခံကျန်းမာရေးဝန်ထမ်းများမှ မွေးဖွားမှုနှင့် သေဆုံးမှု စာရင်းဇယားများ ပုံမှန်ကောက်ယူရေး၊ မြို့နယ်ဆရာဝန်များက မွေးဖွားမှုနှင့် သေဆုံးမှု လက်မှတ်များကို အချိန်နှင့်တစ်ပြေးညီ ထုတ်ပေးနိုင်ရေး ကြီးကြပ်ခြင်း၊

(၅) မွေးဖွားမှုနှင့် သေဆုံးမှု မှတ်ပုံတင်ခြင်းကို ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်နှင့်အညီ ဆောင်ရွက်ခြင်း။

**(ဈ) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု မွေးဖွားမှုနှင့် သေဆုံးမှု မှတ်ပုံတင်ခြင်းဆိုင်ရာလုပ်ငန်းစာရင်း ဇယားများ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့**

| | | |
|---|---|---|
| (၁) | ရပ်ကွက် သို့မဟုတ် ကျေးရွာ အုပ်ချုပ်ရေးမှူး | အဖွဲ့ခေါင်းဆောင် |
| (၂) | ကျန်းမာရေးဝန်ထမ်း | အဖွဲ့ဝင် |
| (၃) | ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုစာရေး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၄) | အများပြည်သူလူထု ကြည်ညိုလေးစားသော ရပ်မိရပ်ဖပုဂ္ဂိုလ် (၁) ဦး | အဖွဲ့ဝင် |
| (၅) | လူမှုဝန်ထမ်းစိတ်ရှိ ပညာတတ်ရပ်ရွာနေ လူငယ် (၁) ဦး | အဖွဲ့ဝင် |

(ည) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု မွေးဖွားမှုနှင့် သေဆုံးမှု မှတ်ပုံတင်ခြင်းဆိုင်ရာလုပ်ငန်းစာရင်း ဇယားများ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(၁) မွေးဖွားခြင်း သို့မဟုတ် သေဆုံးခြင်းတို့နှင့်စပ်လျဉ်း၍ အိမ်ရှင်ကဖြစ်စေ၊ ယင်းအိမ်တွင် နေထိုင်သော အရွယ်ရောက်သူတစ်ဦးဦးကဖြစ်စေ မွေးဖွားသည့် သို့မဟုတ် သေဆုံးသည့် နေ့ရက်မှ သုံးရက်အတွင်း တိုင်ကြားရန် ညွှန်ကြားခြင်းနှင့် ကြီးကြပ်ခြင်း၊

(၂) မွေးဖွားကြောင်း လာရောက်တိုင်တန်းလျှင် မှတ်ပုံတင်စာအုပ်တွင် ရေးသွင်းထားပြီး သက်ဆိုင်ရာ ကျန်းမာရေးဌာနသို့ အကြောင်းကြားခြင်း၊

(၃) သေဆုံးကြောင်း တိုင်တန်းချက်ရရှိလျှင် မှတ်ပုံတင်စာအုပ်တွင် ရေးသွင်းထားပြီး သက်ဆိုင်ရာ ကျန်းမာရေးဌာနသို့ အကြောင်းကြားခြင်း၊

(၄) ကျန်းမာရေးဌာနမှ ပြုစုထားသော မွေးဖွားမှုနှင့် သေဆုံးမှုစာရင်းများကို ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးထံသို့ ပေးပို့တင်ပြခြင်း၊

(၅) လကုန်ရက်အထိ ကောက်ခံရရှိသော မွေးဖွားမှုနှင့် သေဆုံးမှု စာရင်းများအား စိစစ်ပြီး လစဉ် လဆန်းတစ်ရက်နေ့တွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့လိပ်မူ၍ ပြည်သူ့ ကျန်းမာရေးဦးစီးဌာနနှင့် ဗဟိုစာရင်းအင်းအဖွဲ့သို့ မိတ္တူပေးပို့တင်ပြခြင်း။

၂။ ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ ၆ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၄/၂၀၂၀ ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်ပါသည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်ကြော်ငြာစာအမှတ် (၃၂၈/၂၀၂၁)**

၁၃၈၃ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၈ ရက်

(၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၁၃ ရက်)

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာ မာလာမျိုးညွန့်ကို နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်ကြော်ငြာစာအမှတ် (၃၂၉/၂၀၂၁)**

၁၃၈၃ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၉ ရက်

(၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၁၄ ရက်)

**အလုပ်အကိုင်နှင့် ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေးဗဟိုအဖွဲ့ ပြင်ဆင်ဖွဲ့စည်းခြင်း**

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အလုပ်အကိုင်နှင့် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးဥပဒေ ပုဒ်မ ၆ အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ **အလုပ်အကိုင်နှင့် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေး ဗဟိုအဖွဲ့** ကို အောက်ပါအတိုင်း ပြင်ဆင်ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | ပြည်ထောင်စုဝန်ကြီး<br>အလုပ်သမားဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ပြည်ထောင်စုဝန်ကြီး<br>စက်မှုဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ(၁) |
| (ဂ) | ပြည်ထောင်စုဝန်ကြီး<br>ပညာရေးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ(၂) |
| (ဃ) | ပြည်ထောင်စုဝန်ကြီး<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | ပြည်ထောင်စုဝန်ကြီး<br>သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | ပြည်ထောင်စုဝန်ကြီး<br>လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန | အဖွဲ့ဝင် |

| | | |
|---|---|---|
| (ဆ) | ပြည်ထောင်စုဝန်ကြီး<br>သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇ) | ပြည်ထောင်စုဝန်ကြီး<br>ကျန်းမာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဈ) | ပြည်ထောင်စုဝန်ကြီး<br>ဆောက်လုပ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ည) | ပြည်ထောင်စုဝန်ကြီး<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဋ) | ပြည်ထောင်စုဝန်ကြီး<br>ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဌ) | မြို့တော်ဝန်<br>နေပြည်တော်စည်ပင်သာယာရေးကော်မတီ | အဖွဲ့ဝင် |
| (ဍ) | ဒုတိယဝန်ကြီး<br>နယ်စပ်ရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဎ) | ဒုတိယဝန်ကြီး<br>ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဏ) | မြို့တော်ဝန်<br>ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ | အဖွဲ့ဝင် |
| (တ) | မြို့တော်ဝန်<br>မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ | အဖွဲ့ဝင် |
| (ထ) | သက်ဆိုင်ရာဝန်ကြီး<br>တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့အားလုံး | အဖွဲ့ဝင် |
| (ဒ) | ဥက္ကဋ္ဌ<br>ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့်<br>စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် | အဖွဲ့ဝင် |
| (ဓ) | ဥက္ကဋ္ဌ<br>မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း | အဖွဲ့ဝင် |
| (န) | ဥက္ကဋ္ဌ<br>မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ် | အဖွဲ့ဝင် |
| (ပ) | ကိုယ်စားလှယ်<br>အလုပ်သမားအဖွဲ့အစည်း | အဖွဲ့ဝင် |
| (ဖ) | ဒုတိယဝန်ကြီး<br>အလုပ်သမားဝန်ကြီးဌာန | အတွင်းရေးမှူး |
| (ဗ) | ညွှန်ကြားရေးမှူးချုပ်<br>အလုပ်သမားညွှန်ကြားရေးဦးစီးဌာန<br>အလုပ်သမားဝန်ကြီးဌာန | တွဲဖက်အတွင်းရေးမှူး |

၂။  ၂၀၁၃ ခုနှစ်၊ အလုပ်အကိုင်နှင့် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးဥပဒေ ပုဒ်မ ၇ အရ အလုပ်အကိုင်နှင့် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးဗဟိုအဖွဲ့က အောက်ပါလုပ်ငန်းတာဝန်များနှင့်စပ်လျဉ်း၍ မူဝါဒ ချမှတ်ပေးရမည်-

(က) အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးခြင်း၊

(ခ) အလုပ်လက်မဲ့များ နည်းပါးစေရန် ဆောင်ရွက်ခြင်း၊

(ဂ) အလုပ်သမားများ၏ စည်းကမ်းနှင့် စွမ်းဆောင်ရည်မြှင့်တင်ပေးရန် ဆောင်ရွက်ခြင်း၊

(ဃ) အလုပ်သမားများ၏ ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ခြင်း၊

(င) အလုပ်အကိုင်နှင့် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့တို့ကို ဖွဲ့စည်းခြင်းနှင့် လမ်းညွှန်ခြင်း။

၃။  ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ ၈ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၀၈/၂၀၁၅ ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

## အမိန့်ကြော်ငြာစာအမှတ် (၃၃၀/၂၀၂၁)

၁၃၈၃ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၀ ရက်
(၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်)

### ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းဆိုင်ရာ ဗဟိုအဖွဲ့ ပြင်ဆင်ဖွဲ့စည်းခြင်း

၁။  နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းဆိုင်ရာ ပြင်ဆင်သည့်ဥပဒေပုဒ်မ ၄၊ ပုဒ်မခွဲ (ဂ) အရ **ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းဆိုင်ရာ ဗဟိုအဖွဲ့** ကို အောက်ပါအတိုင်း ပြင်ဆင်ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | ပြည်ထောင်စုဝန်ကြီး<br>ကျန်းမာရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ဒုတိယဝန်ကြီး<br>ကျန်းမာရေးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | ရဲချုပ်<br>မြန်မာနိုင်ငံရဲတပ်ဖွဲ့<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | အတွင်းရေးမှူး<br>နေပြည်တော်စည်ပင်သာယာရေးကော်မတီ | အဖွဲ့ဝင် |
| (င) | အတွင်းရေးမှူး<br>ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ | အဖွဲ့ဝင် |

| | | |
|---|---|---|
| (စ) | အတွင်းရေးမှူး<br>မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ | အဖွဲ့ဝင် |
| (ဆ) | အမြဲတမ်းအတွင်းဝန်<br>ကျန်းမာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇ) | ညွှန်ကြားရေးမှူးချုပ်<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဈ) | ညွှန်ကြားရေးမှူးချုပ်<br>မီးသတ်ဦးစီးဌာန<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ည) | ညွှန်ကြားရေးမှူးချုပ်<br>ပြည်တွင်းအခွန်များဦးစီးဌာန<br>စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဋ) | ဦးဆောင်ညွှန်ကြားရေးမှူး<br>လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း<br>လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဌ) | ညွှန်ကြားရေးမှူးချုပ်<br>ကုန်သွယ်ရေးဦးစီးဌာန<br>စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဍ) | ညွှန်ကြားရေးမှူးချုပ်<br>စက်မှုနည်းပညာမြှင့်တင်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန<br>သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဎ) | ညွှန်ကြားရေးမှူးချုပ်<br>ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန<br>ကျန်းမာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဏ) | ညွှန်ကြားရေးမှူးချုပ်<br>အဆောက်အဦဦးစီးဌာန<br>ဆောက်လုပ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (တ) | ဥက္ကဋ္ဌ<br>မြန်မာနိုင်ငံဆေးကောင်စီ | အဖွဲ့ဝင် |
| (ထ) | ဥက္ကဋ္ဌ<br>မြန်မာနိုင်ငံဆေးပညာရှင်အဖွဲ့ | အဖွဲ့ဝင် |
| (ဒ) | ဥက္ကဋ္ဌ<br>မြန်မာနိုင်ငံ သွားနှင့် ခံတွင်းဆိုင်ရာဆေးကောင်စီ | အဖွဲ့ဝင် |
| (ဓ) | ဥက္ကဋ္ဌ<br>မြန်မာနိုင်ငံ သူနာပြုနှင့် သားဖွားကောင်စီ | အဖွဲ့ဝင် |

( န ) ညွှန်ကြားရေးမှူးချုပ် — အတွင်းရေးမှူး
ကုသရေးဦးစီးဌာန
ကျန်းမာရေးဝန်ကြီးဌာန

( ပ ) ဒုတိယညွှန်ကြားရေးမှူးချုပ် (ကုသရေး) — တွဲဖက်အတွင်းရေးမှူး
ကုသရေးဦးစီးဌာန
ကျန်းမာရေးဝန်ကြီးဌာန

၂။ ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၁၇ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၄/၂၀၁၇ ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

**အမိန့်ကြော်ငြာစာအမှတ် (၃၃၁/၂၀၂၁)**

၁၃၈၃ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၀ ရက်
(၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်)

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးအား ဝန်ထမ်းအဖြစ်မှ ထုတ်ပစ်ခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန၊ အဆင့်မြင့်သိပ္ပံနှင့် နည်းပညာဦးစီးဌာန၊ နည်းပညာတက္ကသိုလ် (ရတနာပုံဆိုက်ဘာစီးတီး) ပါမောက္ခချုပ် ဒေါက်တာအောင်ဝင်း အား ယနေ့မှစ၍ ဝန်ထမ်းအဖြစ်မှ ထုတ်ပစ်လိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

**အမိန့်ကြော်ငြာစာအမှတ် (၃၃၂/၂၀၂၁)**

၁၃၈၃ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၁ ရက်
(၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၁၆ ရက်)

**တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ ဖွဲ့စည်းခြင်း**

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဥပဒေပုဒ်မ ၄၊ ပုဒ်မခွဲ (က) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ **တိရစ္ဆာန်**

**ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ** ကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | ပြည်ထောင်စုဝန်ကြီး<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ဒုတိယဝန်ကြီး<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | ညွှန်ကြားရေးမှူးချုပ်<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ညွှန်ကြားရေးမှူးချုပ်<br>အကောက်ခွန်ဦးစီးဌာန<br>စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | ညွှန်ကြားရေးမှူးချုပ်<br>စိုက်ပျိုးရေးဦးစီးဌာန<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | ညွှန်ကြားရေးမှူးချုပ်<br>လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | ညွှန်ကြားရေးမှူးချုပ်<br>ငါးလုပ်ငန်းဦးစီးဌာန<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇ) | ညွှန်ကြားရေးမှူးချုပ်<br>ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန<br>သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဈ) | ညွှန်ကြားရေးမှူးချုပ်<br>သစ်တောဦးစီးဌာန<br>သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ည) | ညွှန်ကြားရေးမှူးချုပ်<br>ကုန်သွယ်ရေးဦးစီးဌာန<br>စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဋ) | ညွှန်ကြားရေးမှူးချုပ်<br>အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန<br>ကျန်းမာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဌ) | ဥက္ကဋ္ဌ<br>တိရစ္ဆာန်ဆေးပညာကောင်စီ | အဖွဲ့ဝင် |

(ဍ) ဥက္ကဋ္ဌ
မြန်မာနိုင်ငံတိရစ္ဆာန်ဆေးကုဆရာဝန်များအသင်း — အဖွဲ့ဝင်

(ဎ) ဥက္ကဋ္ဌ
မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ် — အဖွဲ့ဝင်

(ဏ) ဥက္ကဋ္ဌ
မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် — အဖွဲ့ဝင်

(တ) တိရစ္ဆာန်ဆေးပညာရပ်ဆိုင်ရာ ကျွမ်းကျင်သူတစ်ဦး — အဖွဲ့ဝင်

(ထ) မွေးမြူရေးပညာရပ်ဆိုင်ရာ ကျွမ်းကျင်သူတစ်ဦး — အဖွဲ့ဝင်

(ဒ) ညွှန်ကြားရေးမှူးချုပ်
မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန — အတွင်းရေးမှူး

(ဓ) ဒုတိယညွှန်ကြားရေးမှူးချုပ်
မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန — တွဲဖက်အတွင်းရေးမှူး

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**အမိန့်ကြော်ငြာစာအမှတ် (၃၃၃/၂၀၂၁)**
၁၃၈၃ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၃ ရက်
(၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၁၈ ရက်)

**ပညာရေး၊ ကျန်းမာရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီတွင်**
**အဖွဲ့ဝင် ဖြည့်စွက်ဖွဲ့စည်းခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၂၀၂၁ ခုနှစ်၊ ဩဂုတ်လ ၁၃ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၂၃၄/ ၂၀၂၁ ဖြင့် ဖွဲ့စည်းခဲ့သည့် **ပညာရေး၊ ကျန်းမာရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ** တွင် အမြဲတမ်းအတွင်းဝန်၊ နိုင်ငံခြားရေးဝန်ကြီးဌာန အား အဖွဲ့ဝင်အဖြစ် ဖြည့်စွက်ဖွဲ့စည်းလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုတရားလွှတ်တော်ချုပ်

**အမိန့်ကြော်ငြာစာအမှတ် (၇၈၂/၂၀၂၁)**

၁၃၈၃ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၅ ရက်

(၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၂၅ ရက်)

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၆၄ နှင့်အညီ မင်းဘူးမြို့နယ်တရားရုံးမှ ဒုတိယတန်းရာဇဝတ်အာဏာရ ဒုတိယမြို့နယ်တရားသူကြီး ဒေါ်ပြည့်ပြည့်ဖြိုးငြိမ်း (တ/၃၆၂၈) အား ပထမတန်းရာဇဝတ်အာဏာနှင့် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၁၀၈၊ ၁၁၀၊ ၁၄၃၊ ၁၈၆၊ ၁၉၀၊ ၁၉၂၊ ၂၆၀၊ ၄၀၇၊ ၅၂၄ တို့အရ စစ်ဆေးနိုင်သည့် ရာဇဝတ်အာဏာအပ်နှင်းလိုက်သည်။

ထွန်းထွန်းဦး
ပြည်ထောင်စုတရားသူကြီးချုပ်
ပြည်ထောင်စုတရားလွှတ်တော်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုတရားလွှတ်တော်ချုပ်

**အမိန့်ကြော်ငြာစာအမှတ် (၇၈၃/၂၀၂၁)**

၁၃၈၃ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၅ ရက်

(၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၂၅ ရက်)

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၆၄ နှင့်အညီ အောက်ဖော်ပြပါ ပထမတန်းရာဇဝတ်အာဏာရ မြို့နယ်တရားသူကြီးများအား ၎င်းတို့အမည်နှင့် ယှဉ်တွဲဖော်ပြထားသော မြို့နယ်တရားရုံးများတွင် မြို့နယ်တရားသူကြီးတာဝန် ထမ်းဆောင်နေစဉ်ကာလအတွင်း ကျင့်သုံးနိုင်ရန်အလို့ငှာ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၃၀ အရ အထူးရာဇဝတ်အာဏာ အပ်နှင်းလိုက်သည်-

| **အမှတ်စဉ်** | **အမည်နှင့် ကိုယ်ပိုင်အမှတ်** | **တာဝန်ထမ်းဆောင်သည့် မြို့နယ်တရားရုံး** |
|---|---|---|
| ၁။ | ဦးရဲနိုင်ထွန်း<br>တ/၃၁၇၄ | ကသာ<br>စစ်ကိုင်းတိုင်းဒေသကြီး |
| ၂။ | ဦးအောင်ထွန်းငြိမ်း<br>တ/၃၄၁၄ | မြေပုံ<br>ရခိုင်ပြည်နယ် |

ထွန်းထွန်းဦး
ပြည်ထောင်စုတရားသူကြီးချုပ်
ပြည်ထောင်စုတရားလွှတ်တော်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**အခွန်အယူခံခုံအဖွဲ့**

**၂၀၁၉ ခုနှစ်၊ ဝင်ငွေခွန်ဒုတိယအယူခံမှုအမှတ် – ၃**

| **လျှောက်ထားသူ** | | **လျှောက်ထားခံရသူ** |
|---|---|---|
| Capital Consumer Limited<br>အမှတ် (၉)၊ ယောမင်းကြီးလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ (ကုမ္ပဏီ၏ကိုယ်စားလှယ်– ဦးအောင်မျိုးမြတ် (Managing Director), [၉/ခအဇ (နိုင်) ၀၀၀၉၃၉] | နှင့် | အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံး (LTO–3)<br>ပြည်တွင်းအခွန်များဦးစီးဌာန |
| လျှောက်ထားသူအတွက်လိုက်ပါဆောင်ရွက်သည့်ပုဂ္ဂိုလ် | – | ဒေါ်နေရည်လင်း<br>(တရားလွှတ်တော်ရှေ့နေ) |
| လျှောက်ထားခံရသူအတွက်လိုက်ပါဆောင်ရွက်သည့်ပုဂ္ဂိုလ် | – | ဦးကျော်လွင်ဦး၊ ညွှန်ကြားရေးမှူး<br>ပြည်တွင်းအခွန်များဦးစီးဌာန<br>(ဌာနဆိုင်ရာကိုယ်စားလှယ်) |
| အမိန့်ချမှတ်သည့်ရက်စွဲ | – | ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၁၁ ရက် |

**စီရင်ချက်**

အမှုအကြောင်းအရာမှာ ပြည်တွင်းအခွန်များဦးစီးဌာန၊ အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံးမှ အခွန်စာရင်းစစ်ဆေးရေးအဖွဲ့၏ စာရင်းစစ်ဆေးတွေ့ရှိချက်ဖြစ်သည့် ၂၈–၁၁–၂၀၁၇ ရက်စွဲပါ Notification of Audit Result (LTO–3) အရ အခွန်ထမ်းမှတ်ပုံတင်အမှတ် ၁၄၉၅၇၃၉၇၆ ဖြင့် အခွန်ထမ်းဆောင်လျက်ရှိသော Capital Consumer Limited ကုမ္ပဏီ၏ ၂၀၁၄–၂၀၁၅ ဘဏ္ဍာနှစ်အတွက် အခြေပစ္စည်းမှမြတ်စွန်းငွေ ကြေညာလွှာ တင်ပြထားမှုမရှိခဲ့သည့်အပေါ် စာရင်းစစ်ဆေးမှုအရ အခြေပစ္စည်းမှမြတ်စွန်းငွေ ကျပ် (၁၅၃,၀၃၂,၇၃၀) အဖြစ် စစ်ဆေးတွေ့ရှိခဲ့သည့်အတွက် အခွန်ပမာဏ ကျပ် (၁၅,၃၀၃,၂၇၃) အဖြစ် သတ်မှတ်တောင်းခံခဲ့ပါသည်။ ယင်းစည်းကြပ်မှုကို အခွန်ထမ်းက မကျေနပ်သဖြင့် ၉–၂–၂၀၁၈ ရက်နေ့တွင် အခွန်ထမ်းကြီးများဆိုင်ရာ အခွန်ရုံးဌာနမှူးထံ ပထမအယူခံဝင်ခဲ့သော်လည်း မူလအမိန့်ကို အတည်ပြုပြီး အယူခံမှုကို ပလပ်ခဲ့ပါသည်။ ပထမအယူခံအမိန့်ကို အခွန်ထမ်းက မကျေနပ်သဖြင့် အခွန်အယူခံခုံအဖွဲ့သို့ ၂၅–၄–၂၀၁၉ ရက်နေ့တွင် လျှောက်ထားသူ Capital Consumer Limited ၏ Managing Director ဦးအောင်မျိုးမြတ် (ကိုယ်စား) တရားလွှတ်တော်ရှေ့နေ ဒေါ်နေရည်လင်း က ဒုတိယအယူခံမှုအဖြစ် တင်သွင်းသောအမှုဖြစ်ပါသည်။

အခွန်အယူခံခုံအဖွဲ့သည် ၂၀–၁၁–၂၀၁၉ ရက်နေ့တွင် နှစ်ဖက်ပုဂ္ဂိုလ်များ၏ လျှောက်လဲတင်ပြချက်များကို လက်ခံကြားနာခဲ့ရာတွင် လျှောက်ထားသူကိုယ်စား တရားလွှတ်တော်ရှေ့နေ ဒေါ်နေရည်လင်း က လျှောက်လဲတင်ပြရာ၌ Capital Consumer Limited သည် ၂၀၁၅–၂၀၁၆ ဘဏ္ဍာနှစ်တွင် အဓိကလုပ်ငန်းဖြစ်သော ဆပ်ပြာလုပ်ငန်းကို မိသားစုပိုင်လုပ်ငန်းမှ တူဖြစ်သူ ဦးအောင်မျိုးမြတ်ထံသို့ လွှဲပြောင်းပေးခဲ့ပြီး လုပ်ငန်းနှင့်ဆက်စပ်နေသော မတည်ပစ္စည်းများ၊ ပေးရန်နှင့် ရရန်ရှိသည်များကို လွှဲပေးခဲ့ပါကြောင်း၊ ကုမ္ပဏီအနေဖြင့် ၂၀၁၃–၂၀၁၄ ဘဏ္ဍာနှစ်မှလွဲ၍ ကျန်နှစ်များတွင် အရှုံးနှင့်ရင်ဆိုင်ခဲ့ရသော ကုမ္ပဏီ

ဖြစ်ပါကြောင်း၊ ထို့အပြင် ကုမ္ပဏီ၏အရောင်းပမာဏနှင့် မတည်ရင်းနှီးငွေသည် အခွန်ထမ်းကြီးများ စာရင်းတွင် ပါဝင်နိုင်သည့်အခြေအနေမရှိသော်လည်း နိုင်ငံတော်မှ အကောင်အထည်ဖော်နေသော အခွန်ဆိုင်ရာ ပြုပြင်ပြောင်းလဲရေးနှင့် SAS စနစ်အား ယုံကြည်အားကိုး၍ မိမိတို့ဆန္ဒအလျောက် ပြောင်းရွှေ့အစစ်ဆေး ခံခဲ့ခြင်းဖြစ်ပါကြောင်း၊ အခွန်ထမ်းကုမ္ပဏီအနေဖြင့် အချင်းဖြစ်စည်းကြပ်နှစ် ရောင်းအားအနေအထားအရ အလယ်အလတ်အခွန်ထမ်းများဆိုင်ရာ အခွန်ရုံး MTO လက်အောက်တွင်သာ ရှိရမည်ဖြစ်ပါကြောင်း၊ သို့သော် အဆိုပါနှစ်တွင် အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံး LTO ၏ ပထမဆုံးအသွင်ကူးပြောင်းကာလ ဖြစ်ခြင်း၊ LTO အနေဖြင့် ကုမ္ပဏီများမှ တင်ပြလာသောစာရင်းများသည် အမှန်စာရင်းများဖြစ်ပါက လက်ခံပေးသည်ဟုဆိုခြင်း၊ မိမိတို့၏အမှန်စာရင်းများတင်ပြလိုခြင်း၊ LTO ကို ယုံကြည်အားကိုးခြင်း စသည့် အချက်များကြောင့် MTO မှ LTO သို့ မိမိတို့ဆန္ဒဖြင့်ရွှေ့လာခြင်းသာဖြစ်ပါကြောင်း၊ OAS စနစ်ဟောင်းမှ SAS စနစ်သစ်သို့ စတင်ကူးပြောင်းချိန်တွင် အမှန်ကိုပြုပြင်နေသည့် အခွန်ထမ်းအပေါ် ယခုကဲ့သို့ အခွန်ငွေ မစည်းကြပ်သင့်ပါကြောင်း၊ ယခင် OAS စနစ်တွင် စည်းကြပ်မှုခံယူသောအခါ ကုမ္ပဏီအမည်ပေါက် မဟုတ်ပါက Fixed Assests စာရင်းတွင် လက်မခံခဲ့ဘဲ ယခု SAS စနစ်ဖြင့် စည်းကြပ်မှုခံယူသောအခါ ကုမ္ပဏီ၏အသုံးစရိတ်အမှန်ဖြစ်ပါက ခွင့်ပြုသည့်အတွက် အခွန်ထမ်းကုမ္ပဏီ၏ ယခင်ကတည်းက ပိုင်ဆိုင်မှုစာရင်းများကို Fixed Assests စာရင်းတွင် ထည့်သွင်းခဲ့ပါကြောင်း၊ သို့သော် အခွန်ထမ်းကြီးများ ဆိုင်ရာအခွန်ရုံးသည် အခြေပစ္စည်းများကိုဘဏ္ဍာရေးရှင်းတမ်းတွင် ဖော်ပြထားသော ရောင်းချစဉ်ကာလရှိ Net Book Value များအပေါ်တွင် ၁၀ ရာခိုင်နှုန်းအမြတ်ဖြင့် တွက်ချက်စည်းကြပ်ထားခြင်းကြောင့် အခွန်ထမ်း၏ယုံကြည်ကိုးစားမှုကို ပျက်ပြားစေပါကြောင်း၊ အခွန်ထမ်းသည် အခြေပစ္စည်းမှ မြတ်စွန်းငွေ ကြေညာလွှာကို တင်သွင်းခဲ့ပါလျက် ကုမ္ပဏီအပေါ် ကြေညာလွှာတင်သွင်းထားခြင်းမရှိဟု ဆိုခြင်းမှာလည်း မှန်ကန်မှုမရှိပါကြောင်း၊ ထိုသို့အခွန်ထမ်းသည် မူရင်းကုန်ကျစရိတ်အတွက် ခိုင်လုံသောအထောက် အထားကိုတင်ပြနိုင်ခြင်းမရှိ၍ မူလတန်ဖိုးကို တိကျစွာမသိနိုင်လျှင် ယင်းပစ္စည်းကို ရယူခဲ့သည့်အချိန်၌ ပေါ်ပေါက်သောကာလတန်ဖိုးကို ယင်းအခြေပစ္စည်းမူလတန်ဖိုးအဖြစ် မှတ်ယူရမည်ဟု ဝင်ငွေခွန်နည်းဥပဒေ ၅ (ဃ) တွင် ပြဋ္ဌာန်းထားပါကြောင်း၊ ထို့အပြင် ဝင်ငွေခွန်နည်းဥပဒေ ၅ (င) တွင် ပြဋ္ဌာန်းထားသည်မှာ “အခြေပစ္စည်းတစ်ခုခုသည် ၁၉၈၇ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မတိုင်မီ အခွန်ထမ်းပိုင်ဖြစ်ခဲ့လျှင် မူလ တန်ဖိုးကို အဆိုပါနေ့ရက်၌ ပေါ်ပေါက်သော ယင်းပစ္စည်း၏ ကာလတန်ဖိုးဟု မှတ်ယူရမည်” ဟု ပြဋ္ဌာန်းထားပါကြောင်း၊ အခွန်ထမ်းကုမ္ပဏီသည် ဒုတိယအယူခံလျှောက်ထားလို၍ အခွန်ထမ်းကြီးများ ဆိုင်ရာအခွန်ရုံးသို့ ၁၂-၃-၂၀၁၉ ရက်စွဲဖြင့် ပထမအယူခံ၏ ထွက်ဆိုချက်မှတ်တမ်းများ၊ စာရင်းစစ်ဆေးသည့် ကာလအတွင်း အစည်းအဝေးမှတ်တမ်းများ၊ တင်သွင်းခဲ့သော ဝင်ငွေခွန်ကြေညာလွှာ၊ ကုန်သွယ်လုပ်ငန်းခွန် ကြေညာလွှာ၊ အခြေပစ္စည်းမှမြတ်စွန်းငွေ ကြေညာလွှာများနှင့်အတူ နောက်ဆက်တွဲအထောက်အထားများ၊ အခွန်စာရင်းစစ်အဖွဲ့သို့ တင်ပြသည့် အထောက်အထားစာရွက်စာတမ်းများ၏ မိတ္တူ Certified Copy များ ထုတ်ယူခွင့် လျှောက်ထားသော်လည်း ယခုရုံးတော်သို့ အယူခံတင်သည့်နေ့အထိ ထုတ်ပေးခြင်းမရှိပါကြောင်း၊ အခွန်အယူခံခုံအဖွဲ့ရုံးမှ အမှုတွဲတောင်းယူကြည့်ရှုချိန်တွင် အခွန်ထမ်းအား အမှုတွဲကြည့်ရှုခွင့်ပေးပါရန်နှင့် နောက်တိုးအယူခံအကြောင်းပြချက်များ တင်ပြခွင့်ပြုပါရန် လျှောက်ထားအပ်ပါကြောင်း၊ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၁၅ (ခ) တွင် “ မည်သူအားမဆို နှစ်တစ်နှစ်အတွင်း အခွန်စည်းကြပ်ထိုက်သော စုစုပေါင်းဝင်ငွေ သို့မဟုတ် အခြေပစ္စည်းမှမြတ်စွန်းငွေရှိသည်ဟု ယူဆလျှင် မြို့နယ်အခွန်ဦးစီးဌာနမှူးသည် ရရှိထားသည့် သတင်းအချက်အလက်များအပေါ် အခြေပြုလျက် ဝင်ငွေခွန်ပေးဆောင်ရန်တောင်းခံနိုင်သည်” ဟု ပြဋ္ဌာန်း ထားသောကြောင့် အခွန်ထမ်းသည် အခွန်စည်းကြပ်ထိုက်သော စုစုပေါင်းဝင်ငွေရှိသည်ဟု ယူဆလျှင် မြို့နယ်အခွန်ဦးစီးဌာနမှူးမှ ဝင်ငွေခွန်တောင်းခံနိုင်ပါကြောင်း၊ သို့သော် အယူခံသူအခွန်ထမ်းကုမ္ပဏီသို့ မြို့နယ်အခွန်ဦးစီးဌာနမှူးမှလည်း ဝင်ငွေခွန်တောင်းခံခဲ့ခြင်းမရှိပါကြောင်း၊ အယူခံအမိန့်တွင် “အခွန်ထမ်းသည်

စည်းကြပ်မှုပြုလုပ်ခဲ့သော အခြေပစ္စည်းနှင့်စပ်လျဉ်းသည့် ခိုင်လုံသောအထောက်အထားများကို အခွန်စာရင်းစစ်ဆေးမှုပြုစဉ်က မတင်ပြနိုင်သည့်အပြင် အယူခံမှုကြားနာသည့်အခါတွင်လည်း တင်ပြနိုင်ခြင်းမရှိ” ဟူသော အကြောင်းပြချက်ဖြင့် အခွန်ထမ်းအား ၁၉၇၄ ခုနှစ်၊ ဝင်ငွေခွန်ဥပဒေပုဒ်မ ၁၃ နှင့် ၂၀၁၄ ခုနှစ်၊ ပြည်ထောင်စု၏အခွန်အကောက်ဥပဒေပုဒ်မ ၂၉ တို့အရ အခွန်စာရင်းစစ်ဆေးရေးအဖွဲ့မှ စည်းကြပ်ဆောင်ရွက်ခဲ့ခြင်းမှာ ဥပဒေနှင့်အညီ ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်ဟု လွဲမှားစွာသုံးသပ်ထားပါကြောင်း၊ ဝင်ငွေခွန်ဥပဒေပုဒ်မ ၅၃ တွင် အခွန်တစ်ရပ်ရပ်ထမ်းဆောင်ရန်ရှိသောအခါ အခွန်တောင်းခံလွှာကို စည်းမျဉ်းများအရ ပြဋ္ဌာန်းထားသည့်ပုံစံဖြင့် ထမ်းဆောင်ရန်ရှိသောအခွန်ကိုဖော်ပြလျက် အခွန်ထမ်းထံသို့ ပေးပို့အတည်ပြုရမည်ဟုပြဋ္ဌာန်းထားပါကြောင်း၊သို့ရာတွင်အချင်းဖြစ်စည်းကြပ်မှုကိုတောင်းခံထားသော အခွန်တောင်းခံလွှာ (LTO-3) သည် ဝင်ငွေခွန်ဥပဒေပုဒ်မ ၅၃ ပါ ပြဋ္ဌာန်းချက်နှင့်အညီ အခွန်စည်းကြပ်တောင်းခံထားခြင်းမရှိသောကြောင့် ဥပဒေနှင့်အညီ ဆောင်ရွက်ခဲ့ခြင်းမဟုတ်ပါကြောင်း၊ နိုင်ငံတော်သို့ စာရင်းအမှန်တင်ပြ၍ အခွန်စည်းကြပ်မှုခံယူလိုသော မိမိတို့ကဲ့သို့ အခွန်ထမ်းများအတွက် အခြေအနေအမှန်ကို မျက်ကွယ်ပြု၍ အခွန်ရရှိရေးကိုသာ ဦးတည်မစဉ်းစားဘဲ အခွန်စည်းကြပ်မှုနှင့် အခွန်ထမ်းတို့အကြားတွင် ဥပဒေနှင့်အညီ နည်းလမ်းတကျ မျှတမှုဖြစ်စေရန် အလေးထားဆောင်ရွက်သင့်ပါကြောင်း၊ သို့ဖြစ်ပါ၍ ၁၉၇၄ ခုနှစ်၊ ဝင်ငွေခွန်ဥပဒေပုဒ်မ ၁၃ နှင့် ၂၀၁၄ ခုနှစ်၊ ပြည်ထောင်စု၏အခွန်အကောက်ဥပဒေပုဒ်မ ၂၉ တို့အရ စည်းကြပ်ဆောင်ရွက်ထားသော အခွန်ငွေကို ပယ်ဖျက်ပေးပါရန်နှင့် မှန်ကန်သော အဆုံးအဖြတ်ပေးသင့်ပါကြောင်း လျှောက်ထားပါသည်။

ထိုသို့ ၂၀-၁၁-၂၀၁၉ ရက်နေ့တွင် ကြားနာခဲ့ပြီးနောက် ၃-၆-၂၀၂၁ ရက်နေ့တွင် အခွန်အယူခံခုံအဖွဲ့မှ ထပ်မံသိရှိလိုသည့်အချက်များ မေးမြန်းချက်များနှင့် အပြီးသတ်လျှောက်လဲချက်အဖြစ် တင်သွင်းရာတွင် ယခင် OAS စနစ်တွင် စည်းကြပ်မှုခံယူသောအခါ ကုမ္ပဏီအမည်ပေါက်မဟုတ်ပါက Fixed Assets စာရင်းတွင် လက်မခံခဲ့ဘဲ ယခု SAS စနစ်ဖြင့် စည်းကြပ်မှုခံယူသောအခါ ကုမ္ပဏီ၏ အသုံးစရိတ်အမှန်ဖြစ်ပါက ခွင့်ပြုသည့်အတွက် အခွန်ထမ်းကုမ္ပဏီ၏ ယခင်ကတည်းက ပိုင်ဆိုင်မှုစာရင်းများကို Fixed Assets စာရင်းတွင် ထည့်သွင်းခဲ့ရခြင်းဖြစ်ပါကြောင်း၊ သို့သော် အခွန်ထမ်းကြီးများဆိုင်ရာ အခွန်ရုံးသည် အခြေပစ္စည်းများကို ဘဏ္ဍာရေးရှင်းတမ်းတွင် ဖော်ပြထားသော ရောင်းချစဉ်ကာလရှိ Net Book Value များအပေါ်တွင် ၁၀ ရာခိုင်နှုန်းအမြတ်ဖြင့် တွက်ချက်စည်းကြပ်ထားခြင်းကြောင့် အခွန်ထမ်း၏ ယုံကြည်ကိုးစားမှုကို ပျက်ပြားစေပါကြောင်း၊ အခွန်ထမ်းသည် အခြေပစ္စည်းမှမြတ်စွန်းငွေ ကြေညာလွှာကို တင်သွင်းခဲ့ပါလျက် ကုမ္ပဏီအပေါ် ကြေညာလွှာတင်သွင်းထားခြင်းမရှိဟု ဆိုခြင်းမှာလည်း မှန်ကန်မှုမရှိပါကြောင်း၊ ထိုသို့ အခွန်ထမ်းသည် မူရင်းကုန်ကျစရိတ်အတွက် ခိုင်လုံသော အထောက်အထားကို တင်ပြနိုင်ခြင်းမရှိ၍ မူလတန်ဖိုးကို တိကျစွာမသိနိုင်လျှင် ယင်းပစ္စည်းကို ရယူခဲ့သည့်အချိန်၌ ပေါ်ပေါက်သောကာလတန်ဖိုးကို အခြေပစ္စည်း၏ မူလတန်ဖိုးအဖြစ် မှတ်ယူရမည်ဖြစ်သည်ဟု ဝင်ငွေခွန် နည်းဥပဒေ ၅၊ နည်းဥပဒေခွဲ (ဃ) တွင် ပြဋ္ဌာန်းထားပါကြောင်း၊ ထို့အပြင် ဝင်ငွေခွန် နည်းဥပဒေ ၅၊ နည်းဥပဒေခွဲ (င) တွင် အခြေပစ္စည်း တစ်ခုခုသည် ၁၉၈၇ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မတိုင်မီ အခွန်ထမ်းအပိုင်ဖြစ်ခဲ့လျှင် မူလတန်ဖိုးကို အဆိုပါ နေ့ရက်၌ ပေါ်ပေါက်သော ယင်းပစ္စည်း၏ ကာလတန်ဖိုးဟု မှတ်ယူရမည်ဟု ပြဋ္ဌာန်းထားပါကြောင်း၊ ထို့ကြောင့် မူရင်းကုန်ကျစရိတ်အတွက် ခိုင်လုံသောမည်သည့်အထောက်အထားကိုမျှ တင်ပြနိုင်ခြင်းမရှိသည့်အတွက် အရောင်းစာချုပ်ပါတန်ဖိုးကို အခြေပစ္စည်းမှမြတ်စွန်းငွေအဖြစ် အခွန်စည်းကြပ်ဆောင်ရွက်ခဲ့သည်ဆိုသော အခွန်ထမ်းကြီးများဆိုင်ရာ အခွန်ရုံး၏ သုံးသပ်ချက်မှာ တစ်ဖက်သတ်ဖြစ်နေသည့်အပြင် ဥပဒေနှင့်အညီ ဆောင်ရွက်ထားခဲ့ခြင်းမဟုတ်သည်ကို တွေ့ရှိနိုင်ပါကြောင်း၊ အခွန်ထမ်းကုမ္ပဏီသည် ပထမအယူခံမှုတွင် သွင်းကုန်ကြေညာလွှာ (၄၁) စောင်လုံးအား တင်သွင်းခဲ့ပြီးဖြစ်ပါကြောင်း၊ အဆိုပါ တင်ပြခဲ့သော သွင်းကုန်ကြေညာလွှာ (၄၁) စုံလုံးတွင် ပါဝင်သော Bill of Lading (BL), Sale Contract, Import Declaration

(ID Form) များမှာ တစ်ခုနှင့်တစ်ခု တူညီသော ဆက်စပ်မှုများရှိနေကြောင်း အထောက်အထားမိတ္တူများ ကြည့်လျှင်သိရှိနိုင်မည်ဖြစ်ပါကြောင်း၊ဝင်ငွေခွန်ဥပဒေပုဒ်မ၁၅(ခ)တွင် မည်သူ့အားမဆိုနှစ်တစ်နှစ်အတွင်း အခွန်စည်းကြပ်ထိုက်သော စုစုပေါင်းဝင်ငွေ သို့မဟုတ် အခြေပစ္စည်းမှ မြတ်စွန်းငွေရှိသည်ဟုယူဆလျှင် မြို့နယ်အခွန်ဦးစီးဌာနမှူးသည် ရရှိသည့်သတင်းအချက်အလက်များအပေါ် အခြေပြုလျက် ဝင်ငွေခွန် ပေးဆောင်ရန် တောင်းခံနိုင်သည်ဟု ပြဋ္ဌာန်းထားသောကြောင့် အခွန်ထမ်းကုမ္ပဏီသည် အခွန်စည်းကြပ် ထိုက်သော စုစုပေါင်းဝင်ငွေရှိသည်ဟုယူဆလျှင် မြို့နယ်အခွန်ဦးစီးဌာနမှူးမှ ဝင်ငွေခွန် တောင်းခံ နိုင်ပါကြောင်း၊ သို့ရာတွင် အယူခံအခွန်ထမ်းကုမ္ပဏီထံသို့ မြို့နယ်အခွန်ဦးစီးဌာနမှူးမှလည်း ဝင်ငွေခွန် တောင်းခံခဲ့ခြင်းမရှိပါကြောင်း၊ ဝင်ငွေခွန်ဥပဒေပုဒ်မ ၅၃ တွင် အခွန်တစ်ရပ်ရပ်ထမ်းဆောင်ရန် ရှိသော အခါ အခွန်တောင်းခံလွှာကို စည်းမျဉ်းများအရ ပြဋ္ဌာန်းထားသောပုံစံဖြင့် ထမ်းဆောင်ရန်ရှိသော အခွန်ကို ဖော်ပြလျက် အခွန်ထမ်းထံသို့ ပေးပို့အတည်ပြုရမည်ဟု ပြဋ္ဌာန်းထားပါကြောင်း၊ သို့ရာတွင် အချင်းဖြစ် စည်းကြပ်မှုကို တောင်းခံထားသော အခွန်တောင်းခံလွှာ LTO – 3 သည် ဝင်ငွေခွန်ဥပဒေပုဒ်မ ၅၃ ပါ ပြဋ္ဌာန်းချက်နှင့်အညီ အခွန်စည်းကြပ်တောင်းခံခြင်းမရှိသောကြောင့် ဥပဒေနှင့်အညီ ဆောင်ရွက်ခဲ့ခြင်း မဟုတ်သည်ကို တွေ့ရှိနိုင်ပါကြောင်း၊ သို့ပါ၍ ၁၉၇၄ ခုနှစ်၊ ဝင်ငွေခွန်ဥပဒေပုဒ်မ ၁၃ နှင့် ၂၀၁၄ ခုနှစ်၊ ပြည်ထောင်စု၏အခွန်အကောက်ဥပဒေပုဒ်မ ၂၉ တို့အရ စည်းကြပ်ဆောင်ရွက်ထားသော အခွန်ငွေကို ပယ်ဖျက်ပေးပါရန်နှင့် မှန်ကန်သောအဆုံးအဖြတ် ပေးသင့်ပါကြောင်း လျှောက်ထားပါသည်။

၃-၆-၂၀၂၁ ရက်နေ့ အခွန်အယူခံခုံအဖွဲ့ရုံးမှ မေးမြန်းခဲ့သော အယူခံလျှောက်ထားသူဘက်မှ တင်သွင်းခဲ့သော ၂၅-၄-၂၀၁၉ နေ့စွဲပါ ဒုတိယအယူခံလွှာ စာမျက်နှာ (၂)၊ အပိုဒ် (၂)၊ စာကြောင်းရေ (၅) နှင့် (၆) တွင် ရေးသားဖော်ပြထားသော အကြောင်းခြင်းရာနှင့်စပ်လျဉ်း၍လည်းကောင်း၊ ၁၇-၁-၂၀၂၀ နေ့စွဲပါ အပြီးသတ်လျှောက်လဲချက် စာမျက်နှာ (၂)၊ အပိုဒ် (၂)၊ စာကြောင်းရေ (၅) နှင့် (၆) တွင် ရေးသားဖော်ပြ ထားသော အကြောင်းခြင်းရာနှင့်စပ်လျဉ်း၍လည်းကောင်း မရှင်းလင်းသည့်အတွက် မေးမြန်းချက်အား ပြန်လည်ဖြေကြားအပ်ပါကြောင်း၊ “အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံးသည် အယူခံကုမ္ပဏီအပေါ် အခြေ ပစ္စည်းမှ မြတ်စွန်းငွေ အခွန်စည်းကြပ်ကောက်ခံရာ၌ ကုမ္ပဏီအခြေပစ္စည်းများ၏ ဘဏ္ဍာရေးရှင်းတမ်းတွင် ဖော်ပြထားသော ရောင်းချစဉ်ကာလရှိရောင်းရငွေမှ မူလတန်ဖိုးကိုနုတ်ပြီး ကျန်သောအမြတ်ငွေအပေါ်တွင် အခွန်စည်းကြပ်ရမည်ဖြစ်သော်လည်း မူလတန်ဖိုးကျန်ရှိနေသည်ကို အသိအမှတ်မပြုဘဲ သုညအဖြစ်ထား၍ ရောင်းချစဉ်ကာလရှိ ရောင်းရငွေအပေါ်တွင်သာ ၁၀ ရာခိုင်နှုန်းအမြတ်ဖြင့် တွက်ချက်စည်းကြပ်ထား ခြင်းကြောင့် အခွန်ထမ်း၏ ယုံကြည်ကိုးစားမှုကို ပျက်ပြားစေသည့်အတွက် မှားယွင်းနေသော စည်းကြပ်ခြင်း အပေါ် ပြန်လည်စည်းကြပ်ခြင်းဖြင့် မှန်ကန်သောအဆုံးအဖြတ်ရရှိပြီး အခွန်ငွေပြင်ဆင်ပယ်ဖျက်နိုင်မည် ဖြစ်ပါကြောင်း လျှောက်ထားပါသည်။

အခွန်အယူခံခုံအဖွဲ့သည် ၂၀-၁၁-၂၀၁၉ ရက်နေ့နှင့် ၃-၆-၂၀၂၁ ရက်နေ့များတွင် နှစ်ဖက်ပုဂ္ဂိုလ် များ၏ လျှောက်လဲတင်ပြချက်များကို လက်ခံကြားနာခဲ့ရာတွင် လျှောက်ထားခံရသူ (ကိုယ်စား) ဌာနဆိုင်ရာ ကိုယ်စားလှယ် ဦးသန်းဦးနှင့် ဦးကျော်လွင်ဦးတို့မှ ချေပလျှောက်လဲတင်ပြရာ၌ လျှောက်ထားသူကုမ္ပဏီသည် ထိုစဉ်က တည်ဆဲဥပဒေဖြစ်သည့် Myanmar Company Act အရ မှတ်ပုံတင်ထားသည့် ကုမ္ပဏီဖြစ်သဖြင့် ယင်းကုမ္ပဏီသည် Legal Person ဖြစ်ပါကြောင်း၊ သို့ဖြစ်ပါ၍ ဥပဒေအရ သီးခြားရပ်တည်ပိုင်ခွင့်ရှိပါကြောင်း၊ ကုမ္ပဏီ၏ မတည်ပိုင်ပစ္စည်း Fixed Assets များကို ကုမ္ပဏီက ၎င်း၏အမည်ဖြင့် ပိုင်ဆိုင်ခွင့်ရှိသည့်အပြင် ပဋိညာဉ်ပြုခွင့်၊ တရားစွဲဆိုခွင့်၊ တရားစွဲဆိုခံပိုင်ခွင့်များလည်းရှိပါကြောင်း၊ ကုမ္ပဏီ၏ ပုံမှန်စာရင်းစာအုပ်များ ထိန်းသိမ်းထားရှိရန် တာဝန်ရှိခြင်းနှင့်စပ်လျဉ်း၍ Myanmar Company Act ပုဒ်မ ၁၃၀ တွင် အောက်ပါ စာရင်းဇယားနှင့်ပတ်သက်၍ ပုံမှန်စာရင်းစာအုပ်များ Proper Books of Account ကို ထိန်းသိမ်းထားရှိ ရမည်ဟု ပြဋ္ဌာန်းထားပါကြောင်း၊ ကုမ္ပဏီမှ ရရှိသုံးစွဲသည့် ငွေအရပ်ရပ်မှစ၍ ငွေရရှိခြင်း၊ သုံးစွဲခြင်းနှင့်

စပ်လျဉ်းသည့် အရေးကိစ္စများ Cash Books ကို ဆိုလိုခြင်းဖြစ်ပါကြောင်း၊ ကုမ္ပဏီက ကုန်ပစ္စည်းများ ရောင်းချမှုနှင့် ဝယ်ယူမှုအရပ်ရပ် ကုန်ရောင်းစာရင်းနှင့် ကုန်ဝယ်စာရင်းများဖြစ်ပါကြောင်း၊ ကုမ္ပဏီပိုင် ပစ္စည်းများနှင့် တာဝန်များကို ထိန်းသိမ်းထားရမည်ဟု ပါရှိပါကြောင်း၊ Myanmar Company Act ပုဒ်မ ၁၃၀ ပါ ပြဋ္ဌာန်းချက်အရ ကုမ္ပဏီ၏ Fixed Assets တွင် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွင်းက ထည့်သွင်းခဲ့သည်ဟု ဆိုသော မတည်ပိုင်ပစ္စည်းများနှင့်ပတ်သက်၍ အထက်ပါစာရင်းစာအုပ်များတွင် မှတ်တမ်းတင်ထားပြီး ဖြစ်ရန်၊ မော်တော်ယာဉ်/မော်တော်ဆိုင်ကယ်များဖြစ်ပါက ကုမ္ပဏီအမည်သို့ ပြောင်းလဲထားပြီးဖြစ်ရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ နှစ်စဉ်ရေးဆွဲသည့် လက်ကျန်ရှင်းတမ်းနှင့် အရှုံးအမြတ်စာရင်းတို့ကို ကုမ္ပဏီ မှတ်ပုံတင်အရာရှိထံ ပေးပို့ရမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ကုမ္ပဏီ၏ Fixed Assets တွင် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွင်းက ထည့်သွင်းခဲ့သည်ဟုဆိုသော မတည်ပိုင်ပစ္စည်းများနှင့်ပတ်သက်သည့် ကိစ္စရပ် များသည် ကုမ္ပဏီမှတ်ပုံတင်အရာရှိထံ နှစ်စဉ်ပေးပို့သည့်စာရင်းများတွင် ပါဝင်ရမည်ဖြစ်ပါကြောင်း၊ သို့ဖြစ်ပါ၍ ယခင် OAS စနစ်တွင် စည်းကြပ်မှုခံယူသောအခါ ကုမ္ပဏီ၏အမည်ပေါက်မဟုတ်ပါက Fixed Assets စာရင်းတွင် လက်မခံခဲ့ဘဲဟူသော လျှောက်ထားသူ၏ တင်ပြချက်နှင့်စပ်လျဉ်း၍ ကုမ္ပဏီမှတ်ပုံတင် အရာရှိထံ နှစ်စဉ်ပေးပို့ရသည့်စာရင်းများကို အထောက်အထားပြု၍ OAS စနစ်တွင် လက်မခံခဲ့သော မတည်အပိုင်ပစ္စည်းများသည် ကုမ္ပဏီ၏ငွေဖြင့် အမှန်ဝယ်ယူပိုင်ဆိုင်ခဲ့ကြောင်း၊ သက်သေထင်ရှားပြနိုင်ရ မည်ဖြစ်ပါကြောင်း၊ သို့ရာတွင် ယင်းသို့သက်သေထင်ရှားပြနိုင်ခဲ့ခြင်းမရှိခဲ့သည့်အပြင် ကုမ္ပဏီ၏ Fixed Assets တွင် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွင်းက ထည့်သွင်းခဲ့သည်ဟုဆိုသော မော်တော်ယာဉ် (၁၁) စီးနှင့် မော်တော်ဆိုင်ကယ် (၄) စီးတို့နှင့်စပ်လျဉ်းသည့် ပိုင်ဆိုင်မှုအထောက်အထားများကို တင်ပြနိုင်မှုမရှိဘဲ ရောင်းချခဲ့သည့် စာချုပ်မိတ္တူများကိုသာ တင်ပြထားပါကြောင်း၊ ၎င်းစာချုပ်များအရ ရောင်းချသူမှာ Capital Consumer Limited ဖြစ်ကြောင်း ဖော်ပြပါရှိသည်မှာ မော်တော်ယာဉ် (၆) စီးသာဖြစ်ကြောင်း၊ ယင်းသို့ဖော်ပြထားသော်လည်း ယင်းမော်တော်ယာဉ် (၆) စီးနှင့်ပတ်သက်၍ Capital Consumer Limited က အမည်ပေါက်ပိုင်ဆိုင်ကြောင်း မော်တော်ယာဉ် စာအုပ်/ဗီးတက်စသည့် ခိုင်လုံသည့်အထောက်အထားများ၊ တင်ပြနိုင်ခြင်းမရှိကြောင်း စိစစ်တွေ့ရှိရပါကြောင်း၊ သို့ဖြစ်ပါ၍ ယခင် OAS စနစ်တွင် စည်းကြပ်မှုခံယူသော အခါ ကုမ္ပဏီ၏ အမည်ပေါက်မဟုတ်ပါက Fixed Assets စာရင်းတွင် လက်မခံခဲ့ဘဲ ယခု SAS စနစ်ဖြင့် စည်းကြပ်မှုခံယူသောအခါ ကုမ္ပဏီ၏အသုံးစရိတ်အမှန်ဖြစ်ပါက ခွင့်ပြုသည့်အတွက် အခွန်ထမ်းကုမ္ပဏီ၏ ယခင်ကတည်းက ပိုင်ဆိုင်မှုစာရင်းများကို Fixed Assets စာရင်းတွင် ထည့်သွင်းခဲ့ပါကြောင်းဟူသော ဖော်ပြချက်နှင့် စပ်လျဉ်း၍ အထက်ပါအချက်များအရ Fixed Assets စာရင်းတွင် ထည့်သွင်းခဲ့သည်ဟုဆိုသော ကုမ္ပဏီပိုင်ဆိုင်မှုစာရင်းများသည် “အခွန်ထမ်းကုမ္ပဏီ၏ ယခင်ကတည်းက ပိုင်ဆိုင်သောစာရင်းများ” ဖြစ်ကြောင်း သက်သေပြရန်တာဝန်သည် လျှောက်ထားသူထံတွင် ကျရောက်သော်လည်း သက်သေထင်ရှား ပြနိုင်ခြင်း မရှိခဲ့ပါကြောင်း၊ အခြေပစ္စည်းမှ မြတ်စွန်းငွေ တွက်ချက်ခြင်းနှင့်စပ်လျဉ်း၍ ဝင်ငွေခွန်နည်းဥပဒေ များ၊ နည်းဥပဒေ ၅၊ နည်းဥပဒေခွဲ (က) တွင် “မည်သူမဆို အခြေပစ္စည်းတစ်ခု သို့မဟုတ် တစ်ခုထက်ပို၍ ရောင်းချခြင်း၊ လဲလှယ်ခြင်း သို့မဟုတ် အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းပြုလုပ်သည့်နှစ်တစ်နှစ် အတွင်း အခြေပစ္စည်း၏ တန်ဖိုးစုစုပေါင်းသည် ပြည်ထောင်စု၏အခွန်အကောက်ဥပဒေအရ သတ်မှတ်သည့် ဝင်ငွေခွန်မစည်းကြပ်ထိုက်သော တန်ဖိုးထက်ပိုမိုသည့်အပြင် မြတ်စွန်းငွေလည်းရှိပါက ဝင်ငွေကြေညာလွှာကို မြို့နယ်အခွန်ဦးစီးဌာနမှူးထံ သက်ဆိုင်ရာအခြေပစ္စည်း ရောင်းချခြင်း၊ လဲလှယ်ခြင်း သို့မဟုတ် အခြား တစ်နည်းနည်းဖြင့်လွှဲပြောင်းခြင်းပြုသည့်နေ့မှရက်ပေါင်း (၃၀)အတွင်းပေးပို့ရမည်”ဟုပြဋ္ဌာန်းထားပါကြောင်း၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွင်း ကုမ္ပဏီက မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်နှင့် Aircon များ ရောင်းချခြင်းအတွက် ဝင်ငွေကြေညာလွှာကို ၎င်း၏သဘောအရ တင်သွင်းခြင်းမဟုတ်ဘဲ LTO Audit က စစ်ဆေးတွေ့ရှိသည့်အတွက် ၂၀၁၆ ခုနှစ်၊ ဩဂုတ်လမှ တင်သွင်းခဲ့သဖြင့် အချိန်မီတင်သွင်းခဲ့ခြင်းမရှိသည်မှာ

အငြင်းမထွက်နိုင်အောင် ထင်ရှားပြီးဖြစ်ပါကြောင်း၊ ယင်းသို့ကြေညာလွှာကို အချိန်မီတင်သွင်းမှုမရှိခြင်းသည် ကြေညာလွှာလုံးဝတင်သွင်းမှုမရှိခြင်းနှင့် အလားတူပင် ဝင်ငွေခွန် နည်းဥပဒေများ၊ နည်းဥပဒေ ၅၊ နည်းဥပဒေခွဲ (က) ပါ ပြဋ္ဌာန်းချက်ကို လိုက်နာရန် ပျက်ကွက်ခြင်းပင်ဖြစ်ပါကြောင်း၊ ဝင်ငွေခွန် နည်းဥပဒေ ၅ ပါ ပြဋ္ဌာန်းချက်အရ အခြေပစ္စည်းမှ မြတ်စွန်းငွေတွက်ချက်ခြင်းနှင့်စပ်လျဉ်း၍ အခြေပစ္စည်းမှ မြတ်စွန်းငွေ ရရှိသူအား သက်ဆိုင်ရာဝင်ငွေနှစ်အတွင်း အခွန်စည်းကြပ်ရမည်ဖြစ်ပါကြောင်း၊ ယင်းသို့ စည်းကြပ်ရာတွင် ယင်းဝင်ငွေနှစ်အတွင်း တည်ဆဲအခွန်နှုန်းများဖြင့် အခွန်တွက်ချက်တောင်းခံရမည်ဖြစ်ပါကြောင်း၊ အခြေပစ္စည်းမှမြတ်စွန်းငွေကို သတ်မှတ်ရာတွင် သက်ဆိုင်ရာအခြေပစ္စည်းကို ရောင်းချခြင်း၊ လဲလှယ်ခြင်း သို့မဟုတ် အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းပြုသည့် တန်ဖိုးအပြည့်မှ နုတ်ပယ်ပေးရမည့် ကုန်ကျစရိတ်များမှာ အခြေပစ္စည်းအတွက် အမှန်ကုန်ကျခဲ့သည့်မူလတန်ဖိုး၊ ယင်းပစ္စည်းကို ဖြည့်စွက်ခြင်းအတွက် ကုန်ကျသည့်မတည်စရိတ်များ၊ အထက်ပါစရိတ်တို့ကိုပေါင်းပြီး ထိုတန်ဖိုးစုစုပေါင်းမှ ယင်းပစ္စည်းနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ အခွန်ထမ်းအား ဥပဒေအရ ခွင့်ပြုထားပြီးဖြစ်သော စုစုပေါင်းတန်ဖိုးလျော့ငွေကို နုတ်ပယ်၍ ကျန်ရှိသော အသားတင်တန်ဖိုး၊ အခြေပစ္စည်းကိုရယူရာတွင်လည်းကောင်း၊ ရောင်းချခြင်း၊ လဲလှယ်ခြင်း သို့မဟုတ် အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းပြုရာတွင်လည်းကောင်း၊ ကုန်ကျသည့် စရိတ်များကိုလည်း နုတ်ပယ်ပေးရမည်ဖြစ်ပါကြောင်း၊ အခွန်ထမ်းက သက်ဆိုင်ရာပစ္စည်းကို ရယူခဲ့ရာတွင် အမှန်ကုန်ကျသည့် မူလတန်ဖိုးကိုတိကျစွာမသိနိုင်လျှင်ဖြစ်စေ၊ ယင်းပစ္စည်းကိုအမွေဆက်ခံခြင်း သို့မဟုတ် မေတ္တာအလျောက်ပေးကမ်းခြင်းဖြင့် ရယူခဲ့လျှင်ဖြစ်စေ၊ ယင်းပစ္စည်းရယူသည့်အချိန်၌ ပေါ်ပေါက်လာသော ကာလတန်ဖိုးကို ယင်းအခြေပစ္စည်း၏ မူလတန်ဖိုးအဖြစ်မှတ်ယူရမည်ဖြစ်ကြောင်း၊ အခြေပစ္စည်းတစ်ခုခုသည် ၁၉၉၇ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မတိုင်မီ အခွန်ထမ်းပိုင်ဖြစ်ခဲ့လျှင် နည်းဥပဒေခွဲ (ဂ)၊ နည်းဥပဒေခွဲငယ် (၁) အရ မူလတန်ဖိုး သို့မဟုတ် နည်းဥပဒေခွဲ (ဃ) အရ မူလတန်ဖိုးကို အဆိုပါနေ့ရက်၌ ပေါ်ပေါက်သော ယင်းပစ္စည်း၏ ကာလတန်ဖိုးဟု မှတ်ယူရမည်ဖြစ်ပါကြောင်း၊ နည်းဥပဒေခွဲ (ဂ)၊ နည်းဥပဒေခွဲငယ် (၁) အရ တွက်ချက်ရာ၌ ယင်းနေ့နောက်ပိုင်းတွင် ကုန်ကျခဲ့သောစရိတ်များနှင့် ခံစားခဲ့သောတန်ဖိုးလျော့ သက်သာခွင့်များကိုသာ ထည့်သွင်းတွက်ချက်ရမည်ဖြစ်ပါကြောင်း၊ အခြေပစ္စည်းလွှဲပြောင်းခြင်းပြုသည့်အတွက် အခွန်ထမ်း ဖော်ပြသောတန်ဖိုးသည် ထိုသို့ပြုလုပ်သောအချိန်၌ ပေါ်ပေါက်သည့်ပစ္စည်း၏ ကာလတန်ဖိုးထက်လုံလောက်သော အကြောင်းမရှိဘဲ လျော့နည်းနေသည်ဟု မြို့နယ်အခွန်ဦးစီးဌာနမှူးကယူဆလျှင် ယင်းတန်ဖိုးကို ကာလတန်ဖိုးဖြင့် အစားထိုးသတ်မှတ်ရမည်ဖြစ်ပါကြောင်း၊ ဤနည်းဥပဒေအရ ဝင်ငွေနှစ်အတွင်း စည်းကြပ်မှု မပြီးပြတ်လျှင် သက်ဆိုင်ရာအခွန်ထမ်းအား ဥပဒေပါပြဋ္ဌာန်းချက်နှင့်အညီ စည်းကြပ်မှု ပြုလုပ်ရာတွင် ယင်းစည်းကြပ်နှစ်နှင့် သက်ဆိုင်သည့်အခွန်နှုန်းများ နည်းဥပဒေခွဲ (ဂ) ပါ အတိုင်း အခွန်တွက်ချက်စည်းကြပ်ရမည်ဖြစ်ကြောင်း၊ အခြေပစ္စည်းမှ မြတ်စွန်းငွေအပေါ် ဥပဒေပုဒ်မ ၂၁၊ ပုဒ်မခွဲ (ခ) အရ စည်းကြပ်မှု သို့မဟုတ် ပြန်လည်စည်းကြပ်မှုပြုလုပ်မည့်ကိစ္စတွင် သက်ဆိုင်ရာအခြေပစ္စည်း ရောင်းချခြင်း၊ လဲလှယ်ခြင်း သို့မဟုတ် အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းပြုသောစာချုပ်ကို စာချုပ်စာတမ်းများ မှတ်ပုံတင် ဥပဒေအရ မှတ်ပုံတင်ပြီးဖြစ်ပါက ၎င်းပုဒ်မခွဲအရ စည်းကမ်းသတ်ကာလကို ယင်းသို့ ထိုစာချုပ်မှတ်ပုံတင် သည့်နေ့မှစ၍ တွက်ချက်ရန် ဝင်ငွေခွန် နည်းဥပဒေများ၊ နည်းဥပဒေ ၅ တွင် ပြဋ္ဌာန်းထားပါကြောင်း၊ အဆိုပါပြဋ္ဌာန်းချက်များအရ လျှောက်ထားသူ၏ တင်ပြချက်ဖြစ်သည့် အခြေပစ္စည်း၏ မူလတန်ဖိုးကို ၁၉၉၇ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့တွင် ပေါ်ပေါက်သည့်ကာလတန်ဖိုးအဖြစ် မှတ်ယူနုတ်ပယ်ပေးနိုင်ရန် အတွက် ထိုနေ့မတိုင်မီက ပိုင်ဆိုင်ခဲ့ကြောင်း၊ ယင်းသို့ပိုင်ဆိုင်ခြင်းအတွက် အခွန်ထမ်းက သက်ဆိုင်ရာ ပစ္စည်းကို ရယူခဲ့ရာတွင် အမှန်ကုန်ကျသည့် မူလတန်ဖိုးကို တိကျစွာမသိနိုင်ကြောင်းတို့ကို သက်သေပြရန် တာဝန်မှာ အခွန်ထမ်းထံတွင်ကျရောက်ပါကြောင်း၊ အခွန်ထမ်းကုမ္ပဏီသည် Capital Consumer Limited အမည်ဖြင့် ၁၂-၉-၁၉၉၇ တွင် မှတ်ပုံတင်ထားကြောင်း ကုမ္ပဏီ၏ မှတ်ပုံတင်လက်မှတ်အရ သိရှိရပြီး၊

၁၆–၈–၂၀၁၃ ရက်နေ့တွင် DICA မှ ယင်းအမည်ဖြင့်ပင် ကုမ္ပဏီသက်တမ်းတိုးခွင့်ပြုထားကြောင်း၊ ယင်းမှတ်ပုံတင်လက်မှတ်၏ အင်္ဂလိပ်ဘာသာဖြင့် ဖော်ပြချက်တွင် Myanmar Consumer Enterprise Limited အမည်မှ Capital Consumer Limited အမည်သို့ ၂၂–၁–၂၀၁၅ ရက်နေ့တွင် ပြောင်းလဲသုံးစွဲမည်ဟု ဖော်ပြထားကြောင်း တွေ့ရှိရပါသဖြင့် ၂၀၁၄–၂၀၁၅ ဘဏ္ဍာနှစ်အတွင်းက ရောင်းချခဲ့သောအခြေပစ္စည်းများသည် ၁၉၉၇ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မတိုင်မီက အခွန်ထမ်းကုမ္ပဏီပိုင်ဆိုင်ခဲ့ခြင်းမဟုတ်သည်မှာ မြင်သာပါကြောင်း၊ ထို့အပြင် ဝင်ငွေခွန် နည်းဥပဒေ ၅၊ နည်းဥပဒေခွဲ (ဃ) အရ သက်ဆိုင်ရာပစ္စည်းကို ရယူခဲ့ရာတွင် အမှန်ကုန်ကျသည့် မူလတန်ဖိုးကို တိကျစွာမသိနိုင်လျှင် ယင်းပစ္စည်းကိုရယူခဲ့သည့်အချိန်၌ ပေါ်ပေါက်သောကာလတန်ဖိုးကို ယင်းအခြေပစ္စည်း၏ မူလတန်ဖိုးအဖြစ် မှတ်ယူနိုင်ရန်မှာလည်း ယင်းအခြေပစ္စည်းများကို ရယူပိုင်ဆိုင်ခဲ့သည့်အချိန်နှင့်စပ်လျဉ်း၍ တိကျခိုင်မာသော သက်သေခံအထောက်အထားများကို ပထမအယူခံအတွက် ကြားနာချိန်အထိ တင်ပြနိုင်ခြင်းမရှိခဲ့ပါကြောင်း၊ ၂၀၁၄–၂၀၁၅ ဘဏ္ဍာနှစ်အတွင်း အခွန်ထမ်းကုမ္ပဏီက Fixed Assets တွင်ထည့်သွင်း၍ ရောင်းချခဲ့သည်ဆိုသော မော်တော်ယာဉ် (၁၁) စီးနှင့် မော်တော်ဆိုင်ကယ် (၄) စီးတို့နှင့်ပတ်သက်သည့် ပိုင်ဆိုင်မှုအထောက်အထားများကို တင်ပြနိုင်ခြင်းမရှိဘဲ ရောင်းချခဲ့သည့် စာချုပ်မိတ္တူများကိုသာ တင်ပြထားပါကြောင်း၊ ရောင်းချခဲ့သော အခြေပစ္စည်းများသည် ၁၉၉၇ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မတိုင်မီက အခွန်ထမ်းကုမ္ပဏီပိုင်ဆိုင်ခဲ့ခြင်းမဟုတ်သည်မှာ ထင်ရှားပေါ်ပေါက်လျက်ရှိခြင်းကြောင့်လည်းကောင်း၊ အဆိုပါအခြေပစ္စည်းများကို မည်သည့်အချိန်က ရယူပိုင်ဆိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ တိကျခိုင်မာသည့်အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်မှုမရှိခြင်းကြောင့်လည်းကောင်း၊ ဝင်ငွေခွန် နည်းဥပဒေများ၊ နည်းဥပဒေ ၅၊ နည်းဥပဒေခွဲ (ဃ) နှင့် နည်းဥပဒေခွဲ (င) တို့ပါ ပြဋ္ဌာန်းချက်အရ မူလ တန်ဖိုးသတ်မှတ်ရန် ပြဋ္ဌာန်းချက်များကို လိုက်နာကျင့်သုံးဆောင်ရွက်ရန်မဖြစ်နိုင်ပါကြောင်း၊ အထက်ပါ တင်ပြချက်များအရ ၂၀၁၄–၂၀၁၅ ဘဏ္ဍာနှစ်အတွင်းက ရောင်းချခဲ့သောအခြေပစ္စည်းများ၏ မူလတန်ဖိုးသတ်မှတ်ရန်အတွက် မည်သည့်အချိန်က ရယူပိုင်ဆိုင်ခဲ့ခြင်းဖြစ်ကြောင်း ပိုင်ဆိုင်မှုအထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်မှုမရှိခြင်းကြောင့်လည်းကောင်း၊ ရောင်းချခဲ့သော အခြေပစ္စည်းများသည် ၁၉၉၇ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မတိုင်မီက အခွန်ထမ်းကုမ္ပဏီပိုင်ဆိုင်ခဲ့ခြင်းဖြစ်ကြောင်း တစ်စုံတစ်ရာတင်ပြနိုင်မှုမရှိခြင်းကြောင့်လည်းကောင်း၊ ၁၉၉၇ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မတိုင်မီက အခွန်ထမ်းကုမ္ပဏီက ပိုင်ဆိုင်ခဲ့ခြင်းမဟုတ်သည်မှာ ထင်ရှားပေါ်ပေါက်လျက်ရှိခြင်းကြောင့်လည်းကောင်း၊ ဝင်ငွေခွန် နည်းဥပဒေများ၊ နည်းဥပဒေ ၅၊ နည်းဥပဒေခွဲ (ဃ) နှင့် နည်းဥပဒေခွဲ (င) တို့ပါ ပြဋ္ဌာန်းချက်များနှင့်အညီ မူလတန်ဖိုး သတ်မှတ်ရန်ကိစ္စမှာ မဖြစ်နိုင်သဖြင့် ဘဏ္ဍာရေးရှင်းတမ်းတွင် ဖော်ပြထားသော ရောင်းချစဉ်ကာလရှိ အခြေပစ္စည်းများ၏ Net Book Value များအပေါ်တွင် ၁၀ ရာခိုင်နှုန်းအမြတ်ဖြင့် အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံးက တွက်ချက်စည်းကြပ်ထားခြင်းဖြစ်ပါကြောင်း၊ အခွန်ထမ်းကုမ္ပဏီသည် အခွန်စည်းကြပ်ထိုက်သည့် အခြေပစ္စည်းမှ မြတ်စွန်းငွေရရှိလျှင် ထိုသို့ ဝင်ငွေရရှိချိန်၌ ဝင်ငွေခွန်ဥပဒေပုဒ်မ ၁၅ (က) အရ ဝင်ငွေခွန်ပေးဆောင်ရန် တာဝန်ရှိပါကြောင်း၊ ဝင်ငွေခွန်ဥပဒေပုဒ်မ ၃၊ ပုဒ်မခွဲ (ဖ) ၌ စည်းကြပ်မှုဟူသော စကားရပ်တွင် အခွန်ထမ်းကိုယ်တိုင်မှ ဥပဒေပါ ပြဋ္ဌာန်းချက်နှင့်အညီ ဝင်ငွေကြေညာလွှာနှင့်အတူ မိမိပေးဆောင်ရမည့်အခွန်ကိုပေးသွင်း၍ စည်းကြပ်မှုခံယူခြင်းလည်းပါဝင်ကြောင်း ပြဋ္ဌာန်းထားပါကြောင်း၊ အခွန်ထမ်းကိုယ်တိုင် အခွန်စည်းကြပ်သည့် SAS စနစ်ဖြင့် အခွန်ထမ်းဆောင်နေခြင်းဖြစ်သည့်အတွက် ဥပဒေပါပြဋ္ဌာန်းချက်နှင့်အညီ ဝင်ငွေကြေညာလွှာနှင့်အတူ အခွန်ပေးဆောင်ရန် အခွန်ထမ်းတွင် တာဝန်ရှိပါကြောင်း၊ ဝင်ငွေခွန် နည်းဥပဒေ ၅ (က) အရ အခြေပစ္စည်းမှ မြတ်စွန်းငွေပေါ်ပေါက်လျှင် သက်ဆိုင်ရာ အခြေပစ္စည်းရောင်းချခြင်း၊ လဲလှယ်ခြင်း သို့မဟုတ် အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းပြုသည့်နေ့မှ ရက်ပေါင်း (၃၀) အတွင်း ဝင်ငွေကြေညာလွှာနှင့်အတူမိမိပေးဆောင်ရမည့်အခွန်ကို ပေးသွင်းရမည်သာဖြစ်ပါကြောင်း၊ SAS စနစ်တွင် အခွန်တာဝန်သည်

အခွန်ထမ်းအပေါ် အပြည့်အဝပေးအပ်ထားပြီးဖြစ်ပါသဖြင့် အခွန်ပေးဆောင်ရန် တာဝန်သည် အခွန်ထမ်း အပေါ်တွင် ကျရောက်မည်ဖြစ်ပြီး SAS အခွန်ထမ်းအားလုံးသည် မိမိပေးဆောင်ရမည့်အခွန်ကို မိမိအသိစိတ်ဖြင့် ဥပဒေနှင့်အညီ အပြည့်အဝပေးဆောင်ရန် တာဝန်ရှိပါကြောင်း၊ ယခုဖြစ်ရပ်တွင် အခွန်စာရင်းစစ်ဆေးချိန်နှင့် အခွန်စာရင်းစစ်အရာရှိက ထောက်ပြသည့်အခါမှသာ ကြေညာလွှာတင်သွင်းခဲ့ခြင်းဖြစ်ပါကြောင်း၊ ဝင်ငွေခွန် ဥပဒေပုဒ်မ ၁၅ (က) ပါ ပြဋ္ဌာန်းချက်သည် အခွန်ထမ်းအား မဖြစ်မနေလိုက်နာရန် တာဝန်ရှိသဖြင့် လိုက်နာရန်ပျက်ကွက်ခဲ့ပါက မည်သည့်အတွက် ပျက်ကွက်ရခြင်းဖြစ်ကြောင်း၊ သက်သေပြရန် တာဝန်မှာ အခွန်ထမ်းအပေါ်တွင်သာ ကျရောက်မည်ဖြစ်ပြီး ပျက်ကွက်မှုအပေါ် ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ အရေးယူ ဆောင်ရွက်ခြင်း ခံရမည်ဖြစ်ပါကြောင်း၊ အခွန်ထမ်းကုမ္ပဏီ၏ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် Fixed Assets စာရင်းတွင် ပစ္စည်း Items (၅) မျိုးသာရှိပြီး ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ပစ္စည်း Items (၇၂) မျိုး ရှိလာခြင်းနှင့်ပတ်သက်၍ အခွန်ထမ်း၏ တင်ပြချက်မှာ SAS စနစ်တွင် အမှန်စာရင်းဖြစ်စေချင်၍ ထည့်သွင်းခဲ့ခြင်းဖြစ်ကြောင်း၊ အဆိုပါ Fixed Assets စာရင်းရှိပစ္စည်း (၇၂) မျိုးစလုံးကို ယင်းဘဏ္ဍာနှစ်တွင် ပြန်လည်ရောင်းချခဲ့ကြောင်း၊ ၎င်းနှစ်တွင်ပင် စာရင်းသွင်းပြီး ၎င်းနှစ်တွင်ပင် Disposal ပြုလုပ်ခြင်း ဖြစ်ပါကြောင်း၊ Fixed Assets များ ဝယ်ယူသည့်အထောက်အထားများတင်ပြရန် LTO Audit မှ တောင်းခံသော်လည်း မတင်ပြနိုင်ခဲ့ပါကြောင်း၊ ကုမ္ပဏီမှတ်ပုံတင်လက်မှတ်အရ ၁၂-၉-၁၉၉၇ တွင် မှတ်ပုံတင်ထားခြင်းဖြစ်ကြောင်းတွေ့ရှိရသဖြင့် ၁၉၉၇ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မတိုင်မီ ဝယ်ယူခဲ့ခြင်း ဖြစ်သည်ဟု မှတ်ယူရန်မဖြစ်နိုင်ပါကြောင်း၊ အထက်ပါအချက်များကြောင့် ကုမ္ပဏီရောင်းချခဲ့သည့် အခြေ ပစ္စည်းများ၏ မူလတန်ဖိုးကို ဥပဒေနှင့်အညီ သတ်မှတ်နိုင်ခြင်းမရှိခဲ့သဖြင့် ယင်းတို့၏ မူလတန်ဖိုးကို "သုည" ဟု မှတ်ယူ၍ ကုမ္ပဏီ၏ အခြေပစ္စည်းရောင်းချခဲ့သည့် ငွေပမာဏကို အခြေပစ္စည်းမှမြတ်စွန်းငွေ အဖြစ် မှတ်ယူပြီး ၂၀၁၄ ခုနှစ်၊ ပြည်ထောင်စု၏အခွန်အကောက်ဥပဒေပုဒ်မ ၂၉ ပါ ပြဋ္ဌာန်းချက်အရ အခြေပစ္စည်းမှ မြတ်စွန်းငွေအပေါ် ၁၀ ရာခိုင်နှုန်းဖြင့် ဝင်ငွေခွန်စည်းကြပ်ခဲ့ခြင်းသည် ဥပဒေနှင့်အညီ ဖြစ်ပါကြောင်း၊ နိုင်ငံတော်၏ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များတွင် တစ်ခုအပါအဝင်ဖြစ်သည့် အခွန် ဆိုင်ရာပြုပြင်ပြောင်းလဲရေးကို ပြည်တွင်းအခွန်များဦးစီးဌာနက အကောင်အထည်ဖော်ဆောင်ရွက် ရပါကြောင်း၊ ယင်းသို့ ဆောင်ရွက်လျက်ရှိရာတွင် ကမ္ဘာ့နိုင်ငံများ၏ အခွန်ဆိုင်ရာဖြစ်ပေါ်ပြောင်းလဲမှုများ နှင့်အညီ အခွန်ထမ်းကိုယ်တိုင် အခွန်စည်းကြပ်သည့်စနစ်သို့ လိုက်ပါပြောင်းလဲနိုင်ရန်အတွက် အခွန်ထမ်း ကြီးများဆိုင်ရာအခွန်ရုံးကို ၁-၄-၂၀၁၄ ရက်နေ့တွင် စတင်ဖွဲ့စည်းခဲ့ပြီး ကနဦးစီမံကိန်းဆောင်ရွက်မှု Pilot Project ဖြင့် စတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါကြောင်း၊ အချင်းဖြစ်စည်းကြပ်မှုကို တောင်းခံသော အခွန် တောင်းခံလွှာ (LTO – 3) သည် Pilot Project ဖြစ်သည့်အတွက် ညွှန်ကြားရေးမှူးချုပ်ထံ တင်ပြခဲ့ပြီး ၎င်း၏ခွင့်ပြုချက်အရ အသုံးပြုခဲ့ခြင်းဖြစ်ပါကြောင်း၊ Pilot Project တွင် ယင်းသို့ (LTO – 3) ကို အသုံးပြု၍ ဝင်ငွေခွန်တောင်းခံခြင်းသည် ဝင်ငွေခွန်ဥပဒေပုဒ်မ ၅၃ ပါ ပြဋ္ဌာန်းချက်နှင့်အညီ အခွန်စည်းကြပ် တောင်းခံထားခြင်းဖြစ်ပါကြောင်း၊ အခြေပစ္စည်းမှ မြတ်စွန်းငွေအတွက် ဝင်ငွေနှစ်အတွင်း အခွန်ကို ကြိုတင်ပေးဆောင်ရန် နည်းလမ်းနှင့် လိုက်နာရန်ပျက်ကွက်ပါက ပြစ်ဒဏ်ထိုက်သင့်မှုတို့ကို ဝင်ငွေခွန် ဥပဒေပုဒ်မ ၁၆-က၊ ပုဒ်မခွဲ (ခ) နှင့် ပုဒ်မခွဲ (ဂ) တို့တွင် ပြဋ္ဌာန်းထားပါကြောင်း၊ "အခြေပစ္စည်းမှ မြတ်စွန်းငွေ ဖြစ်ပါက အခြေပစ္စည်းကိုရောင်းချခြင်း၊ လဲလှယ်ခြင်း၊ အခြားတစ်နည်းနည်းဖြင့်လွှဲပြောင်းခြင်း ပြုသည့် နေ့ရက်မှ ရက်ပေါင်း (၃၀) အတွင်း အခြေပစ္စည်းမှ မြတ်စွန်းငွေအပေါ် ကျသင့်သည့်အခွန်ကို ခန့်မှန်း တွက်ချက်ပေးရမည်ဖြစ်ပါကြောင်း၊" "ဤပုဒ်မအရ ပေးသွင်းရမည့်အခွန်ကို မပေးသွင်းလျှင် သို့မဟုတ် ပေးသွင်းရမည့်အခွန်သည် သက်ဆိုင်ရာကြီးကြပ်မှုတွင် ကျသင့်သည့်အခွန်ထက်လျော့လျှင် ယင်းပေးသွင်းရန် ပျက်ကွက်သည့် ငွေ သို့မဟုတ် လျော့ငွေ၏ ၁၀ ရာခိုင်နှုန်းနှင့် ညီမျှသောငွေကို ဒဏ်ငွေအဖြစ် ပေးဆောင် စေရမည်" ဟု ပြဋ္ဌာန်းထားပါကြောင်း၊ သို့ဖြစ်ပါ၍ လျှောက်ထားသူသည် စည်းကြပ်မှုဆောင်ရွက်စဉ်

ကာလတွင် အခြေပစ္စည်းများနှင့်စပ်လျဉ်းသည့် ခိုင်လုံသောအထောက်အထားများ တင်ပြနိုင်ခြင်းမရှိသည့်အပြင် ပထမအယူခံကြားနာစဉ်အခါ၌လည်း အထောက်အထားများကို ပြည့်စုံစွာတင်ပြနိုင်ခြင်းမရှိခဲ့ပါကြောင်း၊ အခြေပစ္စည်းများရောင်းချခြင်းအတွက် ယင်းအခြေပစ္စည်းများပိုင်ဆိုင်ခဲ့ခြင်းနှင့်စပ်လျဉ်း၍ မည်သည့်နေ့က မည်သို့ရယူပိုင်ဆိုင်ခဲ့ကြောင်း တိကျသေချာသည့် ခိုင်မာသောအထောက်အထားများ တင်ပြနိုင်ခြင်းမရှိခဲ့ခြင်းသည် စာရင်းမှတ်တမ်းများထားရှိခြင်းနှင့်စပ်လျဉ်း၍ Myanmar Company Act ပုဒ်မ ၁၃၀ ပါ ပြဋ္ဌာန်းချက်ကို လိုက်နာရန်ပျက်ကွက်ခြင်းဖြစ်ပါကြောင်း၊ ယင်းသို့ မတင်ပြနိုင်သည့်အတွက် ဝင်ငွေခွန်နည်းဥပဒေများ၊ နည်းဥပဒေ ၅၊ နည်းဥပဒေခွဲ (ဃ) နှင့် နည်းဥပဒေခွဲ (င) တို့ပါ ပြဋ္ဌာန်းချက်နှင့်အညီ အခွန်ထမ်းကြီးများဆိုင်ရာ အခွန်ရုံးက မူလတန်ဖိုးသတ်မှတ်ရန် မဖြစ်နိုင်သောကြောင့် ဘဏ္ဍာရေးရှင်းတမ်းတွင် ဖော်ပြထားသည့် ရောင်းချစဉ်ကာလရှိ အခြေပစ္စည်းများ၏ Net Book Value များအပေါ်တွင် ၁၀ ရာခိုင်နှုန်းအမြတ်အဖြစ် တွက်ချက်စည်းကြပ်ထားခြင်း ဖြစ်ပါကြောင်း၊ သို့ဖြစ်ပါ၍ အခွန်အယူခံခုံရုံးတော်က အခွန်ထမ်းကြီးများဆိုင်ရာ အခွန်ရုံး၏ ပထမအယူခံအမိန့်ကို အတည်ပြုသည့် အမိန့်တစ်ရပ် ချမှတ်ပေးပါရန် လျှောက်ထားပါသည်။

ခုံအဖွဲ့သည် အယူခံလျှောက်ထားသူနှင့် လျှောက်ထားခံရသူတို့၏ လျှောက်လဲချက်များနှင့် အမှုတွဲပါ စာတမ်းအမှတ်အသားများ၊ သက်သေခံချက်များကို အသေးစိတ် လေ့လာသုံးသပ်ခဲ့ရာ အယူခံလျှောက်ထားရခြင်းမှာ ပထမအယူခံတွင် အခွန်ထမ်းကြီးများဆိုင်ရာ အခွန်ရုံးဌာနမှူးက အခွန်ထမ်းကြီးများဆိုင်ရာ အခွန်ရုံး၏ မူလစည်းကြပ်မှုကို အတည်ပြုခဲ့ခြင်းကို မကျေနပ်သဖြင့် ဒုတိယအယူခံအဖြစ် လျှောက်ထားခြင်းဖြစ်ကြောင်း တွေ့ရှိရသည်ဖြစ်ရာ မူလစည်းကြပ်မှုတွင် အခြေပစ္စည်းမှ မြတ်စွန်းငွေကျပ် (၁၅၃,၀၃၂,၇၃၁) အပေါ် ကျသင့်ဝင်ငွေခွန် ကျပ် (၁၅,၃၀၃,၂၇၃) စည်းကြပ်တောင်းခံခဲ့ခြင်းသည် တည်ဆဲဝင်ငွေခွန်ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း ပြဋ္ဌာန်းချက်များနှင့်ဆန့်ကျင်၍ လျှောက်ထားသူ၏ ဘဏ္ဍာရေးရှင်းတမ်းတွင် ဖော်ပြထားသော ရောင်းချစဉ်ကာလရှိ Net Book Value အပေါ်တွင် ၁၀ ရာခိုင်နှုန်းအမြတ်ဖြင့် စည်းကြပ်ထားခြင်း ဟုတ် မဟုတ် ဆုံးဖြတ်ရန် ဖြစ်ကြောင်း တွေ့ရှိရပါသည်။

ဝင်ငွေခွန် နည်းဥပဒေများ၏ နည်းဥပဒေ ၅၊ နည်းဥပဒေခွဲ (က) တွင် “မည်သူမဆို အခြေပစ္စည်းတစ်ခု သို့မဟုတ် တစ်ခုထက်ပို၍ ရောင်းချခြင်း၊ လဲလှယ်ခြင်း သို့မဟုတ် အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းပြုလုပ်သည့် နှစ်တစ်နှစ်အတွင်း အခြေပစ္စည်း၏ တန်ဖိုးစုစုပေါင်းသည် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေအရ သတ်မှတ်သည့် ဝင်ငွေခွန်မစည်းကြပ်ထိုက်သော တန်ဖိုးထက်ပိုမိုသည့်အပြင် မြတ်စွန်းငွေလည်းရှိပါက ဝင်ငွေကြေညာလွှာကို မြို့နယ်အခွန်ဦးစီးမှူးထံ သက်ဆိုင်ရာ အခြေပစ္စည်း ရောင်းချခြင်း၊ လဲလှယ်ခြင်း သို့မဟုတ် အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းပြုသည့်နေ့မှ ရက်ပေါင်း (၃၀) အတွင်း ပေးပို့ရမည်” ဟု ပြဋ္ဌာန်းထားရာ တင်သွင်းသည့် ကြေညာလွှာများ၏ အခွန်ထမ်း၏ ဝန်ခံချက်ဇယားတွင် လက်မှတ်ရေးထိုး ဖော်ပြထားသည့်နေ့ရက်မှ ၁၇-၈-၂၀၁၆ ရက်နေ့ဖြစ်ရာ အဆိုပါ နေ့ရက်မှာ LTO စာရင်းစစ်စတင်ဝင်ရောက်သောနေ့ ၂၃-၅-၂၀၁၆ ၏ နောက်တွင်ဖြစ်ကြောင်းနှင့် LTO စာရင်းစစ်အဖွဲ့ခေါင်းဆောင်က ၂-၁၀-၂၀၁၇ ရက်နေ့တွင် လက်မှတ်ရေးထိုးပေးပို့ထားသည့် စာရင်းကိုက်ညှိရန် လျာထားမှုများကို အသိပေးခြင်းပုံစံ၏ အကြောင်းအရင်းဇယားတွင် ကြေညာလွှာတင်သွင်းထားခြင်းမရှိပါကြောင်း ဖော်ပြထားသော်လည်း အဆိုပါပုံစံ၏ အခွန်ထမ်း၏ သဘောထားတွင် သဘောတူညီကြောင်း အမှတ်အသားပြုလုပ်၍ Director ဟု ဖော်ပြလက်မှတ်ရေးထိုးထားသည်ကိုလည်း တွေ့ရှိရပါသည်။ မူလစည်းကြပ်မှုအမိန့်တွင် ကြေညာလွှာအချိန်မီတင်သွင်းရန် ပျက်ကွက်ခြင်း၊ အခွန်ပေးသွင်းရန် ပျက်ကွက်ခဲ့ခြင်းတို့နှင့်စပ်လျဉ်း၍ ဒဏ်ငွေတစ်စုံတစ်ရာ တပ်ရိုက်ထားခြင်းမရှိခြင်းကြောင့် ကြေညာလွှာတင်သွင်းခြင်းကိစ္စနှင့်စပ်လျဉ်း၍ ခုံအဖွဲ့မှ တစ်စုံတစ်ရာဆုံးဖြတ်ရန်အချက် မပေါ်ပေါက်ပါ။

LTO စာရင်းစစ်အဖွဲ့က စစ်ဆေးတွေ့ရှိရသည့် Fixed Asset Value & Depreciation Statement As At 31st March 2015 ဇယားအရ ''အခြေပစ္စည်းမှ မြတ်စွန်းငွေ (153,032,731) ကို စစ်ဆေးခြင်း'' အလုပ်စာရွက်တွင် ကုမ္ပဏီ၏ မ-တည်ပိုင်ပစ္စည်းစာရင်းမှ Disposal လုပ်ထားသည့် ပစ္စည်းစာရင်းပါ Aircon နှင့် မော်တော်ယာဉ် (၁၇) စီးတို့၏ တန်ဖိုးကိုဖော်ပြလျက် ''ထို့ပြင် ထိုကဲ့သို့ ရောင်းချထားခြင်းအပေါ် စာချုပ်စာတမ်း အထောက်အထားများ တောင်းခံသော်လည်း ထောက်ပံ့ပေးနိုင်ခြင်းမရှိကြောင်းစစ်ဆေး တွေ့ရှိရသည်။'' ရေးသားဖော်ပြချက်အပေါ် တစ်စုံတစ်ရာကန့်ကွက်မှု မရှိခဲ့ကြောင်းတွေ့ရှိရသည်။ ထို့အပြင် အခွန်ထမ်းကြီးများဆိုင်ရာ အခွန်ရုံး၊ ဌာနမှူး၏ အယူခံအမိန့်တွင် ''အခွန်ထမ်းသည် စည်းကြပ်မှုပြုလုပ်သော အခြေပစ္စည်းများနှင့်စပ်လျဉ်းသည့် ခိုင်လုံသောအထောက်အထားများကို အခွန်စာရင်းစစ်ဆေးစဉ်က မတင်ပြနိုင်သည့်အပြင် အယူခံမှုအတွက် ကြားနာစစ်ဆေးမှုပြုလုပ်သည့်အခါတွင်လည်း ယင်းနှင့်ပတ်သက်သော အထောက်အထားများ တင်ပြနိုင်ခြင်းမရှိကြောင်း စိစစ်တွေ့ရှိရသည်'' ဟုလည်းကောင်း၊ လျှောက်ထား ခံရသူ၏ ကိုယ်စား ဌာနဆိုင်ရာ ကိုယ်စားလှယ်၏ ချေပချက်တွင်လည်း ''ကုမ္ပဏီ၏ Fixed Asset တွင် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်းက ထည့်သွင်းခဲ့သည်ဟုဆိုသော မော်တော်ယာဉ် (၁၁) စီး၊ မော်တော် ဆိုင်ကယ် (၄) စီးတို့နှင့် စပ်လျဉ်းသည့် ပိုင်ဆိုင်မှုအထောက်အထားများကို တင်ပြနိုင်ခြင်းမရှိဘဲ ရောင်းချခဲ့သည့် စာချုပ်မိတ္တူများကိုသာတင်ပြထားကြောင်း၊ ၎င်းစာချုပ်များအရ ရောင်းချသူမှာ Capital Consumer Limited ဖြစ်ကြောင်း ဖော်ပြပါရှိသည်မှာ မော်တော်ယာဉ် (၆) စီးသာဖြစ်ကြောင်း၊ ယင်းမော်တော်ယာဉ် (၆) စီးနှင့်ပတ်သက်၍ ကုမ္ပဏီက အမည်ပေါက်ပိုင်ဆိုင်ကြောင်း ခိုင်လုံသည့်အထောက်အထား တင်ပြ နိုင်ခြင်းမရှိကြောင်း စိစစ်တွေ့ရှိရပါသည်'' ဟူ၍လည်းကောင်း ဖော်ပြလျှောက်လဲချက်များအပေါ် တစ်စုံ တစ်ရာ ချေပလျှောက်လဲထားခြင်း မရှိကြောင်းကိုလည်း တွေ့ရှိရသည်။

ဝင်ငွေခွန်ဥပဒေပုဒ်မ ၃၊ ပုဒ်မခွဲ (ထ) တွင် **''အခြေပစ္စည်း** ဆိုသည်မှာ မြေ၊ အဆောက်အအုံနှင့် ယင်းတို့၏အခန်းများ၊ ယာဉ်နှင့် လုပ်ငန်းဆိုင်ရာ မတည်ပစ္စည်းကို ဆိုသည်။ ယင်းစကားရပ်တွင် အစု ရှယ်ယာနှင့် ကတိဝန်ခံချုပ်တို့အပြင် ငွေချေးသက်သေခံလက်မှတ်များ၊ ယင်းတို့ကဲ့သို့သော အလားတူ စာချုပ်စာတမ်းများလည်း ပါဝင်သည်။'' ဟု ပြဋ္ဌာန်းထားရာ စာရင်းမှ Disposal ပြုလုပ်သည့် ပုံသေပိုင် ပစ္စည်းစာရင်းတွင်ပါဝင်သော Aircon များကို အခြေပစ္စည်းမှ မြတ်စွန်းငွေစည်းကြပ်မှုတွင် ထည့်သွင်း စည်းကြပ်ထားသော်လည်း အဆိုပါ Aircon နှင့်စပ်လျဉ်း၍ ကြေညာလွှာတွင် ထည့်သွင်းတင်သွင်းခြင်း၊ လျှောက်လဲချက်ပေးခြင်း၊ အထောက်အထားတင်ပြခြင်း၊ အငြင်းပွားခြင်းတစ်စုံတစ်ရာ မရှိကြောင်းတွေ့ရှိ ရသည်။

သို့ဖြစ်ရာ ဖြစ်စဉ်တွင် လျှောက်ထားသူ ကုမ္ပဏီက အခင်းဖြစ် အခြေပစ္စည်းများနှင့်စပ်လျဉ်း၍ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင်မှ ပုံသေပိုင်ပစ္စည်းသို့ စာရင်းရေးသွင်းခြင်း၊ ထိုသို့ စာရင်းရေးသွင်းသည့် ပုံသေပိုင်ပစ္စည်းများအနက်မှ Aircon အချို့နှင့် မော်တော်ယာဉ် (၁၇) စီးကို စာရင်းမှ Disposal ပြုလုပ် ခြင်းများကို ဆောင်ရွက်ထားသော်လည်း စာရင်းရေးသွင်းသည့် ပုံသေပိုင်ပစ္စည်းများနှင့်စပ်လျဉ်း၍ မည်သည့်အချိန်က မည်သို့ ရယူပိုင်ဆိုင်ခဲ့ကြောင်း အထောက်အထားများတင်ပြရန် ပျက်ကွက်ခဲ့ကြောင်း တွေ့ရှိရပါသည်။ ဝင်ငွေခွန်နည်းဥပဒေများ၏ နည်းဥပဒေ ၅၊ နည်းဥပဒေခွဲ (ဃ) တွင် ''အခွန်ထမ်းက သက်ဆိုင်ရာ ပစ္စည်းကိုရယူခဲ့ရာတွင် အမှန်ကုန်ကျသည့် မူလတန်ဖိုးကို တိကျစွာမသိနိုင်လျှင်ဖြစ်စေ၊ ယင်းပစ္စည်းကို အမွေဆက်ခံခြင်း သို့မဟုတ် မေတ္တာအလျောက် ပေးကမ်းခြင်းဖြင့် ရယူခဲ့လျှင်ဖြစ်စေ ယင်းပစ္စည်းကို ရယူခဲ့သည့်အချိန်၌ ပေါ်ပေါက်သော ကာလတန်ဖိုးကို ယင်းအခြေပစ္စည်း၏ မူလတန်ဖိုး အဖြစ် မှတ်ယူရမည်။'' ဟု ပြဋ္ဌာန်းထားရာ အခြေပစ္စည်းနှင့်စပ်လျဉ်း၍ မည်သည့်အချိန်က မည်သို့ ရယူပိုင်ဆိုင်ခဲ့ကြောင်း အထောက်အထားများတင်ပြနိုင်မှုသာ မူလတန်ဖိုးမသိရှိစေကာမူ အခွန်ရုံးက အဆိုပါကာလ၏ တန်ဖိုးကို တွက်ချက်ခွင့်ပြုနိုင်မည် ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ Capital Consumer Limited က ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင်မှ ပုံသေပိုင်ပစ္စည်း စာရင်းသို့ စာရင်းရေးသွင်းခဲ့သည့် Fixed Assets များအနက်မှ နှစ်အတွင်း ပြုလုပ်ခဲ့သည့် Disposal Value

များအပေါ်တွင် အခြေပြု၍ အခြေပစ္စည်းမှ မြတ်စွန်းငွေ စည်းကြပ်ရာတွင် Aircon များနှင့်စပ်လျဉ်း၍လည်းကောင်း၊ အငြင်းပွားမှုပေါ်ပေါက်သည့် ယာဉ်များနှင့်စပ်လျဉ်း၍လည်းကောင်း ရောင်းချခြင်းနှင့်စပ်လျဉ်းသည့် အထောက်အထားအပြည့်အစုံ တင်ပြနိုင်ခြင်းမရှိသဖြင့် Disposal Value ကျပ် (၁၅၃,၀၃၂,၇၃၁) ကို ရနိုင်သရွေ့သော အထောက်အထား တန်ဖိုးအဖြစ် ဝင်ငွေခွန် ဥပဒေပုဒ်မ ၁၉၊ ပုဒ်မခွဲ (ဃ) အရ သတ်မှတ်ခြင်း၊ မည်သည့်အချိန်က မည်ကဲ့သို့ ရယူပိုင်ဆိုင်ခဲ့ကြောင်း အထောက်အထားများတင်ပြရန် တာဝန်ကို ပျက်ကွက်ခဲ့ခြင်းကြောင့် ဝင်ငွေခွန် နည်းဥပဒေများ၏ နည်းဥပဒေ ၅၊ နည်းဥပဒေခွဲ (ဃ) အရ မူလတန်ဖိုးကို ခွင့်ပြုနိုင်မှုမရှိခြင်းတို့ကြောင့်တွက်ချက်မှုအရအခြေပစ္စည်းမှမြတ်စွန်းငွေအဖြစ်ပေါ်ပေါက်လာသည့်ကျပ်(၁၅၃,၀၃၂,၇၃၁) အပေါ် ကျသင့်ဝင်ငွေခွန် တွက်ချက်စည်းကြပ်ခဲ့ခြင်းသည် တည်ဆဲဝင်ငွေခွန်ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း၊ ပြဋ္ဌာန်းချက်များနှင့်ဆန့်ကျင်၍ လျှောက်ထားသူ၏ ဘဏ္ဍာရေးရှင်းတမ်းတွင် ဖော်ပြထားသော ရောင်းချစဉ်ကာလရှိ Net Book Value အပေါ်တွင် ၁၀ ရာခိုင်နှုန်း အမြတ်ဖြင့် စည်းကြပ်ထားသည်ဟု မဆိုနိုင်ပေ။ သို့ဖြစ်ရာ အခွန်ထမ်းကြီးများဆိုင်ရာ အခွန်ရုံး စာရင်းစစ်အဖွဲ့၏ အခြေပစ္စည်းမှ မြတ်စွန်းငွေ မူလစည်းကြပ်မှု အမိန့်အပေါ် အတည်ပြုခဲ့သည့် အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံး ဌာနမှူး၏ ပထမအယူခံအမိန့်ကို မှားယွင်းသည်ဟု မဆိုနိုင်ကြောင်း သုံးသပ်ရရှိပါသည်။ သို့ဖြစ်ပါ၍ ခုံအဖွဲ့မှ အောက်ပါအတိုင်း အမိန့်ချမှတ်လိုက်သည်-

**အမိန့်**

ပြည်တွင်းအခွန်များဦးစီးဌာန၊ အခွန်ထမ်းကြီးများဆိုင်ရာ အခွန်ရုံး၊ ဌာနမှူး၏ ပထမအယူခံအမိန့်ကို အတည်ပြုလျက် အယူခံလွှာကို ပလပ်လိုက်သည်။

| ဒေါ်ယုကြည်ညွန့် | မြင့်ဦး | ဝင်းနိုင် |
|---|---|---|
| အဖွဲ့ဝင် | ဥက္ကဋ္ဌ | အဖွဲ့ဝင် |
| | အခွန်အယူခံခုံအဖွဲ့ | |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ

## အမိန့်ကြော်ငြာစာအမှတ် (၃/၂၀၂၁)

၁၃၈၃ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၃ ရက်

(၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၈ ရက်)

**မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ လုပ်ငန်းကော်မတီ ပြင်ဆင်ဖွဲ့စည်းခြင်း**

၁။ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီသည် မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေပုဒ်မ ၇၊ ပုဒ်မခွဲ (ဂ) နှင့် ပုဒ်မ ၉၂၊ ပုဒ်မခွဲ (ခ) တို့အရ **မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ လုပ်ငန်းကော်မတီ** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်ပါသည်-

| | | |
|---|---|---|
| (က) | ပြည်ထောင်စုဝန်ကြီး<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ဒုတိယဝန်ကြီး<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ(၁) |
| (ဂ) | ဥက္ကဋ္ဌ<br>မြန်မာနိုင်ငံမသန်စွမ်းသူများအသင်းချုပ် | ဒုတိယဥက္ကဋ္ဌ(၂) |

| | | |
|---|---|---|
| (ဃ) | ဒုတိယဝန်ကြီး သို့မဟုတ် အမြဲတမ်းအတွင်းဝန်<br>ကာကွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( င ) | ဒုတိယဝန်ကြီး သို့မဟုတ် အမြဲတမ်းအတွင်းဝန်<br>စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( စ ) | ဒုတိယဝန်ကြီး သို့မဟုတ် အမြဲတမ်းအတွင်းဝန်<br>ပြန်ကြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | ဒုတိယဝန်ကြီး သို့မဟုတ် အမြဲတမ်းအတွင်းဝန်<br>သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( ဇ ) | ဒုတိယဝန်ကြီး သို့မဟုတ် အမြဲတမ်းအတွင်းဝန်<br>ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( ဈ ) | ဒုတိယဝန်ကြီး သို့မဟုတ် အမြဲတမ်းအတွင်းဝန်<br>လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ည) | ဒုတိယဝန်ကြီး သို့မဟုတ် အမြဲတမ်းအတွင်းဝန်<br>အလုပ်သမားဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( ဋ ) | ဒုတိယဝန်ကြီး သို့မဟုတ် အမြဲတမ်းအတွင်းဝန်<br>ပညာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( ဌ ) | ဒုတိယဝန်ကြီး သို့မဟုတ် အမြဲတမ်းအတွင်းဝန်<br>သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( ဍ ) | ဒုတိယဝန်ကြီး သို့မဟုတ် အမြဲတမ်းအတွင်းဝန်<br>ကျန်းမာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( ဎ ) | ဒုတိယဝန်ကြီး သို့မဟုတ် အမြဲတမ်းအတွင်းဝန်<br>အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဏ) | ဒုတိယဝန်ကြီး သို့မဟုတ် အမြဲတမ်းအတွင်းဝန်<br>ဆောက်လုပ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (တ) | ညွှန်ကြားရေးမှူး သို့မဟုတ် ဒုတိယညွှန်ကြားရေးမှူး<br>ပြန်လည်နေရာချထားရေး ညွှန်ကြားရေးမှူးရုံး<br>ကာကွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ထ) | အမြဲတမ်းအတွင်းဝန်<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( ဒ ) | ညွှန်ကြားရေးမှူး<br>ဥပဒေရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( ဓ ) | ညွှန်ကြားရေးမှူး<br>ပြန်လည်ထူထောင်ရေးဦးစီးဌာန<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( န ) | ကိုယ်စားလှယ် (၁) ဦး<br>မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ (ဗဟိုဌာနချုပ်) | အဖွဲ့ဝင် |

(ပ) ကိုယ်စားလှယ် (၁) ဦး — အဖွဲ့ဝင်
မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်

(ဖ) ဥက္ကဋ္ဌ — အဖွဲ့ဝင်
မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်

(ဗ) ဥက္ကဋ္ဌ — အဖွဲ့ဝင်
မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း

(ဘ) အမျိုးသားကော်မတီဝင် — အဖွဲ့ဝင်
အစိုးရမဟုတ်သော လူမှုရေးအဖွဲ့အစည်းများက
ရွေးချယ်ခြင်းခံရသော ကိုယ်စားလှယ် (၁) ဦး

(မ) အမျိုးသားကော်မတီဝင် — အဖွဲ့ဝင်
စေတနာ့ဝန်ထမ်းပုဂ္ဂိုလ်များက
ရွေးချယ်ခြင်းခံရသော ကိုယ်စားလှယ် (၁) ဦး

(ယ) ညွှန်ကြားရေးမှူးချုပ် — အတွင်းရေးမှူး(၁)
ပြန်လည်ထူထောင်ရေးဦးစီးဌာန
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

(ရ) ညွှန်ကြားရေးမှူးချုပ် — အတွင်းရေးမှူး(၂)
လူမှုဝန်ထမ်းဦးစီးဌာန
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

(လ) ဒုတိယညွှန်ကြားရေးမှူးချုပ် — တွဲဖက်အတွင်းရေးမှူး(၁)
ပြန်လည်ထူထောင်ရေးဦးစီးဌာန
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

(ဝ) အထွေထွေအတွင်းရေးမှူး — တွဲဖက်အတွင်းရေးမှူး(၂)
မြန်မာနိုင်ငံမသန်စွမ်းသူများအသင်းချုပ်

၂။ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာလုပ်ငန်းကော်မတီ၏ တာဝန်ဝတ္တရားများမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ၏ လမ်းညွှန်ချက်များနှင့်အညီ လုပ်ငန်းတာဝန်များအား အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊

(ခ) မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေနှင့် နည်းဥပဒေများတွင် ပါရှိသော ပြဋ္ဌာန်းချက်တို့ကို ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာကဏ္ဍအလိုက် မူဝါဒနှင့် လုပ်ငန်းအစီအစဉ်တို့ကို မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ၏ လမ်းညွှန်ချက်များနှင့်အညီ ရေးဆွဲဆောင်ရွက်ခြင်း၊

(ဂ) လုပ်ငန်းကော်မတီ၏ တာဝန်ဝတ္တရားတို့ကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် နည်းပညာ အထောက်အကူပြုအဖွဲ့နှင့် ဆပ်ကော်မတီတို့ကို မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသား ကော်မတီ၏ လမ်းညွှန်ချက်နှင့်အညီ ဖွဲ့စည်းဆောင်ရွက်ခြင်းနှင့် လမ်းညွှန်ကြီးကြပ်ခြင်း၊

(ဃ) သဘာဝဘေးအန္တရာယ် ကြိုတင်ပြင်ဆင်ကာကွယ်ရေး၊ တုံ့ပြန်ဆောင်ရွက်ရေး၊ ရှာဖွေကယ်ဆယ်ရေး၊ ပြုစုစောင့်ရှောက်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်း အစီအစဉ်များ ရေးဆွဲချမှတ်ရာတွင် မသန်စွမ်းသူများ ပါဝင်ဆောင်ရွက်မှုနှင့် ဦးစားပေးခံရမှု သေချာစေရေး ဆောင်ရွက်ခြင်း၊

(င) အရေးပေါ်အခြေအနေများတွင် ရောက်ရှိနေသော မသန်စွမ်းသူများအား ကာကွယ်စောင့်ရှောက်ရေး၊ ပြုစုစောင့်ရှောက်ရေးနှင့် မသန်စွမ်းမှုအလိုက် လိုအပ်ချက်တို့ကို ထောက်ပံ့ပေးခြင်းတို့ကို ဆောင်ရွက်ခြင်း၊

(စ) မသန်စွမ်းမှုအမျိုးအစားနှင့် မသန်စွမ်းမှုအဆင့်သတ်မှတ်ခြင်းတို့ကို နိုင်ငံတကာစံနှုန်းများနှင့်အညီ သတ်မှတ်ဆောင်ရွက်ခြင်း၊

(ဆ) ရပ်ရွာအခြေပြု ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နေသည့် အဖွဲ့အစည်းများ၏ လုပ်ငန်းအစီအစဉ်တို့တွင် မသန်စွမ်းသူများ အကျုံးဝင်ပါဝင်ရေး ဆောင်ရွက်ခြင်း၊

(ဇ) နိုင်ငံတော်အစိုးရနှင့် အခြားအစိုးရမဟုတ်သော အဖွဲ့အစည်းတို့မှ ဖွင့်လှစ်လျက်ရှိသော သင်တန်းအစီအစဉ်များတွင် မသန်စွမ်းသူများ တက်ရောက်သင်ယူခွင့်ရရှိရေး ဆောင်ရွက်ခြင်း၊

(ဈ) မသန်စွမ်းသူများအား ဝေပုံကျနှုန်းထားအတိုင်း အလုပ်ခန့်ထားရေး ဆောင်ရွက်ခြင်းနှင့် အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှုတို့ကို လေ့လာစောင့်ကြည့်ခြင်း၊

(ည) မသန်စွမ်းသူများအတွက် အတားအဆီးကင်းသော လုပ်ငန်းခွင်ဖန်တီးရေးနှင့် စွမ်းဆောင်ရည်မြင့်မားရေး ဆောင်ရွက်ခြင်း၊

(ဋ) မြန်မာနိုင်ငံမသန်စွမ်းသူများအသင်းချုပ်၏ ဖွဲ့စည်းပုံစည်းမျဉ်းနှင့် လုပ်ငန်းတာဝန်များ သတ်မှတ်ဆောင်ရွက်မှုတို့ကို ကြီးကြပ်လမ်းညွှန်ခြင်း။

၃။ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ၏ ၂၀၂၁ ခုနှစ်၊ ဖွန်လ ၈ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၂၁ ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

အောင်ထွန်းခိုင်
အတွင်းရေးမှူး
မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ပြည်ထဲရေးဝန်ကြီးဌာန

### အမိန့်ကြော်ငြာစာ (၉၀၇/၂၀၂၁)

၁၃၈၃ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၇ ရက်
(၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၁၂ ရက်)

မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းခရိုင်၊ ပျော်ဘွယ်မြို့၊ မြင်းဘက်ရပ်ကွက်၊ ကွင်း/ အကွက်အမှတ်နှင့်အမည် (၁၃/မြင်းဘက်)၊ ဦးပိုင်အမှတ် (၁၀၆)၊ **မြေဧရိယာ ၀.၇၃၉ ဧက** ရှိ မြေအား ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၊ **ပျော်ဘွယ်မြို့နယ်တရားရုံး** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့်အခွန်အမိန့်ဆင့်ဆိုချက် ၃၃၂ အရ **ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး** သို့ အခမဲ့ လွှဲပြောင်းပေးလိုက်သည်။

အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှုတွဲပါ စစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၉၀၈/၂၀၂၁)**

နေပြည်တော်၊ ၁၃၈၃ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၈ ရက်

(၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၁၃ ရက်)

၁။ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ သတင်းရဲတပ်ဖွဲ့မှ တပ်ဖွဲ့မှူး ရဲ ၁၉၁၈ ရဲမှူးချုပ် မြဝင်း အား သက်ပြည့်အငြိမ်းစား ယူရန် ကြိုတင်ပြင်ဆင်ခွင့်ဖြစ်သည့် ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ ၂၂ ရက်နေ့မှ ၂၀၂၂ ခုနှစ်၊ မတ်လ ၂၁ ရက်နေ့အထိ (၄) လကို မူလအခြေခံနည်းဥပဒေအပိုဒ် ၈၆ (က) (၁) နှင့် နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၂၂ အရ အများပြည်သူအကျိုးငှာ ငြင်းပယ်လိုက်သည်။

၂။ ရဲ ၁၉၁၈ ရဲမှူးချုပ် မြဝင်း အား ငြင်းပယ်ထားသည့် အငြိမ်းစားယူရန် ကြိုတင်ပြင်ဆင်ခွင့် (၄) လကို အသက် (၆၀) နှစ်ပြည့်သည့် ၂၀၂၂ ခုနှစ်၊ မတ်လ ၂၂ ရက်နေ့မှ ၂၀၂၂ ခုနှစ်၊ ဇူလိုင်လ ၂၁ ရက်နေ့အထိ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများအပိုဒ် ၈၁ အရ ခံစားခွင့်ပြုပြီး ခွင့်ကုန်ဆုံးသည့် ၂၀၂၂ ခုနှစ်၊ ဇူလိုင်လ ၂၂ ရက်နေ့မှစ၍ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၅၆ (က) အရ သက်ပြည့်အငြိမ်းစား ခံစားခွင့်ပြုလိုက်သည်။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၉၀၉/၂၀၂၁)**

နေပြည်တော်၊ ၁၃၈၃ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၉ ရက်

(၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၁၄ ရက်)

မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်၊ ရဲထောက်ပံ့ရေးဌာနကြီး၊ ပြင်ဆင်/ထိန်းသိမ်း/ထုတ်ပေးရေးဌာနခွဲမှ ဒုတိယညွှန်ကြားရေးမှူး ရဲ ၁၈၀၀ ဒုတိယရဲမှူးကြီး ခင်မောင်ညွန့် အား ရဲမှူးကြီး၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ရာထူးအဆင့်သို့ စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ ယာယီတိုးမြှင့်ခန့်ထားပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်၊ ရဲထောက်ပံ့ရေးဌာနကြီး၊ လုပ်ငန်းဌာနသို့ ညွှန်ကြားရေးမှူးအဖြစ် ပြောင်းရွှေ့ တာဝန်ချထားလိုက်သည်။

**အမိန့်ကြော်ငြာစာ (၉၁၁/၂၀၂၁)**

ဧရာဝတီတိုင်းဒေသကြီး၊ လပွတ္တာခရိုင်၊ လပွတ္တာမြို့နယ်၊ လပွတ္တာ (၃) မိုင်မြို့၊ အမှတ် (၄) ရပ်ကွက်၊ ကွင်းအမှတ်/အမည် -၅၅၆/ဖလံတောကွင်း၊ ၅၈၀/ကျောက်မော်တောင်ကွင်း၊ မြေကွက်အမှတ်- ၂၂၉၅/၂၅၂၈၊ ၂၂၉၄/၂၅၂၉ ရှိ **မြေဧရိယာ ၀.၂၅၇ ဧက** အား **လပွတ္တာ (၃) မိုင်မြို့၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ (၆) ခန်းတွဲ ဝန်ထမ်းအိမ်ရာ** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့်အခွန်အမိန့်ဆင့်ဆိုချက် ၃၃၂ အရ **ပြည်ထဲရေးဝန်ကြီးဌာန** သို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှုတွဲပါ စစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **ပြည်ထဲရေးဝန်ကြီးဌာန** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

**အမိန့်ကြော်ငြာစာ (၉၁၂/၂၀၂၁)**

ဧရာဝတီတိုင်းဒေသကြီး၊ လပွတ္တာခရိုင်၊ လပွတ္တာမြို့နယ်၊ လပွတ္တာ (၃) မိုင်မြို့၊ အမှတ် (၂) ရပ်ကွက်၊ ကွင်းအမှတ်/အမည် -၅၅၆/ဖလံတောကွင်း၊ ၅၈၀/ကျောက်မော်တောင်ကွင်း၊ မြေကွက်အမှတ်- ၁၂၆၂/၁၂၆၃ ရှိ **မြေဧရိယာ ၀.၄၅၉ ဧက** အား **လပွတ္တာ (၃) မိုင်မြို့၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ စုပေါင်းရုံး** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့်အခွန်အမိန့်ဆင့်ဆိုချက် ၃၃၂ အရ **ပြည်ထဲရေးဝန်ကြီးဌာန** သို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှုတွဲပါ စစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **ပြည်ထဲရေးဝန်ကြီးဌာန** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၉၁၈/၂၀၂၁)

နေပြည်တော်၊ ၁၃၈၃ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၀ ရက်

(၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်)

အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ တနင်္သာရီတိုင်းဒေသကြီးရုံးမှ စ/၁၈၂၇ ဒုတိယညွှန်ကြားရေးမှူး ဦးယဉ်ကျော့မိုး အား ညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ရာထူး အဆင့်သို့ စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားပြီး ချင်းပြည်နယ်ရုံးသို့ ပြောင်းရွှေ့တာဝန်ချထားလိုက်သည်။

## အမိန့်ကြော်ငြာစာ (၉၂၂/၂၀၂၁)

၁၃၈၃ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၃ ရက်

(၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၁၈ ရက်)

ရခိုင်ပြည်နယ်၊ စစ်တွေခရိုင်၊ စစ်တွေမြို့၊ ဘောလုံးကွင်းရပ်ကွက်၊ အကွက်အမှတ်/အမည်- ၄၇/ရုံးစုအကွက်၊ ဦးပိုင်အမှတ်-၃-ဇ ရှိ **မြေဧရိယာ ၁.၁၉၈ ဧက** အား **ရခိုင်ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံး** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့်အခွန်အမိန့်ဆင့်ဆိုချက် ၃၃၂ အရ **ပြည်ထဲရေးဝန်ကြီးဌာန** သို့ အခမဲ့ လွှဲပြောင်းပေးလိုက်သည်။

အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှုတွဲပါ စစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **ပြည်ထဲရေးဝန်ကြီးဌာန** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

## အမိန့်ကြော်ငြာစာ (၉၂၃/၂၀၂၁)

ရခိုင်ပြည်နယ်၊ စစ်တွေခရိုင်၊ စစ်တွေမြို့၊ ဆင်ကူးလမ်းရပ်ကွက်၊ အကွက်အမှတ်/အမည်-၁၆/မင်းဂံပြုစုမြောက်အကွက်၊ ဦးပိုင်အမှတ်-ဃ/၃ ရှိ **မြေဧရိယာ ၁.၀၄၇ ဧက** အား **ရေကြောင်းရဲတပ်ဖွဲ့စု (စစ်တွေ)** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့်အခွန်အမိန့်ဆင့်ဆိုချက် ၃၃၂ အရ **ပြည်ထဲရေးဝန်ကြီးဌာန** သို့ အခမဲ့ လွှဲပြောင်းပေးလိုက်သည်။

အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှုတွဲပါ စစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **ပြည်ထဲရေးဝန်ကြီးဌာန** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

## အမိန့်ကြော်ငြာစာ (၉၂၄/၂၀၂၁)

ရခိုင်ပြည်နယ်၊ ကျောက်ဖြူခရိုင်၊ အမ်းမြို့၊ အမှတ်(၃) ဈေးရပ်ကွက်၊ အကွက်အမှတ်/အမည်- ၃/ဈေးရပ်ကွက်၊ ဦးပိုင်အမှတ်-၇ ရှိ **မြေဧရိယာ ၀.၆၈၀ ဧက** အား **အမ်းမြို့နယ် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံ** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့်အခွန်အမိန့်ဆင့်ဆိုချက် ၃၃၂ အရ **ပြန်ကြားရေးဝန်ကြီးဌာန** သို့ အခမဲ့ လွှဲပြောင်းပေးလိုက်သည်။

အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှုတွဲပါ စစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **ပြန်ကြားရေးဝန်ကြီးဌာန** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

## အမိန့်ကြော်ငြာစာ (၉၂၅/၂၀၂၁)

ရခိုင်ပြည်နယ်၊ စစ်တွေခရိုင်၊ စစ်တွေမြို့၊ ကျေးပင်ကြီးရပ်ကွက်၊ အကွက်အမှတ်/အမည်- ၄၈/ရုံးစုအရှေ့အကွက်၊ ဦးပိုင်အမှတ်-ဃ/၅၊ ဆ/၅ ရှိ **မြေဧရိယာ ၀.၅၅၀ ဧက** အား **လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေး လုပ်ငန်း၊ ရခိုင်ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာရုံး ဧည့်ရိပ်သာနှင့် ဝန်ထမ်းအိမ်ရာ** မြေနေရာအဖြစ်

အသုံးပြုရန်အတွက် မြေနှင့်အခွန်အမိန့်ဆင့်ဆိုချက် ၃၃၂ အရ **လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန** သို့ အခမဲ့ လွှဲပြောင်းပေးလိုက်သည်။

အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှုတွဲပါ စစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၉၃၅/၂၀၂၁)**

နေပြည်တော်၊ ၁၃၈၃ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၂ ရက်

(၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၂၂ ရက်)

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ ကြေးမုံသတင်းစာတိုက်တွင် တာဝန်ထမ်းဆောင်ခဲ့သော ဒေါ်ဖြူဖြူဝင်း၊ စာရင်းကိုင် (၂) မှ သတင်းစာတိုက်ပိုင်ငွေများ ဖောက်ထွင်းခိုးယူပြီး စာရွက်စာတမ်းများနှင့် ပစ္စည်းများ မီးရှို့ဖျက်ဆီးသည့်ဖြစ်စဉ်နှင့်ပတ်သက်၍ နိုင်ငံတော်ဘဏ္ဍာငွေများ ဆုံးရှုံးမှုမဖြစ်ပေါ်စေရေးအတွက် ၎င်းပိုင်ဆိုင်သည့် အောက်ဖော်ပြပါ ပစ္စည်းများကို ၁၉၅၁ ခုနှစ်၊ ရာဇဝတ်ဥပဒေပြင်ဆင်ချက် အက်ဥပဒေပုဒ်မ (၃) အရ ဝရမ်းကပ်သိမ်းဆည်းခြင်း ဆောင်ရွက်ပေးနိုင်ရန်အလို့ငှာ ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန် (အရှေ့ပိုင်း) ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အုပ်ချုပ်ရေးမှူး ဦးထူးလွင် (ပ/၅၃၆၂) အား ကော်လိတ်တော်အရာရှိ၏ လုပ်ပိုင်ခွင့်များကို အပ်နှင်းလိုက်သည်–

(က) မ/၇၀/၇၆ သရဖီလမ်းသွယ်၊ က–ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်ရှိ တိုက်ခန်း (၁) ခန်း၊

( ခ ) ယာဉ်အမှတ် (7E–2828)၊ Toyota Belta အမျိုးအစား ပုလဲဖြူရောင်မော်တော်ယာဉ်(၁) စီး။

၂။ ယခင်ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန၏ ၂၀၂၀ ပြည့်နှစ်၊ ဧပြီလ ၁၄ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁၅/၂၀၂၀) အား ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

**အမိန့်ကြော်ငြာစာ (၉၅၁/၂၀၂၁)**

၁၃၈၃ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၆ ရက်

(၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၂၆ ရက်)

ရခိုင်ပြည်နယ်၊ ကျောက်ဖြူခရိုင်၊ အမ်းမြို့၊ အမှတ်(၃)ဈေးရပ်ကွက်၊ အကွက်အမှတ်/ အမည်–၃/ ဈေးရပ်ကွက်၊ ဦးပိုင်အမှတ်–၁၆ ရှိ **မြေဧရိယာ ၀.၇၀၄ ဧက** အား **အမ်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့်အခွန်အမိန့်ဆင့်ဆိုချက် ၃၃၂ အရ **ပြန်ကြားရေးဝန်ကြီးဌာန** သို့ အခမဲ့ လွှဲပြောင်းပေးလိုက်သည်။

အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှုတွဲပါ စစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **ပြန်ကြားရေးဝန်ကြီးဌာန** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၉၅၂/၂၀၂၁)**

၁။ ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန် (မြောက်ပိုင်း) ခရိုင်၊ အင်းစိန်မြို့နယ်၊ မြန်မာ့စီးပွားရေးဘဏ် တွင် တာဝန်ထမ်းဆောင်ခဲ့သော ဒုတိယကြီးကြပ်ရေးမှူး ဦးတင်ဝင်း ၏ နိုင်ငံတော်ဘဏ္ဍာငွေ အလွဲသုံးစားမှု

နှင့်စပ်လျဉ်း၍ နိုင်ငံတော်ဘဏ္ဍာငွေ ဆုံးရှုံးမှု မဖြစ်ပေါ်စေရေးအတွက် ၎င်းပိုင်ဆိုင်သော အောက်ဖော်ပြပါ ပစ္စည်းများကို ၁၉၅၁ ခုနှစ်၊ ရာဇဝတ်ဥပဒေပြင်ဆင်ချက် အက်ဥပဒေပုဒ်မ ၃ အရ ဝရမ်းကပ်သိမ်းဆည်းခြင်း ဆောင်ရွက်ပေးနိုင်ရန် အလို့ငှာ ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန် (အရှေ့ပိုင်း) ခရိုင် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ အုပ်ချုပ်ရေးမှူး ဦးထူးလွင် (ပ/၅၃၆၂) အား ကော်လိတ်တော်အရာရှိ၏ လုပ်ပိုင်ခွင့်များကို အပ်နှင်းလိုက်သည်-

(က) အမှတ် (၉၂)၊ ကျောက်ရေတွင်းလမ်း၊ မာန်အောင်ရပ်ကွက်၊ တာမွေမြို့နယ် (ဦးတင်ဝင်း၏ ဒုတိယဇနီးဖြစ်သူ ဒေါ်ငြိမ်းမြသူ၏မိခင် ဒေါ်စန်းမြင့်ပိုင်ဆိုင်သော အမည်ပေါက်နေအိမ်)၊

(ခ) အမှတ် (1147-3B)၊ ဇေယျာသုခလမ်း၊ မေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ် (ဦးတင်ဝင်း၏ ဒုတိယဇနီးဖြစ်သူ ဒေါ်ငြိမ်းမြသူ နေထိုင်သော တိုက်ခန်း)၊

(ဂ) အမှတ် (၁၁၅၆)၊ မြေညီထပ်၊ ဇေယျာသုခလမ်း၊ မေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ်။

၂။ ယခင် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန၏ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၈ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၇၇/၂၀၂၁) အား ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

## အမိန့်ကြော်ငြာစာ (၉၆၄/၂၀၂၁)

၁၃၈၃ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၈ ရက်

(၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၂၈ ရက်)

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး (၁၇/ ဆင်ခေါင်းကြီး)၊ ကွင်း/ အကွက်အမှတ်နှင့်အမည် (၇၀၇/ အနီးစခန်းအရှေ့ကွင်း)၊ ဦးပိုင်အမှတ် (၃၁)၊ **မြေဧရိယာ ၄.၅၀ ဧက** ရှိမြေအား **အမှတ် (၁) သတ္တုတွင်းလုပ်ငန်း၊ ပြင်ဦးလွင်ရုံးခွဲ (ဝန်ထမ်းအိမ်ရာ)** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့်အခွန် အမိန့်ဆင့်ဆိုချက် ၃၃၂ အရ **သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန** သို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှုတွဲပါ စစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

## အမိန့်ကြော်ငြာစာ (၉၆၅/၂၀၂၁)

မွန်ပြည်နယ်၊ သထုံခရိုင်၊ ကျိုက်ထိုမြို့နယ်၊ ကျောက္ကလပ်ကျေးရွာအုပ်စု၊ ကွင်းအမှတ်/ အမည်-၉၂က/ ညောင်ကုန်းမြောက်ကွင်း၊ ဦးပိုင်အမှတ် (N-၁၆၂/၂) ရှိ **ဖားအောက်တောရရိပ်သာဘုန်းတော်ကြီးကျောင်း (ရွှေကျင်) အခွန်လွတ်သာသနာ့မြေဧရိယာ၄.၇၀ ဧက** အနက်မှ **၀.၂၄ ဧက** ကို ဗုဒ္ဓသိမ်မြေအဖြစ်အသုံးပြုရန် အတွက် ဝိသုံဂါမသီးခြားရွာဖြစ်စေဟု ပိုင်းခြားသတ်မှတ်လျက် အောက်မြန်မာနိုင်ငံမြို့နှင့် ကျေးရွာမြေများ နည်းဥပဒေ ၅၂ နှင့်အညီ သိမ်ဒါယကာ ဦးအေးသန်း၊ ၁၀/ခဆန (နိုင်) ၀၅၈၉၀၉ အား ဗုဒ္ဓသိမ်မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

## အမိန့်ကြော်ငြာစာ (၉၆၆/၂၀၂၁)

ရခိုင်ပြည်နယ်၊ သံတွဲခရိုင်၊ တောင်ကုတ်မြို့နယ်၊ တရဂူကျေးရွာအုပ်စု၊ ကွင်းအမှတ်/ အမည်-၁၀၄/ တရဂူအနောက်ကွင်း၊ ဦးပိုင်အမှတ်-၄၃/၁၊ ၄၃/၂ တို့ရှိ **မြေဧရိယာ ၂.၅၂ ဧက** အား **အမှတ်(၄) တည်ဆောက်ရေး၊ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့် အခွန်အမိန့်ဆင့်ဆိုချက် ၃၃၂ အရ **လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန** သို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှုတွဲပါ စစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

## အမိန့်ကြော်ငြာစာ (၉၆၇/၂၀၂၁)

စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင်၊ ဗန်းမောက်မြို့၊ မြို့မရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့် အမည်-၁၀/ မြို့မအနောက်ဆုံးတောင်ဘက်၊ ဦးပိုင်အမှတ်-၈၊ မြေကွက်အမှတ်-၁၀ ရှိ **မြေဧရိယာ ၀.၀၉၉ ဧက** အား **ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာနရုံး (ဗန်းမောက်မြို့)** မြေနေရာအဖြစ် အသုံးပြုရန် အတွက် မြေနှင့်အခွန် အမိန့်ဆင့်ဆိုချက် ၃၃၂ အရ **ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန** သို့ အခမဲ့ လွှဲပြောင်းပေးလိုက်သည်။

အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှုတွဲပါ စစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန**က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

ဒုတိယဗိုလ်ချုပ်ကြီးစိုးထွဋ်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပြည်ထဲရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## နိုင်ငံခြားရေးဝန်ကြီးဌာန

## အမိန့်ကြော်ငြာစာအမှတ် (၈၂၈/၂၀၂၁)

နေပြည်တော်၊ ၁၃၈၃ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၇ ရက်
(၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၁၂ ရက်)

ဘရူနိုင်းဒါရုဆလမ်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးထင်လင်း အား ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ ၄ရက်နေ့ နံနက်ပိုင်းမှစတင်၍ထိုရာထူးနေရာတွင်ပင်ပဥ္စမအကြိမ်တစ်နှစ်ဆက်လက်ခန့်ထားလိုက်သည်။

## အမိန့်ကြော်ငြာစာအမှတ် (၈၃၄/၂၀၂၁)

နေပြည်တော်၊ ၁၃၈၃ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၉ ရက်
(၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၁၄ ရက်)

### အရာထမ်းအား ပြောင်းရွှေ့ခန့်ထားခြင်း

နိုင်ငံခြားရေးဝန်ကြီးဌာန၊ ကောင်စစ်ရေးရာနှင့် ဥပဒေရေးရာဦးစီးဌာနမှ ဌာနစုမှူး (၂) ဦးမောင်မောင်အောင် အား မြန်မာသံရုံး၊ အော်တာဝါမြို့သို့ တတိယအတွင်းဝန်အဖြစ် ပြောင်းရွှေ့ခန့်ထားလိုက်သည်။

## အမိန့်ကြော်ငြာစာအမှတ် (၈၅၅/၂၀၂၁)

နေပြည်တော်၊ ၁၃၈၃ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၉ ရက်
(၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၂၉ ရက်)

ဆားဗီးယားသမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးသူရိန်သန့်ဇင် အား ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ ၃၀ ရက်နေ့ နံနက်ပိုင်းမှစတင်၍ ထိုရာထူးနေရာတွင်ပင် တတိယအကြိမ် တစ်နှစ် ဆက်လက် ခန့်ထားလိုက်သည်။

ဝဏ္ဏမောင်လွင်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
နိုင်ငံခြားရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**နိုင်ငံခြားရေးဝန်ကြီးဌာန**

**အမိန့်ကြော်ငြာစာအမှတ် (၈၂၅/၂၀၂၁)**

၁၃၈၃ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၇ ရက်

(၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၁၂ ရက်)

၁။ ပြည်ထောင်စုအဆင့် ဝန်ကြီးဌာနများ/အဖွဲ့အစည်းများနှင့် တိုင်းဒေသကြီး/ပြည်နယ်အဆင့် စီမံအုပ်ချုပ်ရေးကောင်စီများတွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ ကိစ္စရပ်များအား ပိုမိုထိရောက်စွာ ဆောင်ရွက်ရန်ဟူသော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ လမ်းညွှန်ချက်နှင့်အညီ နိုင်ငံခြားရေး ဝန်ကြီးဌာန၊ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့ (Corruption Prevention Unit-CPU) ကို အောက်ဖော်ပြပါ အရာထမ်း/အမှုထမ်းများဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်သည်-

ဦးဟန်ဝင်းအောင် ဥက္ကဋ္ဌ
ဒုတိယအမြဲတမ်းအတွင်းဝန်

(က) **သတင်းစုံစမ်းရေးနှင့် တားဆီးကာကွယ်ရေးအဖွဲ့ (၁)**

| **စဉ်** | **အမည်၊ ရာထူး** | **ဆက်သွယ်ရန်** | **တာဝန်** |
|---|---|---|---|
| (၁) | ဒေါ်သိင်္ဂီအောင်<br>ညွှန်ကြားရေးမှူး | ၀၆၇-၄၁၂၃၃၈<br>theingiaung@mofa.gov.mm | အဖွဲ့ခေါင်းဆောင် |
| (၂) | ဒေါ်နော်လပြည့်ဝန်း<br>လက်ထောက်<br>ညွှန်ကြားရေးမှူး | ၀၆၇-၄၁၂၆၅၅<br>lapyaitwon93@gmail.com | အဖွဲ့ဝင် |
| (၃) | ဒေါ်သက်စန္ဒာဝင်း<br>ဌာနခွဲစာရေး | ၀၆၇-၃၄၁၂၆၅၄<br>thetsandarwin87@gmail.com | အဖွဲ့ဝင် |

**လုပ်ငန်းတာဝန်များ။**

(၁) ဦးစီးဌာနအလိုက် အဂတိလိုက်စားမှု ဖြစ်နိုင်ခြေရှိသော လုပ်ငန်းဆောင်ရွက်ချက်များ၊ လုပ်ငန်းအခြေအနေများကို ဆန်းစစ်လေ့လာခြင်းနှင့် စိစစ်ဖော်ထုတ်ခြင်း၊

(၂) ဝန်ကြီးဌာန ဝန်ထမ်းများနှင့် သက်ဆိုင်သော တိုင်ကြားစာများကို စိစစ်ဆောင်ရွက်ခြင်း၊

(၃) လေ့လာတွေ့ရှိချက်များကို ဌာနဆိုင်ရာစစ်ဆေးမှုအဖွဲ့ (DE) အဖွဲ့ (၁) ထံသို့ ဆက်လက်သတင်းပို့ခြင်း၊

(၄) အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအတွက် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်၏ အစီအစဉ်နှင့်အညီ လုပ်ငန်းသဘာဝချင်း တူညီသော အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း။

( ခ ) **သတင်းစုံစမ်းရေးနှင့် တားဆီးကာကွယ်ရေးအဖွဲ့ (၂)**

| **စဉ်** | **အမည်၊ ရာထူး** | **ဆက်သွယ်ရန်** | **တာဝန်** |
|---|---|---|---|
| (၁) | ဒေါ်စုစုဝင်း<br>ညွှန်ကြားရေးမှူး/<br>လက်ထောက်အတွင်းဝန် | ၀၆၇-၃၄၁၂၆၄၈<br>susuwin@mofa.gov.mm | အဖွဲ့ခေါင်းဆောင် |

| စဉ် | အမည်၊ ရာထူး | ဆက်သွယ်ရန် | တာဝန် |
|---|---|---|---|
| (၂) | ဒေါ်မေသဇင်ထွန်း<br>ဒုတိယ<br>ညွှန်ကြားရေးမှူး | ၀၆၇-၄၁၂၄၄၇<br>maythazin07@gmail.com | အဖွဲ့ဝင် |
| (၃) | ဒေါ်ရီရီဝင်း<br>ရုံးအုပ် | ၀၁-၂၂၁၅၃၁<br>yee2koko@gmail.com | အဖွဲ့ဝင် |

**လုပ်ငန်းတာဝန်များ။**

(၁) မြန်မာသံရုံး၊ အဖွဲ့ရုံး၊ ကောင်စစ်ဝန်ချုပ်ရုံးများ၌ အဂတိလိုက်စားမှု ဖြစ်နိုင်ခြေရှိသော လုပ်ငန်းဆောင်ရွက်ချက်များ၊ လုပ်ငန်းအခြေအနေများကို ဆန်းစစ်လေ့လာခြင်းနှင့် စိစစ်ဖော်ထုတ်ခြင်း၊

(၂) မြန်မာသံရုံး၊ အဖွဲ့ရုံး၊ ကောင်စစ်ဝန်ချုပ်ရုံး ဝန်ထမ်းများနှင့် သက်ဆိုင်သော တိုင်ကြားစာများကို စိစစ်ဆောင်ရွက်ခြင်း၊

(၃) လေ့လာတွေ့ရှိချက်များကို ဌာနဆိုင်ရာစစ်ဆေးမှုအဖွဲ့ (DE) အဖွဲ့ (၂) ထံသို့ ဆက်လက်သတင်းပို့ခြင်း၊

(၄) အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအတွက် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်၏ အစီအစဉ်နှင့်အညီ လုပ်ငန်းသဘာဝချင်း တူညီသော အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း။

( ဂ ) **ဌာနဆိုင်ရာစစ်ဆေးမှု (DE) အဖွဲ့ (၁)**

| စဉ် | အမည်၊ ရာထူး | ဆက်သွယ်ရန် | တာဝန် |
|---|---|---|---|
| (၁) | ဒေါ်ဖြိုးသူဇာအောင်<br>ညွှန်ကြားရေးမှူး | ၀၁-၂၂၁၅၃၁<br>phyoaungmofa@gmail.com | အဖွဲ့ခေါင်းဆောင် |
| (၂) | ဒေါ်လဲ့ရည်ဝင်း<br>ဒုတိယ<br>ညွှန်ကြားရေးမှူး | ၀၆၇-၄၁၂၃၅၀<br>leiyiwin 2010@gmail.com | အဖွဲ့ဝင် |
| (၃) | ဦးဇာနည်လင်း<br>ဌာနခွဲစာရေး | ၀၆၇-၄၁၂၃၉၅<br>zarny.mofa@mesgservice.com | အဖွဲ့ဝင် |

**လုပ်ငန်းတာဝန်များ။**

(၁) သတင်းစုံစမ်းရေးနှင့် တားဆီးကာကွယ်ရေးအဖွဲ့ (၁) မှ ပေးပို့လာသော ကိစ္စရပ်များကို အခြေခံ၍ ဆက်လက်ဆောင်ရွက်ရမည့် အခြေခံစစ်ဆေးမှုများ ဆောင်ရွက်ခြင်း၊

(၂) အဂတိလိုက်စားမှုမှန်ကန်ကြောင်း ပေါ်ပေါက်လာပါက နိုင်ငံ့ဝန်ထမ်း ဥပဒေ၊ နည်းဥပဒေများ၊ အဂတိလိုက်စားမှုဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာ အဖွဲ့အစည်းများ ထံသို့ အကြံပြုခြင်း၊

(၃) အဂတိလိုက်စားမှုနှင့်ပတ်သက်သည့်အရေးယူဆောင်ရွက်မှုအခြေအနေများကို ပညာပေး၊ မှတ်တမ်းတင်ရေးနှင့် အစီရင်ခံရေးအဖွဲ့သို့ အစီရင်ခံတင်ပြခြင်း။

(ဃ) **ဌာနဆိုင်ရာစစ်ဆေးမှု (DE) အဖွဲ့ (၂)**

| စဉ် | အမည်၊ ရာထူး | ဆက်သွယ်ရန် | တာဝန် |
|---|---|---|---|
| (၁) | ဦးတင်ဇော်<br>ညွှန်ကြားရေးမှူး | ၀၆၇-၄၁၂၃၄၆<br>denziltz@gmail.com | အဖွဲ့ခေါင်းဆောင် |
| (၂) | ဦးယုဝင်း<br>လက်ထောက်<br>ညွှန်ကြားရေးမှူး | ၀၆၇-၄၁၂၃၃၄<br>koyuktth@gmail.com | အဖွဲ့ဝင် |
| (၃) | ဦးဉာဏ်လင်းအောင်<br>ရုံးအုပ် | ၀၆၇-၄၁၂၃၅၂<br>iodept.a.mofa@gmail.com | အဖွဲ့ဝင် |

**လုပ်ငန်းတာဝန်များ။**

(၁) သတင်းစုံစမ်းရေးနှင့် တားဆီးကာကွယ်ရေးအဖွဲ့ (၂) မှ ပေးပို့လာသော ကိစ္စရပ်များကို အခြေခံ၍ ဆက်လက်ဆောင်ရွက်ရမည့် အခြေခံစစ်ဆေးမှုများ ဆောင်ရွက်ခြင်း၊

(၂) အဂတိလိုက်စားမှုမှန်ကန်ကြောင်း ပေါ်ပေါက်လာပါက နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေများ၊ အဂတိလိုက်စားမှုဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာ အဖွဲ့အစည်းများ ထံသို့ အကြံပြုခြင်း၊

(၃) အဂတိလိုက်စားမှုနှင့်ပတ်သက်သည့်အရေးယူဆောင်ရွက်မှုအခြေအနေများကို ပညာပေး၊ မှတ်တမ်းတင်ရေးနှင့် အစီရင်ခံရေးအဖွဲ့သို့ အစီရင်ခံတင်ပြခြင်း။

( င ) **ပညာပေး၊ မှတ်တမ်းတင်ရေးနှင့် အစီရင်ခံရေးအဖွဲ့**

| စဉ် | အမည်၊ ရာထူး | ဆက်သွယ်ရန် | တာဝန် |
|---|---|---|---|
| (၁) | ဦးဟန်ဝင်းအောင်<br>ဒုတိယ<br>အမြဲတမ်းအတွင်းဝန် | ၀၆၇-၄၁၂၃၃၅<br>hanwinaung@mofa.gov.mm | အဖွဲ့ခေါင်းဆောင် |
| (၂) | ဒေါ်အေးမြမြခိုင် <br>ညွှန်ကြားရေးမှူး | ၀၉-၄၂၈၃၂၁၂၀၀<br>ammkhaing145@gmail.com | အဖွဲ့ဝင် |
| (၃) | ဦးထွန်းမြင့်ဝင်း<br>ဌာနခွဲစာရေး | ၀၆၇-၄၁၂၃၅၁<br>tunmyintwin777@gmail.com | အဖွဲ့ဝင် |

**လုပ်ငန်းတာဝန်များ။**

(၁) အဂတိလိုက်စားမှုနှင့်ပတ်သက်သည့် ထူးခြားဖြစ်စဉ်များရှိပါက အဖွဲ့၏ဆောင်ရွက်ချက်များကို ပြည်ထောင်စုဝန်ကြီးနှင့် အမြဲတမ်းအတွင်းဝန်ထံသို့ အစီရင်ခံတင်ပြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီရုံးသို့ အစီရင်ခံစာ ပေးပို့တင်ပြခြင်း၊

(၂) အဂတိလိုက်စားမှုနှင့်စပ်လျဉ်းသော တိုင်ကြားမှုများနှင့်ပတ်သက်၍ ဆောင်ရွက်မှုအခြေအနေများအား သတင်းထုတ်ပြန်ခြင်း၊

(၃) ဝန်ကြီးဌာနအတွင်းရှိ ဝန်ထမ်းများနှင့် ပြည်ပသို့သွားရောက်တာဝန်ထမ်းဆောင်မည့် ဝန်ထမ်းများအား အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးနှင့်ပတ်သက်၍ အသိပညာပေးခြင်း၊ ဝန်ကြီးဌာနအတွင်း ပို့ချသည့် သင်တန်းများတွင် အဂတိလိုက်စားမှုတားဆီး ကာကွယ်ရေးကို ဘာသာရပ်တစ်ခုအဖြစ် ထည့်သွင်း၍ သင်ကြားပို့ချနိုင်ရေး ဆောင်ရွက်ခြင်း။

၂။ နိုင်ငံခြားရေးဝန်ကြီးဌာန၊ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့ (CPU) သည် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးနှင့် အဂတိလိုက်စားမှုပေါ်ပေါက်လာပါက နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေများနှင့်အညီ စစ်ဆေးအရေးယူနိုင်ရေးအတွက် သက်ဆိုင်ရာအထက်အဖွဲ့အစည်းများထံသို့ အကြံပြုတင်ပြခြင်း၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်မှ အခါအားလျော်စွာထုတ်ပြန်သည့် ညွှန်ကြားချက်များကို လိုက်နာခြင်း၊ ဖွင့်လှစ်ပို့ချသည့် သင်တန်းများ၊ ပညာပေးဆွေးနွေးပွဲများနှင့် အစည်းအဝေးများတွင် ပူးပေါင်းပါဝင်ခြင်းတို့ကို ဆောင်ရွက်ရမည်ဖြစ်သည်။

ပြည်ထောင်စုဝန်ကြီး (ကိုယ်စား)
(ချမ်းအေး၊ အမြဲတမ်းအတွင်းဝန်)
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
နိုင်ငံခြားရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန (၁)

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၀၃၁/၂၀၂၁)

၁၃၈၃ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၈ ရက်
(၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၂၈ ရက်)

### ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန (၁)၊ စီမံခန့်ခွဲရေးကော်မတီ ဖွဲ့စည်းခြင်း

၁။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန (၁)၊ စီမံခန့်ခွဲရေးကော်မတီကို အောက်ဖော်ပြပါ ပုဂ္ဂိုလ်များဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်သည်–

(က) ပြည်ထောင်စုဝန်ကြီး — ဥက္ကဋ္ဌ
ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန (၁)

(ခ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
အခွန်အယူခံခုံအဖွဲ့ရုံး

(ဂ) ဒုတိယညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
အမျိုးသားစည်းလုံးညီညွတ်ရေးနှင့်
ငြိမ်းချမ်းရေးဖော်ဆောင်မှုဦးစီးဌာန

(ဃ) ဒုတိယအမြဲတမ်းအတွင်းဝန် — အတွင်းရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန (၁)

၂။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန (၁)၊ ပြည်ထောင်စုဝန်ကြီးရုံး၏ ၂၀၂၁ ခုနှစ်၊ ဇွန်လ ၂၂ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁၂၀/၂၀၂၁) အား ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန(၁)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**နယ်စပ်ရေးရာဝန်ကြီးဌာန**

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၄၈/၂၀၂၁)**

၁၃၈၃ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၉ ရက်

(၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၂၉ ရက်)

၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၂၉ ရက်နေ့တွင် ကျင်းပပြုလုပ်သော နယ်စပ်ရေးရာဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၁၁/၂၀၂၁) အစည်းအဝေးဆုံးဖြတ်ချက်အရ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနတို့မှ အောက်ဖော်ပြပါ အရာထမ်း ၃ ဦးအား ယင်းတို့နှင့်ယှဉ်တွဲဖော်ပြပါ ရာထူးနေရာများတွင် အလုပ်တာဝန် ဝတ္တရားများ စတင်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်-

| စဉ် | အမည်၊ လက်ရှိရာထူး၊ ဌာန | တိုးမြှင့်ခန့်ထားသည့်ရာထူး၊ လစာနှုန်း၊ ဌာန |
|---|---|---|
| (၁) | ဦးစိုးကြည်<br>ဒုတိယကျောင်းအုပ်ကြီး<br>ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ<br>စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် (ရန်ကုန်) | ကျောင်းအုပ်ကြီး<br>(၄၁၈,၀၀၀-၄,၀၀၀-၄၃၈,၀၀၀)<br>ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ<br>စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် (စစ်ကိုင်း) |
| (၂) | ဦးခင်မောင်မြင့်<br>ညွှန်ကြားရေးမှူး (စီမံ)<br>ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ<br>စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် (ရန်ကုန်) | ဒုတိယကျောင်းအုပ်ကြီး<br>(၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀)<br>ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ<br>စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် (ရန်ကုန်) |
| (၃) | ဒေါ်ကျော့ကျော့မွန်<br>ဒုတိယညွှန်ကြားရေးမှူး<br>နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ<br>ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန | ညွှန်ကြားရေးမှူး (လေ့ကျင့်ရေး)<br>(၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀)<br>ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ<br>စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်(ရန်ကုန်) |

ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
နယ်စပ်ရေးရာဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန**

**(ပြည်ထောင်စုဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၅၁၆/၂၀၂၁)**

နေပြည်တော်၊ ၁၃၈၃ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၇ ရက်

(၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၁၂ ရက်)

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ အကောက်ခွန်ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀) ဦးကျော်ခိုင်-၂ အား အကောက်ခွန်ဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော ညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ရာထူးနေရာသို့ တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

**အမိန့်ကြော်ငြာစာအမှတ် (၅၁၉/၂၀၂၁)**

၁၃၈၃ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၆ ရက်

(၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၂၆ ရက်)

**"ကိုဗစ်-၁၉ အထူးချေးငွေရန်ပုံငွေ" ချေးငွေထုတ်ချေးရေး ဦးဆောင်ကော်မတီနှင့် ချေးငွေစိစစ်ရေးနှင့် ကြီးကြပ်ရေးအဖွဲ့ ဖွဲ့စည်းခြင်း**

Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဗဟိုကော်မတီ၏ ခွင့်ပြုချက်နှင့် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေး (၂/၂၀၂၁) တို့၏ ကြိုတင်ခွင့်ပြုချက်တို့အရ မြန်မာ့စီးပွားရေးဘဏ်တွင် **ကိုဗစ်-၁၉ အထူးချေးငွေရန်ပုံငွေ** ထူထောင်ပြီး အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေမှ ကျပ် ၂၁၄.၀၉၆ ဘီလီယံကို ကိုဗစ်-၁၉ ကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းကြီးများသို့ ကိုဗစ်-၁၉ အထူးချေးငွေများ ထုတ်ချေးနိုင်ရန် **ကိုဗစ်-၁၉ အထူးချေးငွေ ဦးဆောင်ကော်မတီနှင့် ချေးငွေစိစစ်ရေးနှင့် ကြီးကြပ်ရေးအဖွဲ့** တို့အား အောက်ပါအတိုင်း ဖွဲ့စည်းလိုက်သည်-

(က) **ကိုဗစ်-၁၉ အထူးချေးငွေ ဦးဆောင်ကော်မတီ**

| | | |
|---|---|---|
| (၁) | ပြည်ထောင်စုဝန်ကြီး<br>စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (၂) | ဒုတိယဝန်ကြီး<br>စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၃) | ညွှန်ကြားရေးမှူးချုပ်<br>ပြည်ထောင်စုဝန်ကြီးရုံး<br>စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၄) | ညွှန်ကြားရေးမှူးချုပ်<br>ပြည်တွင်းအခွန်များဦးစီးဌာန | အဖွဲ့ဝင် |
| (၅) | ညွှန်ကြားရေးမှူးချုပ်<br>ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန | အဖွဲ့ဝင် |

(၆) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန

(၇) ဦးဆောင်ညွှန်ကြားရေးမှူး — အတွင်းရေးမှူး
မြန်မာ့စီးပွားရေးဘဏ်

(၈) အထွေထွေမန်နေဂျာ — တွဲဖက်အတွင်းရေးမှူး
ငွေစုဘဏ်နှင့် ဖွံ့ဖြိုးရေးချေးငွေဌာနခွဲ
မြန်မာ့စီးပွားရေးဘဏ်

(ခ) ကိုဗစ် - ၁၉ အထူးချေးငွေ ဦးဆောင်ကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(၁) ချေးငွေစိစစ်ကြီးကြပ်ရေးအဖွဲ့မှ စိစစ်တင်ပြလာသည့် ချေးငွေအမှုတွဲများကို ထပ်မံစိစစ်၍ ချေးငွေထုတ်ချေးရန် အတည်ပြုခြင်းနှင့် ငြင်းပယ်ခြင်းအပါအဝင် ဆုံးဖြတ်ချက်များ ချမှတ်ခြင်း၊ ချေးငွေထုတ်ချေးရန် ထောက်ခံသည့်ကိစ္စရပ်များကို ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြ၍ အတည်ပြုချက် ရယူခြင်း၊

(၂) ချေးငွေအမှုတွဲများ စိစစ်ရာတွင် လိုအပ်ပါက သက်ဆိုင်သည့် ဝန်ကြီးဌာနအဖွဲ့အစည်းများနှင့် အသင်းချုပ်များအား ဖိတ်ကြားခြင်း၊

(၃) ချေးငွေလျှောက်ထားသူ၏ လုပ်ငန်းဆိုင်ရာအချက်အလက်များ၊ ဘဏ္ဍာရေးဆိုင်ရာ အချက်အလက်များနှင့်ပတ်သက်၍ လိုအပ်ချက်များကို ထပ်မံတောင်းခံစိစစ်ခြင်း၊

(၄) ချေးငွေစိစစ်ကြီးကြပ်ရေးအဖွဲ့မှ အဆိုပြုတင်ပြသည့် ချေးငွေပမာဏ၊ ချေးငွေကာလနှင့် အတိုးနှုန်းများကို လိုအပ်သလို ပြင်ဆင်သတ်မှတ်ပေးခြင်း၊

(၅) ချေးငွေပြန်လည်ပေးဆပ်ရန် ပျက်ကွက်မှုများ ဖြစ်ပေါ်လာပါက ဘဏ်လုပ်ထုံးလုပ်နည်းနှင့် အညီ အရေးယူနိုင်ရန် အတည်ပြု ဆုံးဖြတ်ပေးခြင်း၊

(၆) အထူးချေးငွေ ထုတ်ချေးမှုအခြေအနေ၊ ချေးငွေအရင်းအတိုး ပြန်လည်ပေးဆပ်မှု၊ အရင်းအတိုး ပေးဆပ်ရန်ပျက်ကွက်သည့်အခြေအနေများနှင့်အထူးချေးငွေထုတ်ချေးမှုကြောင့်တိုးတက်မှု အခြေအနေများကို ပြည်ထောင်စုအစိုးရအဖွဲ့သို့ (၆) လ (၁) ကြိမ် တင်ပြအစီရင်ခံခြင်း၊

(၇) ချေးငွေစိစစ်ရေးနှင့်ကြီးကြပ်ရေးအဖွဲ့၏ ဆောင်ရွက်ချက်များအပေါ် ကြပ်မတ်ကွပ်ကဲခြင်း။

(ဂ) **ချေးငွေစိစစ်ရေးနှင့် ကြီးကြပ်ရေးအဖွဲ့**

(၁) ဦးဆောင်ညွှန်ကြားရေးမှူး — ဥက္ကဋ္ဌ
မြန်မာ့စီးပွားရေးဘဏ်

(၂) ဒုတိယအမြဲတမ်းအတွင်းဝန် — အဖွဲ့ဝင်
ပြည်ထောင်စုဝန်ကြီးရုံး
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန

(၃) ဒုတိယညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ပြည်တွင်းအခွန်များဦးစီးဌာန

(၄) ဒုတိယညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန

(၅) ဒုတိယညွှန်ကြားရေးမှူးချုပ်　　အဖွဲ့ဝင်
ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန

(၆) အထွေထွေမန်နေဂျာ　　အဖွဲ့ဝင်
ချေးငွေကြီးကြပ်စစ်ဆေးရေးဌာနခွဲ
မြန်မာ့စီးပွားရေးဘဏ်

(၇) အထွေထွေမန်နေဂျာ　　အတွင်းရေးမှူး
ငွေစုဘဏ်နှင့် ဖွံ့ဖြိုးရေးချေးငွေဌာနခွဲ
မြန်မာ့စီးပွားရေးဘဏ်

(၈) ဒုတိယအထွေထွေမန်နေဂျာ　　တွဲဖက်အတွင်းရေးမှူး
ငွေစုဘဏ်နှင့် ဖွံ့ဖြိုးရေးချေးငွေဌာနခွဲ
မြန်မာ့စီးပွားရေးဘဏ်

(ဃ) ချေးငွေစိစစ်ရေးနှင့် ကြီးကြပ်ရေးအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(၁) အထူးချေးငွေလျှောက်ထားသည့် အဖွဲ့အစည်း၏ ကိုဗစ်-၁၉ ကြောင့် ထိခိုက်မှုအခြေအနေ၊ ဘဏ္ဍာရေးအခြေအနေ၊ ချေးငွေပြန်လည်ပေးဆပ်နိုင်စွမ်းနှင့် အရွှန်ပေးဆောင်မှုအခြေအနေတို့ကို စိစစ်၍ ဦးဆောင်ကော်မတီသို့ ခွင့်ပြုသင့်သည့် ချေးငွေပမာဏ၊ ချေးငွေသက်တမ်းနှင့် အတိုးနှုန်းများကို အဆိုပြုတင်ပြခြင်း၊

(၂) ပြည်ထောင်စုအစိုးရအဖွဲ့မှ ခွင့်ပြုသည့်ချေးငွေများကို ဘဏ်လုပ်ထုံးလုပ်နည်းနှင့်အညီ ချေးငွေထုတ်ချေးပေးခြင်း၊

(၃) လိုအပ်ပါက ချေးငွေအတွက် အာမခံပစ္စည်းအဖြစ် မရွှေ့ပြောင်းနိုင်သည့် ပစ္စည်း၊ ရွှေ့ပြောင်းနိုင်သည့်ပစ္စည်းများနှင့် ပူးတွဲအာမခံချက်များ ရယူခြင်း၊

(၄) အထူးချေးငွေစာရင်းကိုထိန်းသိမ်းရန် မြန်မာ့စီးပွားရေးဘဏ်မှ ဝန်ထမ်းများအား သီးခြားတာဝန်ပေးအပ်ခြင်း၊

(၅) ချေးငွေထုတ်ပေးရန်နှင့် ပြန်လည်ကောက်ခံရန် ဘဏ်ခွဲသတ်မှတ်ပေးခြင်း၊

(၆) ချေးငွေအမှုတွဲများကို စတင်ဖွင့်လှစ်ချိန်မှ ပိတ်သိမ်းချိန်အထိ သီးခြားထိန်းသိမ်းထားရှိခြင်း၊

(၇) ချေးငွေထုတ်ပေးမှု၊ ချေးငွေအရင်း၊ အတိုး ပေးဆပ်မှုနှင့် ချေးငွေအရင်းအတိုး ပေးဆပ်ရန် ပျက်ကွက်မှုအခြေအနေများကို ဦးဆောင်ကော်မတီသို့ (၃) လ (၁) ကြိမ် အစီရင်ခံ တင်ပြခြင်း၊

(၈) ချေးငွေသက်တမ်း ပြင်ဆင်ခြင်းနှင့် သက်တမ်းတိုးခြင်းများကို ဦးဆောင်ကော်မတီသို့ တင်ပြခွင့်ပြုချက်ရယူ ဆောင်ရွက်ခြင်း၊

(၉) ကိုဗစ်-၁၉ အထူးချေးငွေစာရင်းအား နှစ်စဉ် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ စာရင်းစစ်ဆေးမှု ခံယူခြင်း။

ဝင်းရှိန်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

# ပြန်ကြားရေးဝန်ကြီးဌာန

**(ဝန်ကြီးရုံး)**

၁၃၈၃ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၇ ရက်

(၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၂၇ ရက်)

အမှတ် ၂၆၄။ ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၂၆ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ အစည်းအဝေးအမှတ်စဉ် (၃၁/၂၀၂၁) ၏ သဘောတူညီချက်အရ ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ အောက်ဖော်ပြပါ ဒုတိယဦးစီးမှူး (၂) ဦးအား ယင်းတို့နှင့် ယှဉ်တွဲဖော်ပြပါ ရာထူးနေရာများသို့ တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်–

| စဉ် | အမည်၊ လက်ရှိရာထူး၊ ဌာန လစာနှုန်း၊ ဌာနခွဲ | တိုးမြှင့်ခန့်ထားသည့် ရာထူး၊ လစာနှုန်း၊ ဌာနခွဲ |
|---|---|---|
| (က) | ဒေါ်သန္တာအေး၊ ဒုတိယဦးစီးမှူး<br>(၂၁၆,၀၀၀–၂,၀၀၀–၂၂၆,၀၀၀)<br>ရုပ်ရှင်မြှင့်တင်ရေးဌာနခွဲ (ရုံးချုပ်) | ဦးစီးအရာရှိ<br>(၂၇၅,၀၀၀–၄,၀၀၀–၂၉၅,၀၀၀)<br>ရုပ်ရှင်မြှင့်တင်ရေးဌာနခွဲ (ရုံးချုပ်) |
| (ခ) | ဒေါ်သင်းသပြေခင်၊ ဒုတိယဦးစီးမှူး<br>(၂၁၆,၀၀၀–၂,၀၀၀–၂၂၆,၀၀၀)<br>ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန (ရုံးချုပ်) | ဦးစီးအရာရှိ<br>(၂၇၅,၀၀၀–၄,၀၀၀–၂၉၅,၀၀၀)<br>မိုင်းဆတ်ခရိုင် |

မောင်မောင်အုန်း
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပြန်ကြားရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

# စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

**(ပြည်ထောင်စုဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၃၃၃/၂၀၂၁)**

နေပြည်တော်၊ ၁၃၈၃ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၂ ရက်

(၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၂၂ ရက်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသည် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၁၁ ရက်စွဲပါ စာအမှတ်၊ ၈/၁–၄/ (၆၂၁) (စမဆ) ပါ ညှိနှိုင်းချက်နှင့်စပ်လျဉ်း၍ ၂၀၁၉ ခုနှစ်၊ **နယ်နိမိတ်တိုင်းတာပိုင်းခြားသတ်မှတ်ရေး ဥပဒေအခန်း (၄)၊ ပုဒ်မ (၇)၊ ပုဒ်မခွဲ (ဂ) နှင့် (ဃ) ပါ ပြဋ္ဌာန်းချက်အရ** မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ စေတုတ္တရာမြို့နယ်၊ ဒုန်းချောင်းကျေးရွာအုပ်စု ဒုန်းချောင်းကျေးရွာ မြေတိုင်းတာခြင်းလုပ်ငန်း ဆောင်ရွက်နိုင်ရန်အတွက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သက်ဆိုင်ရာ **မြို့နယ်အုပ်ချုပ်ရေးမှူး** အား **နယ်နိမိတ်သတ်မှတ်ရေးအရာရှိ (Boundary Officer)** အဖြစ်လည်းကောင်း၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ သက်ဆိုင်ရာ **မြို့နယ်ဦးစီးမှူး** အား **နယ်နိမိတ်ကြပ်မတ်ရေးအရာရှိ (Demarcation Officer)** အဖြစ်လည်းကောင်း သတ်မှတ်တာဝန်ပေး ခန့်အပ်လိုက်သည်။

တင်ထွဋ်ဦး
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန**

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမိန့်အမှတ် (၃၅၀/၂၀၂၁)**

၁၃၈၃ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၂ ရက်

(၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၂၂ ရက်)

၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၁၆ ရက်တွင် ကျင်းပပြီးစီးခဲ့သော ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၁၀/၂၀၂၁) ၏ သဘောတူဆုံးဖြတ်ချက်အရ ပြည်ထောင်စုရာထူးဝန်အဖွဲ့နှင့် ညှိနှိုင်းဆောင်ရွက်ခဲ့ရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အစည်းအဝေးအမှတ်စဉ် (၃၀/၂၀၂၁) ၏ သဘောတူခွင့်ပြုချက်ရရှိပြီးဖြစ်ပါသဖြင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနမှ ဒုတိယဦးစီးမှူး (စီမံ)၊ လစာနှုန်း (၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀) ဒေါ်ခင်မျိုးညွန့် အား ယင်းဌာနတွင် လစ်လပ်လျက်ရှိသော လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)၊ ဦးစီးအရာရှိ (စီမံ) ရာထူး နေရာသို့ ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၂၂ ရက် နံနက်ပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမိန့်အမှတ် (၃၅၁/၂၀၂၁)**

၁၃၈၃ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၅ ရက်

(၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၂၅ ရက်)

၁။ ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၈ ရက်တွင် ကျင်းပပြီးစီးခဲ့သော ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၁၁/၂၀၂၁) ၏ သဘောတူဆုံးဖြတ်ချက်အရ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ လစာနှုန်း (၄၁၈,၀၀၀- ၄,၀၀၀-၄၃၈,၀၀၀) ဦးကျော်စိုး အား ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၂၃ ရက်မှစ၍ အငြိမ်းစားမယူမီကြိုတင် ပြင်ဆင်ခွင့် (၄) လခံစားခွင့်ပြုပါရန် လျှောက်ထားခြင်းကို နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ အခန်း (၈)၊ နည်းဥပဒေ (၈၁) ပါ ပြဋ္ဌာန်းချက်အရ အများပြည်သူအကျိုးငှာ ငြင်းပယ်လိုက်သည်။

၂။ ၎င်းအား ငြင်းပယ်ခဲ့သော အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို အသက် (၆၀) နှစ်ပြည့်ပြီး နောက်တစ်ရက်ဖြစ်သည့် ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၃ ရက်မှ စတင်ခံစားခွင့်ပြုပြီး၊ ယင်းခွင့်ရက်များ ကုန်ဆုံးသည့် ၂၀၂၂ ခုနှစ်၊ ဇွန်လ ၂၃ ရက်မှစ၍ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ (၂၃၃) နည်းဥပဒေခွဲ (က) အရ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမိန့်အမှတ် (၃၅၂/၂၀၂၁)**

၁၃၈၃ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၇ ရက်

(၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၂၇ ရက်)

၂၀၂၁ ခုနှစ်၊ ဧပြီလ ၉ ရက်တွင် ကျင်းပပြီးစီးခဲ့သော ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၄/၂၀၂၁) ၏ သဘောတူဆုံးဖြတ်ချက်အရ ပြည်ထောင်စု ရာထူးဝန်အဖွဲ့နှင့် ညှိနှိုင်းဆောင်ရွက်ခဲ့ရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အစည်းအဝေးအမှတ်စဉ် (၃၁/၂၀၂၁) ၏

သဘောတူခွင့်ပြုချက်ရရှိပြီးဖြစ်ပါသဖြင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ပို့ဆောင်ရေးစီမံကိန်း ဦးစီးဌာနမှ ဒုတိယဦးစီးမှူး၊ လစာနှုန်း (၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀) ဦးရန်နိုင်ထွေး အား သတ်မှတ်ပညာ အရည်အချင်းကိုလျှော့ပေါ့၍ အထူးကိစ္စတစ်ရပ်အနေဖြင့် ယင်းဌာနတွင် လစ်လပ်လျက်ရှိသော ဦးစီးအရာရှိ၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးနေရာသို့ ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၂၆ ရက် နံနက်ပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမိန့်အမှတ် (၃၅၃/၂၀၂၁)

၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၁၆ ရက်တွင် ကျင်းပပြီးစီးခဲ့သော ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၁၀/၂၀၂၁) ၏ သဘောတူဆုံးဖြတ်ချက်အရ ပြည်ထောင်စုရာထူးဝန်အဖွဲ့နှင့် ညှိနှိုင်းဆောင်ရွက်ခဲ့ရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အစည်းအဝေး အမှတ်စဉ် (၃၁/၂၀၂၁) ၏ သဘောတူခွင့်ပြုချက်ရရှိပြီးဖြစ်ပါသဖြင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန၊ မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှအောက်ဖော်ပြပါအငယ်တန်းအင်ဂျင်နီယာ-၁၊ လစာနှုန်း (၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀) (၃) ဦးတို့အား ယင်းဌာနတွင် လစ်လပ်လျက်ရှိသော လက်ထောက် အင်ဂျင်နီယာ၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးနေရာများသို့ ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၂၆ ရက် နံနက်ပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်-

| စဉ် | အမည် |
|---|---|
| (က) | ဒေါ်တိုးဇွန်မေ |
| (ခ) | ဦးဝေတိုးအောင် |
| (ဂ) | ဦးဝင်းမောင်သန်း |

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမိန့်အမှတ် (၃၅၄/၂၀၂၁)

၁၃၈၃ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၂ ရက်
(၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ ၁ ရက်)

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး (ပို့ဆောင်ရေး)၊ ကုန်းလမ်းဌာနခွဲမှ လက်ထောက်အတွင်းဝန်၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ဦးတင်မောင်ဦး အား ဝန်ကြီးရုံး (ပို့ဆောင်ရေး) တွင် လစ်လပ်လျက်ရှိသော ဒုတိယအမြဲတမ်းအတွင်းဝန် (ကုန်းလမ်း) လစာနှုန်း (၄၁၈,၀၀၀-၄,၀၀၀-၄၃၈,၀၀၀) ရာထူးနေရာသို့ ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ ၁ ရက် နံနက်ပိုင်းမှစ၍ တိုးမြှင့် ခန့်ထားလိုက်သည်။

ဗိုလ်ချုပ်ကြီး တင်အောင်စန်း
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

## အမိန့်ကြော်ငြာစာအမှတ် (၁၀၅/၂၀၂၁)

နေပြည်တော်၊ ၁၃၈၃ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၂ ရက်

(၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၇ ရက်)

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် မြန်မာ့သတ္တုတွင်း ဥပဒေ ပုဒ်မ ၃၉၊ ပုဒ်မခွဲ (ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကိုကျင့်သုံး၍ ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

၁။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်းအသေးစားနှင့်လက်လုပ်လက်စားဆောင်ရွက်ခွင့်ပြုသည့် သတ္တု၊ စက်မှုတွင်းထွက်ကုန်ကြမ်းပစ္စည်းနှင့် ကျောက်တို့ကို အောက်ပါအတိုင်းသတ်မှတ်လိုက်သည်–

(က) **သတ္တု**

ရွှေ၊ ငွေ၊ ခဲ၊ ခဲမဖြူ၊ အဖြိုက်နက်၊ ခနောက်စိမ်း၊ ခရိုမီယမ်။

(ခ) **စက်မှုတွင်းထွက်ကုန်ကြမ်းပစ္စည်း**

ထုံးကျောက်၊ ဂေါ်ဒန်ကျောက်၊ ဘရိုက်တီးကျောက်၊ မင်းဂနီးစ်ဒိုင်အောက်ဆိုဒ်၊ ဒိုလိုမိုက်၊ မီးခံရွှံ့စေး၊ မီးခံမြေစေး၊ ရွှံ့စေးဖြူ၊ မြေဖြူ၊ မြေနီ၊ မြေဝါ၊ ကုံ့ကူဆံ၊ မြေဖယောင်း၊ ကျောက်ဂွမ်း၊ လချေးဖြူ သို့မဟုတ် လချေးညို၊ ကျောက်မီးသွေး၊ ဂဝံကျောက်၊ သဲကျောက်၊ ကျောက်ချဉ်၊ ဘောက်ဆိုက်၊ ဖလိုရိုက်၊ ကြွေကျောက်၊ ကန့်၊ ဆိုဒါပြာ၊ ဖော့စဖိတ်၊ ဖန်ချက်သဲ၊ ကွာဇိုက်၊ ပိုဇိုလန်၊ မာဘယ်။

(ဂ) **ကျောက်**

ထုံးကျောက်(အလှဆင်)၊သလင်းကျောက်၊ဂရက်နိုက်ကျောက်၊မာဘယ်ကျောက်၊လိပ်သဲကျောက်၊ ဂဝံကျောက်၊ သင်ပုန်းကျောက်၊ ပိုင်ရော့ဆီနိုက်၊ ဆာပင်တီနိုက်၊ ဟွန်းဗလင်းဒိုက်၊ ပယ်ရီဒိုတိုက်၊ အင်ဒီဆိုက်၊ ဗဆော့၊ ဒိုင်ယာဗေ့ သို့မဟုတ် ဒိုလာရိုက်၊ ဒိုင်အိုရိုက်၊ မွန်ဇိုနိုက်၊ ကာ့ဆီလီကိတ်၊ သဲကျောက်၊ သျှစ်ကျောက်၊ စရစ်လုံးကျောက်၊ ဂေါ်ဒန်ကျောက်၊ အင်ကြင်းကျောက်၊ ရတနာတန်း မဝင်သော သလင်းအုပ်စုဝင် တွင်းထွက်များ။

၂။ တိုင်းဒေသကြီး/ပြည်နယ် လုပ်ကွက်စိစစ်ချထားပေးရေးအဖွဲ့သည် ဝန်ကြီးဌာနကအမိန့်ကြော်ငြာစာ ထုတ်ပြန်၍ ကန့်သတ်ထားသော သတ္တု၊ စက်မှုတွင်းထွက်ကုန်းကြမ်းပစ္စည်းနှင့် ကျောက်တို့မှအပ တိုင်းဒေသကြီး/ ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသော အထက်အပိုဒ် (၁) ပါ ဓာတ်သတ္တုများကို ဓာတ်သတ္တုအသေးစားနှင့် လက်လုပ်လက်စား ခွင့်ပြုမိန့်ထုတ်ပေးခြင်း၊ သက်တမ်းတိုးခွင့်ပြုမိန့် ထုတ်ပေးခြင်းတို့ဆောင်ရွက်ရာတွင် မြန်မာ့သတ္တုတွင်းဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆောင်ရွက်ရမည်ဖြစ်သည်။

၃။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၃ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၉/၂၀၁၈ ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

**(ပြည်ထောင်စုဝန်ကြီးရုံး)**

## အမိန့်ကြော်ငြာစာအမှတ် (၁၁၉/၂၀၂၁)

၁။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလမှ ၂၀၂၂ ခုနှစ်၊ မတ်လအထိ (၆) လအတွက် သာမန်နှင့် ငွေလုံးငွေရင်း ရန်ပုံငွေများဖြင့် တည်ဆောက်ရေး လုပ်ငန်းများ၊ ပစ္စည်းဝယ်ယူမှုလုပ်ငန်းများဆောင်ရွက်ရာတွင် နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၇ ခုနှစ်၊ ဧပြီလ

၁၀ ရက်စွဲဖြင့် ထုတ်ပြန်သည့် ညွှန်ကြားချက်အမှတ် (၁/၂၀၁၇) နှင့်အညီ ဆောင်ရွက်နိုင်ရန်အတွက်လည်းကောင်း၊ ပြည်တွင်း ပြည်ပရင်းနှီးမြှုပ်နှံမှုဖြင့် ပုဂ္ဂလိက သစ်တောစိုက်ခင်း တည်ထောင်ခြင်းလုပ်ငန်းများအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဆောင်ရွက်ခွင့်ပြုနိုင်ရေးအတွက်လည်းကောင်း၊ တင်ဒါကော်မတီ (ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ) ကို အောက်ဖော်ပြပါ ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည်-

(က) ဒုတိယဝန်ကြီး — ဥက္ကဋ္ဌ
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

(ခ) အမြဲတမ်းအတွင်းဝန် — ဒုတိယဥက္ကဋ္ဌ
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

(ဂ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
သစ်တောဦးစီးဌာန

(ဃ) ဦးဆောင်ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
မြန်မာ့သစ်လုပ်ငန်း

(င) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန

(စ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန

(ဆ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
မြေတိုင်းဦးစီးဌာန

(ဇ) ပါမောက္ခချုပ် — အဖွဲ့ဝင်
သစ်တောနှင့် ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ်

(ဈ) ဒုတိယအမြဲတမ်းအတွင်းဝန် — အဖွဲ့ဝင်
ပြည်ထောင်စုဝန်ကြီးရုံး
(ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ)

(ည) အထွေထွေမန်နေဂျာ (အင်ဂျင်နီယာ) — အတွင်းရေးမှူး
မြန်မာ့သစ်လုပ်ငန်း

၂။ တင်ဒါကော်မတီသည် အောက်ဖော်ပြပါ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရမည်-

(က) ကျပ် (၁၀) သန်းအောက်တည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ယူခြင်းနှင့် ဝန်ဆောင်မှုရယူခြင်းလုပ်ငန်းများအတွက် တင်ဒါခေါ်ယူရန်မလိုအပ်ဘဲ တင်ဒါကော်မတီအနေဖြင့် ပစ္စည်းပေးသွင်းသူ သို့မဟုတ် ဝန်ဆောင်မှု ဆောင်ရွက်ပေးသူများအနက်မှ ယုံကြည်စိတ်ချရသော အနည်းဆုံး ကုမ္ပဏီ (၃) ခုအား ဈေးနှုန်းအဆိုပြုလွှာတောင်းခံပြီး ဈေးနှုန်းအနည်းဆုံး တင်သွင်းသူထံမှ ဝယ်ယူခြင်း သို့မဟုတ် ဝန်ဆောင်မှုရယူခြင်း၊

(ခ) ကျပ် (၁၀) သန်းမှ ကျပ်သန်း (၁၀၀) အထိ တည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ယူခြင်းနှင့် ဝန်ဆောင်မှုရယူခြင်းလုပ်ငန်းများအတွက် အိတ်ဖွင့်တင်ဒါခေါ်ယူရာတွင် သက်ဆိုင်ရာ ဝန်ကြီးဌာန၊ ကြော်ငြာသင်ပုန်း၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ခရိုင်အုပ်ချုပ်ရေးမှူးရုံးနှင့် မြို့နယ်အုပ်ချုပ်ရေးမှူးရုံးများ၏ ကြော်ငြာသင်ပုန်းများတွင် တင်ဒါဖွင့်လှစ်ရန် သတ်မှတ်ရက်ထက် ရက်သတ္တ (၂) ပတ်ကြိုတင်၍ သိသာထင်ရှားစွာ ကြေညာခြင်း၊

(ဂ) ကျပ်သန်း (၁၀၀) အထက် တည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ယူခြင်းနှင့် ဝန်ဆောင်မှုရယူခြင်း အတွက် ဆောင်ရွက်မည့် လုပ်ငန်းအမျိုးအစားများကို ရှင်းလင်းစွာဖော်ပြပြီး အိတ်ဖွင့်တင်ဒါ ဖွင့်လှစ်ရန် သတ်မှတ်ရက်ထက် (၁) လကြိုတင်၍ နိုင်ငံပိုင်သတင်းစာများတွင် အနည်းဆုံး (၂) ကြိမ် သိသာထင်ရှားစွာ ကြော်ငြာ၍ တင်ဒါခေါ်ယူနိုင်ရေးနှင့် ဝန်ကြီးဌာန Website တွင် အနည်းဆုံး (၁) လကြိုတင် ကြော်ငြာနိုင်ရေး ဆောင်ရွက်ခြင်း၊

(ဃ) ဆောင်ရွက်မည့် စီမံကိန်း၊ တည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ယူခြင်း၊ အကြံပေးဝန်ဆောင်မှုရယူ ခြင်းနှင့် အကြံပေးမဟုတ်သော ဝန်ဆောင်မှုရယူခြင်းတို့အတွက် ရန်ပုံငွေ ခွင့်ပြုချက် ရှိ မရှိ စိစစ်ခြင်း၊

(င) တည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ယူခြင်း၊ ဝန်ဆောင်မှုရယူခြင်း၊ ငှားရမ်းခြင်းနှင့် ရောင်းချခြင်းတို့ အတွက် လိုအပ်သည့် တင်ဒါပုံစံများ၊ စာချုပ်ပုံစံများ သတ်မှတ်ခြင်း၊

(စ) ဝယ်ယူမည့်ပစ္စည်းများအတွက် အရည်အသွေး၊ စံချိန်စံညွှန်းသတ်မှတ်ပေးခြင်း၊

(ဆ) တင်ဒါတွင်ပါဝင်မည့် အဆိုပြု ကန်ထရိုက်စာချုပ်ပါ အချက်များ အကဲဖြတ်မှု စံချိန်စံညွှန်းများနှင့် ငွေရေးကြေးရေးအချက်များ (ကန်ထရိုက်ဆိုင်ရာ အချက်အလက်များ၊ ငွေပေးချေမှုအစီအစဉ်၊ ပစ္စည်းပေးသွင်းမှုအစီအစဉ်၊ အခွန်စသည်များ) သတ်မှတ်ခြင်း၊

(ဇ) ငှားရမ်းခြင်း သို့မဟုတ် ရောင်းချခြင်းများအတွက် အနိမ့်ဆုံး ကြမ်းခင်းဈေးနှုန်း သတ်မှတ်ခြင်း၊

(ဈ) တင်ဒါလုပ်ငန်းစဉ်များဖြစ်သည့် ရန်ပုံငွေ ခွင့်ပြုချက် ရှိ မရှိ စိစစ်ခြင်း၊ ဝယ်ယူရေး အစီအစဉ်ရေးဆွဲ အတည်ပြုချက်ရယူခြင်း၊ တင်ဒါတင်သွင်းခြင်း၊ တစ်ဦးချင်းအကြံပေးများရွေးချယ်ခြင်း၊ နိုင်ငံပိုင် ပစ္စည်းများ ငှားရမ်းခြင်းနှင့် ရောင်းချခြင်း၊ တင်ဒါအား ငြင်းပယ်ခြင်း၊ တိုင်းကြားမှုကို ဖြေရှင်းခြင်း တို့ကို ကြီးကြပ်ဆောင်ရွက်ခြင်း၊

(ည) သစ်တောမြေများအား ပြည်တွင်း ပြည်ပ ရင်းနှီးမြှုပ်နှံမှုဖြင့် သစ်တောစိုက်ခင်းတည်ထောင်ခြင်းကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ငှားရမ်းခြင်းလုပ်ငန်းအား ကြီးကြပ်ဆောင်ရွက်ခြင်း-

(၁) တင်ဒါလုပ်ငန်းစဉ် တစ်ရပ်လုံးအား စနစ်တကျရှိစေရန်၊ မျှတမှုရှိစေရန်နှင့် ပွင့်လင်းမြင်သာမှု ရှိစေရန် ကြီးကြပ်ဆောင်ရွက်ခြင်း၊

(၂) လုပ်ငန်းကော်မတီများ၏ လုပ်ငန်းဆောင်ရွက်မှုများအား စနစ်ကျနမှုနှင့် မှန်ကန်မှုရှိစေရန် ကြီးကြပ်ခြင်း၊

(၃) တင်ဒါရွေးချယ်ရေး လုပ်ငန်းကော်မတီမှ ရွေးချယ်တင်ပြလာသော တင်ဒါအောင်မြင်ခဲ့သည့် အသင်းအဖွဲ့/ကုမ္ပဏီအား စနစ်တကျ စိစစ်ပြီး ပြည်ထောင်စုဝန်ကြီးရုံး၊ စီမံခန့်ခွဲမှုကော်မတီသို့ တင်ပြခြင်း။

(ဋ) ကြမ်းခင်းဈေးတွက်ချက်ရေးကော်မတီ၊ တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီနှင့် အရည်အသွေး စိစစ်ရေးနှင့် လက်ခံရေးကော်မတီတို့ကို ဖွဲ့စည်း၍ လုပ်ငန်းတာဝန်များသတ်မှတ်ခြင်း။

## (ပြည်ထောင်စုဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၁၂၄/၂၀၂၁)

နေပြည်တော်၊ ၁၃၈၃ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၂ ရက်

(၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၂၂ ရက်)

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနတွင် ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့၌ ကျင်းပပြုလုပ်သည့် စီမံခန့်ခွဲမှုကော်မတီ၏ (၁၉/၂၀၂၁) ကြိမ်မြောက် အစည်းအဝေး

ဆုံးဖြတ်ချက်နှင့် ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၁၈ ရက်နေ့၌ ကျင်းပပြုလုပ်သည့် ပြည်ထောင်စုရာထူးဝန်အဖွဲ့ အစည်းအဝေးအမှတ်စဉ် (၃၀/၂၀၂၁) မှ သဘောတူညီချက်အရ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံးရှိ ဦးစီးအရာရှိ၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူး (၂) နေရာသို့ အောက်ဖော်ပြပါ ဒုတိယဦးစီးမှူး (၂) ဦးအား ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၁၉ ရက်နေ့ နံနက်ပိုင်းမှစ၍ ရာထူးတိုးမြှင့်ခန့်ထားလိုက်သည်-

(၁) ဒေါ်ထားထားရွှေ

(၂) ဒေါ်စန်းစန်းနွဲ့

ခင်မောင်ရီ
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## စက်မှုဝန်ကြီးဌာန

**အမိန့်ကြော်ငြာစာအမှတ် (၃၇/၂၀၂၁)**

၁၃၈၃ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၈ ရက်
(၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၁၃ ရက်)

**ကုန်ထုတ်လုပ်မှုဆိုင်ရာ ထုတ်လုပ်မှုအညွှန်းကိန်း (Manufacturing Production Index – MPI) အကောင်အထည်ဖော်နိုင်ရေး "လုပ်ငန်းအဖွဲ့ (Working Group)" ဖွဲ့စည်းခြင်း**

၁။ ကုန်ထုတ်လုပ်မှုဆိုင်ရာ ထုတ်လုပ်မှုအညွှန်းကိန်း (Manufacturing Production Index–MPI) အကောင်အထည်ဖော်မည့်လုပ်ငန်းစဉ် လျင်မြန်စေရေး၊ ထိရောက်အကျိုးရှိသော ရှေ့ပြေးစီမံချက် (Pilot Plan)၊ မဟာဗျူဟာ (Strategy) နှင့် Action Plan များ ရေးဆွဲနိုင်ရေးတို့အတွက် **လုပ်ငန်းအဖွဲ့ (Working Group)** ကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်သည်-

(က) ဦးမျိုးမြင့်ဆွေ — ဥက္ကဋ္ဌ
ညွှန်ကြားရေးမှူး
စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန
စက်မှုဝန်ကြီးဌာန

(ခ) ဦးခင်မောင်ကျင် — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန
စက်မှုဝန်ကြီးဌာန

(ဂ) ဦးမျိုးမင်းခိုင် — အဖွဲ့ဝင်
ဒုတိယအထွေထွေမန်နေဂျာ
အမှတ်(၃) အကြီးစားစက်မှုလုပ်ငန်း
ပြည်ထောင်စုဝန်ကြီးရုံး(တွဲဖက်)
စက်မှုဝန်ကြီးဌာန

(ဃ) ဒေါ်ခင်ဆက်ရီ အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူး
ဗဟိုစာရင်းအင်းအဖွဲ့
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန

( င ) ဒေါက်တာမေမြတ်မွန်ဖြူ အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူး
စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန
စက်မှုဝန်ကြီးဌာန

( စ ) ဒေါ်ခိုင်ခိုင်ဟန် အဖွဲ့ဝင်
လက်ထောက်အထွေထွေမန်နေဂျာ
အမှတ်(၃) အကြီးစားစက်မှုလုပ်ငန်း
စက်မှုဝန်ကြီးဌာန

(ဆ) ဒေါ်ဌေးဌေးထွန်း အဖွဲ့ဝင်
လက်ထောက်ညွှန်ကြားရေးမှူး
ဗဟိုစာရင်းအင်းအဖွဲ့
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန

( ဇ ) ဒေါ်ဖြူပြာထွန်း အဖွဲ့ဝင်
လက်ထောက်ညွှန်ကြားရေးမှူး
ဗဟိုစာရင်းအင်းအဖွဲ့
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန

( ဈ ) ဦးမျိုးထွဋ်အောင် အဖွဲ့ဝင်
လက်ထောက်ညွှန်ကြားရေးမှူး
ဗဟိုစာရင်းအင်းအဖွဲ့
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန

(ည) ဒေါ်ဖြိုးဇာမောင် အဖွဲ့ဝင်
လက်ထောက်ညွှန်ကြားရေးမှူး
စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန
စက်မှုဝန်ကြီးဌာန

( ဋ ) ဒေါ်မြကေသီ အဖွဲ့ဝင်
လက်ထောက်အင်ဂျင်နီယာ
အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန
သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန

( ဌ ) ဒေါ်ခိုင်ယဉ်ယဉ်လတ် အဖွဲ့ဝင်
ဌာနခွဲမှူး
စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန
စက်မှုဝန်ကြီးဌာန

( ဍ ) ဒေါ်ဆွေယုလှိုင် အဖွဲ့ဝင်
လက်ထောက်မန်နေဂျာ
အမှတ်(၃) အကြီးစားစက်မှုလုပ်ငန်း
နိုင်ငံပိုင်စက်ရုံ၊ အလုပ်ရုံများ အသွင်ကူးပြောင်းရေးရုံးအဖွဲ့ (တွဲဖက်)
စက်မှုဝန်ကြီးဌာန

(ဃ) ဒေါ်ဖြူဖြူဝင်း အတွင်းရေးမှူး
ဒုတိယညွှန်ကြားရေးမှူး
စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန
စက်မှုဝန်ကြီးဌာန

၂။ လုပ်ငန်းအဖွဲ့ (Working Group) ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

(က) ကုန်ထုတ်လုပ်မှုဆိုင်ရာ ထုတ်လုပ်မှုအညွှန်းကိန်း (MPI) အကောင်အထည်ဖော်ရန်မဟာဗျူဟာ ရေးဆွဲရန်၊

(ခ) Action Plan ရေးဆွဲရန်၊

(ဂ) ငွေကြေးအထောက်အပံ့ (Financial Assistance)၊ နည်းပညာအထောက်အပံ့ (Technical Assistance)၊ ကျွမ်းကျင်သူများ (Experts) အကူအညီများရနိုင်ရေး ညှိနှိုင်းချိတ်ဆက်၍ တင်ပြဆောင်ရွက်ရန်၊

(ဃ) MPI အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး၊ လုပ်ငန်းစဉ် လျင်မြန်စေရေးအတွက် ထိရောက် အကျိုးရှိသော ရှေ့ပြေးစီမံချက် (Pilot Plan) ကို အတူတကွရေးဆွဲရန်၊

(င) လုပ်ငန်းအဖွဲ့ဝင်များသည် MPI အကောင်အထည်ဖော်နိုင်ရေးနှင့်စပ်လျဉ်းသည့် ဆွေးနွေးခြင်းများကို အခါအားလျော်စွာ တွေ့ဆုံဆွေးနွေးရန်၊

(စ) ဦးဆောင်ကော်မတီ အစည်းအဝေးကျင်းပနိုင်ရေးနှင့် ကော်မတီအစည်းအဝေးမှ ဆုံးဖြတ်ရရှိချက်၊ ညွှန်ကြားချက်များကို အကောင်အထည်ဖော်နိုင်ရေး စီစဉ်ဆောင်ရွက်ရန်။

ဒေါက်တာ ချာလီသန်း
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စက်မှုဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**အလုပ်သမားဝန်ကြီးဌာန**

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၃၈၉/၂၀၂၁)**

၁၃၈၃ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၅ ရက်

(၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၂၅ ရက်)

**ရှမ်းပြည်နယ် ခုံသမာဓိအဖွဲ့ အဖွဲ့ဝင် အစားထိုးခန့်အပ်ခြင်း**

အလုပ်သမားဝန်ကြီးဌာနသည် အလုပ်သမားရေးရာ အငြင်းပွားမှု ဖြေရှင်းရေးဥပဒေပုဒ်မ ၁၇ (က) နှင့်အညီ အမိန့်ကြော်ငြာစာအမှတ် (၂၉/၂၀၁၉) ဖြင့် အစားထိုးဖွဲ့စည်းခဲ့သည့် ရှမ်းပြည်နယ် အငြင်းပွားမှု ဖြေရှင်းရေး ခုံသမာဓိအဖွဲ့၏ အဖွဲ့ဝင် ဦးမြင့်သိန်း (အလုပ်ရှင်ကိုယ်စားလှယ်) **အစား** ဦးမင်းသိန်းထိုက် (အလုပ်ရှင်ကိုယ်စားလှယ်) အား အစားထိုးခန့်အပ် တာဝန်ပေးလိုက်သည်။

မြင့်ကြိုင်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
အလုပ်သမားဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၁၀၅/၂၀၂၁)**

၁၃၈၃ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၂ ရက်

(၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၂၂ ရက်)

၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၇ ရက်နေ့တွင် ကျင်းပသည့် အိမ်စောင့်အစိုးရအဖွဲ့ အစည်းအဝေး အမှတ်စဉ် (၂/၂၀၂၁) ၏ အတည်ပြုချက်ဖြင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသို့ လွှဲပြောင်းတာဝန်ထမ်းဆောင်ခွင့်ပြုထားသည့် အမှတ် (၅၆၃) ခြေမြန်တပ်ရင်းမှ ကြည်း ၅၉၈၅၇ ဗိုလ်ကြီး မင်းခိုင်စိုး အား ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၂၂ ရက်နေ့မှစတင်၍ မူပိုင်ခွင့်ဦးစီးဌာနတွင် ဦးစီးအရာရှိ၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးဖြင့် ခန့်ထားလိုက်သည်။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၁၀၆/၂၀၂၁)**

၁၃၈၃ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၅ ရက်

(၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၂၅ ရက်)

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှု မြှင့်တင်ရေးအဖွဲ့မှ ညွှန်ကြားရေးမှူးချုပ် ဒေါ်နော်မူတာကပေါ [၁၂/အစန (နိုင်) ၀၄၄၇၉၂] အား အငြိမ်းစားမယူမီ ကြိုတင် ပြင်ဆင်ခွင့်ကာလ (၄) လဖြစ်သည့် ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၂၁ ရက်နေ့မှ မေလ ၂၀ ရက်နေ့အထိ ကာလကို နိုင်ငံ့ဝန်ထမ်းနည်းဥပဒေ အခန်း (၈)၊ နည်းဥပဒေ (၈၁) အရ အများပြည်သူအကျိုးငှာ ငြင်းပယ်လိုက်သည်။

ဒေါက်တာ ပွင့်ဆန်း

ပြည်ထောင်စုဝန်ကြီး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ကျန်းမာရေးဝန်ကြီးဌာန**

**အမိန့်အမှတ် (၄၅၂/၂၀၂၁)**

၁၃၈၃ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၇ ရက်

(၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၁၂ ရက်)

**ငှက်ဖျားရောဂါရှာဖွေခြင်း၊ ရောဂါကုသခြင်းနှင့်စပ်လျဉ်း၍ မဖြစ်မနေ သတင်းပေးပို့ရေးအတွက် ထုတ်ပြန်ကြေညာခြင်း**

ကျန်းမာရေးဝန်ကြီးဌာနသည် ငှက်ဖျားရောဂါရှာဖွေခြင်း၊ ရောဂါကုသခြင်းတို့နှင့်စပ်လျဉ်း၍ မဖြစ်မနေ သတင်းပေးပို့ရေးအတွက် ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းဆိုင်ရာ ဥပဒေပုဒ်မ ၄၂၊ ပုဒ်မခွဲ (ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ဤအမိန့်ကို ထုတ်ပြန်လိုက်သည်။

၁။ ပြည်သူ့ဆေးရုံများ၊ ပုဂ္ဂလိကဆေးရုံ၊ ပုဂ္ဂလိကဆေးခန်းများ သို့မဟုတ် ပုဂ္ဂလိကကျန်းမာရေး လုပ်ငန်း၏ တာဝန်ခံပုဂ္ဂိုလ် သို့မဟုတ် ကျန်းမာရေးစောင့်ရှောက်မှုပေးသူသည်–

(က) ဆေးကုသမှုခံယူသော လူနာတစ်ဦးဦးကို ငှက်ဖျားရောဂါပိုး သွေးစစ်ဆေးခြင်းကို Microscopy သို့မဟုတ် Rapid Diagnostic Test ဖြင့် စစ်ဆေးပြီး ငှက်ဖျားပိုးတွေ့ရှိပါက ၂၄ နာရီအတွင်း တယ်လီဖုန်းဖြင့်ဖြစ်စေ၊ သတင်းပို့ရမည့်ပုံစံအား Fax ဖြင့်ဖြစ်စေ သက်ဆိုင်ရာ မြို့နယ်ပြည်သူ့ ကျန်းမာရေးဦးစီးဌာနသို့လည်းကောင်း၊ အီးမေးလ် (email) ဖြင့် သတင်းပေးပို့ပါက malaria@mohs.gov.mm သို့လည်းကောင်း ပေးပို့ရမည်၊

( ခ ) ငှက်ဖျားရောဂါနှင့်စပ်လျဉ်း၍ သတင်းပေးပို့ရမည့်ပုံစံ (Form) ကိုနီးစပ်ရာ ကျန်းမာရေးဌာနများ တွင် ရယူနိုင်သည်၊

( ဂ ) ငှက်ဖျားပိုးတွေ့ရှိသောလူနာကို ကျန်းမာရေးစောင့်ရှောက်မှုပြုရာတွင် အမျိုးသား ငှက်ဖျားရောဂါ တိုက်ဖျက်ရေးစီမံချက်၏ ရောဂါရှာဖွေရေးနှင့် ကုသမှုဆိုင်ရာလုပ်ငန်းလမ်းညွှန်ချက်များ (National Guidelines) နှင့်အညီ ဆောင်ရွက်ရမည်။

၂။ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနရှိ ငှက်ဖျားတာဝန်ခံသည် သတင်းပို့ချက်များအပေါ် ဆောင်ရွက်ထားရှိမှုများကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနသို့ လစဉ် အစီရင်ခံစာ ပေးပို့ရမည်။ ယင်းအစီရင်ခံစာမိတ္တူကို အမျိုးသားငှက်ဖျားရောဂါတိုက်ဖျက်ရေးစီမံချက် (ဗဟို)၊ နေပြည်တော်နှင့် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ငှက်ဖျားရောဂါတိုက်ဖျက်ရေးဌာနသို့ ပေးပို့ရမည်။

## အမိန့်အမှတ် (၄၆၅/၂၀၂၁)

၁၃၈၃ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၇ ရက်

(၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၂၇ ရက်)

ကျန်းမာရေးဝန်ကြီးဌာနသည် ကူးစက်ရောဂါများ ကာကွယ်နှိမ်နင်းရေး ဥပဒေပုဒ်မ ၂၁၊ ပုဒ်မခွဲ (ခ) ပါ လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ဤအမိန့်ကို ထုတ်ပြန်လိုက်သည်။

၁။ ကျန်းမာရေးဝန်ကြီးဌာနသည် လတ်တလောအသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ Coronavirus Disease 2019 (COVID–19) ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို အချိန်နှင့် တစ်ပြေးညီဆောင်ရွက်လျက် ရှိရာ ရောဂါကူးစက်ပျံ့နှံ့မှုကို ပိုမိုထိရောက်စွာထိန်းချုပ်နိုင်ရန် နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် များအတွင်းရှိ သက်ဆိုင်ရာမြို့နယ်များမှ ရောဂါကူးစက်မှုများပြားသော မြို့နယ်များအတွင်းရှိ ပြည်သူများ အနေဖြင့် မိမိနေအိမ်တွင် နေထိုင်ရေး (Stay at home) အစီအစဉ်တွင် အကျုံးဝင်ကြောင်း အမိန့်များ ထုတ်ပြန်ကြေညာခဲ့ပါသည်။

၂။ သို့ရာတွင် သက်ဆိုင်ရာမြို့နယ်များအတွင်း နေထိုင်သည့်ပြည်သူများအနေဖြင့် COVID–19 ရောဂါ ကာကွယ်ရေးစည်းကမ်းချက်များကို တိကျစွာလိုက်နာသဖြင့် လွန်ခဲ့သော (၁၄) ရက်အတွင်း COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ ထပ်မံတွေ့ရှိရမှုလျော့နည်းလာခြင်း၊ ဓာတ်ခွဲအတည်ပြု လူနာများမှာလည်း တစ်ဦးမှတစ်ဦးသို့အစုလိုက်ကူးစက်ဖြစ်ပွားမှုလျော့နည်းလာခြင်း၊ Stay at homeအစီအစဉ်ဆောင်ရွက်စဉ် ကာလအတွင်း ကျန်းမာရေးအသိပညာမြှင့်တင်ခြင်းလုပ်ငန်းများအား သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်း များနှင့် ပြည်သူများက အလေးထားဆောင်ရွက်ခဲ့ခြင်း၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် ထိတွေ့ဆက်စပ်ခဲ့သူ အားလုံးကို ရှာဖွေဖော်ထုတ်၍ ဓာတ်ခွဲနမူနာရယူ စစ်ဆေးရာတွင်လည်း လွန်ခဲ့သော (၁၄) ရက်အတွင်း ထပ်မံတွေ့ရှိရမှု လျော့နည်းလာခြင်း၊ မြို့နယ်အုပ်ချုပ်ရေးအဖွဲ့များ၊ ကျန်းမာရေးဌာနမှ ဝန်ထမ်းများ၊

နီးနွယ်သည့်ဌာန၊ အဖွဲ့အစည်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပြည်သူလူထုက ရောဂါကာကွယ်၊ ထိန်းချုပ်ရေး လုပ်ငန်းများတွင် တက်တက်ကြွကြွ ပါဝင်ဆောင်ရွက်ခဲ့မှုများကြောင့် ပိုးတွေ့လူနာများ လျော့နည်းလာကြောင်း စိစစ်တွေ့ရှိရပါသည်။

၃။ သို့ဖြစ်ပါ၍ အောက်ဖော်ပြပါ တိုင်းဒေသကြီး/ပြည်နယ်များအတွင်းရှိ မြို့နယ်များမှ နေထိုင်သော ပြည်သူများအနေဖြင့် ၂၀၂၀ ခုနှစ်၊ အောက်တိုဘာလ ၂၈ ရက်၊ နံနက် (၄) နာရီအချိန်မှစ၍ မိမိနေအိမ်တွင် နေထိုင်ရန် Stay at home အစီအစဉ်တွင် အကျုံးဝင်ခြင်းမှ ပယ်ဖျက်လိုက်သည်–

(က) **ချင်းပြည်နယ်**

(၁) တွန်းဇံမြို့နယ်။

( ခ ) **စစ်ကိုင်းတိုင်းဒေသကြီး**

(၁) ဟုမ္မလင်းမြို့နယ်။

( ဂ ) **ပဲခူးတိုင်းဒေသကြီး**

(၁) တောင်ငူမြို့နယ်၊

(၂) ကျောက်တံခါးမြို့နယ်၊

(၃) ညောင်လေးပင်မြို့နယ်၊

(၄) ဝေါမြို့နယ်၊

(၅) မင်းလှမြို့နယ်၊

(၆) လက်ပံတန်းမြို့နယ်၊

(၇) သာယာဝတီမြို့နယ်၊

(၈) အုတ်ဖိုမြို့နယ်။

(ဃ) **မကွေးတိုင်းဒေသကြီး**

(၁) ပွင့်ဖြူမြို့နယ်။

( င ) **မန္တလေးတိုင်းဒေသကြီး**

(၁) ချမ်းမြသာစည်မြို့နယ်၊

(၂) ချမ်းအေးသာစံမြို့နယ်၊

(၃) ပြည်ကြီးတံခွန်မြို့နယ်၊

(၄) မဟာအောင်မြေမြို့နယ်၊

(၅) အောင်မြေသာစံမြို့နယ်၊

(၆) ပုသိမ်ကြီးမြို့နယ်၊

(၇) အမရပူရမြို့နယ်၊

(၈) မြင်းခြံမြို့နယ်၊

(၉) ပျော်ဘွယ်မြို့နယ်၊

(၁၀) ရမည်းသင်းမြို့နယ်။

( စ ) **မွန်ပြည်နယ်**

(၁) သထုံမြို့နယ်။

(ဆ) **ရန်ကုန်တိုင်းဒေသကြီး**

(၁) တိုက်ကြီးမြို့နယ်၊

(၂) မင်္ဂလာဒုံမြို့နယ်၊

(၃) ရွှေပြည်သာမြို့နယ်၊

(၄) လှိုင်သာယာမြို့နယ်၊

(၅) အင်းစိန်မြို့နယ်၊

(၆) တာမွေမြို့နယ်၊

(၇) တောင်ဥက္ကလာပမြို့နယ်၊

(၈) ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊

(၉) မင်္ဂလာတောင်ညွန့်မြို့နယ်၊

(၁၀) မြောက်ဥက္ကလာပမြို့နယ်၊

(၁၁) ရန်ကင်းမြို့နယ်၊

(၁၂) သာကေတမြို့နယ်၊

(၁၃) သင်္ဃန်းကျွန်းမြို့နယ်၊

(၁၄) ခရမ်းမြို့နယ်၊

(၁၅) ကမာရွတ်မြို့နယ်၊

(၁၆) ကြည့်မြင်တိုင်မြို့နယ်၊

(၁၇) စမ်းချောင်းမြို့နယ်၊

(၁၈) ဗဟန်းမြို့နယ်၊

(၁၉) မရမ်းကုန်းမြို့နယ်၊

(၂၀) လှိုင်မြို့နယ်။

( ဇ ) **ဧရာဝတီတိုင်းဒေသကြီး**

(၁) ဘိုကလေးမြို့နယ်၊

(၂) ဟင်္သာတမြို့နယ်။

၄။ အထက်ပါမြို့နယ်များအား Stay at home အစီအစဉ်မှ ပယ်ဖျက်ပြီးနောက်တွင်လည်း ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသော COVID-19 ရောဂါကာကွယ်ထိန်းချုပ်ခြင်းနှင့်သက်ဆိုင်သည့် စည်းကမ်းချက်များကို တိကျစွာ လိုက်နာကြရမည်ဖြစ်သည်။

## အမိန့်အမှတ် (၄၇၉/၂၀၂၁)

၁၃၈၃ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၉ ရက်

(၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၂၉ ရက်)

ကျန်းမာရေးဝန်ကြီးဌာနသည် ကူးစက်ရောဂါများ ကာကွယ်နှိမ်နင်းရေးဥပဒေပုဒ်မ ၂၁၊ ပုဒ်မခွဲ (ခ) ပါ လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ဤအမိန့်ကို ထုတ်ပြန်လိုက်သည်။

၁။ ကျန်းမာရေးဝန်ကြီးဌာနသည် လတ်တလောအသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ Coronavirus Disease 2019 (COVID-19) ကြိုတင်ကာကွယ်ရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ ရောဂါကူးစက်ပြန့်ပွားမှု မဖြစ်စေရန်အတွက် ခြွင်းချက်ပြုဖော်ပြထားသော ကိစ္စရပ်များမှအပ လူ ၅၀ ဦးထက်ပို၍ စုဝေးခြင်းမပြုရန် အမိန့်စာများအား ထုတ်ပြန်ခဲ့ပါသည်။

၂။ ယခုအခါ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု လက်ရှိအခြေအနေအရ ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၃၀ ရက်နေ့မှစ၍ အဆိုပါအမိန့်များတွင် ခြွင်းချက်ပြုဖော်ပြထားသော ကိစ္စရပ်များမှအပ လူ ၅၀ ဦး **အစား** လူ ၁၀၀ ဦးထက်ပို၍ စုဝေးခြင်းမပြုရန် ပြင်ဆင်ထုတ်ပြန်လိုက်သည်။

၃။ ကိုဗစ်-၁၉ ရောဂါနှင့်စပ်လျဉ်း၍ ကျန်းမာရေးဝန်ကြီးဌာနနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနတို့က ထုတ်ပြန်ထားသည့် အမိန့်၊ ညွှန်ကြားချက်များကို လိုက်နာရန်ပျက်ကွက်ပါက တည်ဆဲဥပဒေများအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်သည်။

ဒေါက်တာ သက်ခိုင်ဝင်း
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ကျန်းမာရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၅၉/၂၀၂၁)

၁၃၈၃ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၀ ရက်
(၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်)

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၊ အားကစားနှင့် ကာယပညာဦးစီးဌာန၊ ယှဉ်ပြိုင်ရေးနှင့် လေ့ကျင့်ရေးဌာနခွဲ (၁) မှ ဒုတိယညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀) ဦးထွန်းထွန်းဦး အား အလုပ်တာဝန်များ အမှန်တကယ်စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ အားကစားနှင့် ကာယပညာ သိပ္ပံ (တောင်ကြီး) ၌ လစ်လပ်လျက်ရှိသော ညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ရာထူးနေရာသို့ တိုးမြှင့်ခန့်ထားလိုက်သည်။

**မှတ်ချက်။** ရာထူးတိုးမြှင့်သော အရာထမ်းသည် အမိန့်စာထွက်ပြီး သတ်မှတ်ရက်အတွင်း (သတ်မှတ်ရက်အတွင်း) အလုပ်တာဝန်များ လွှဲပြောင်း/လက်ခံရမည်။

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၆၅/၂၀၂၁)

နေပြည်တော်၊ ၁၃၈၃ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၂ ရက်
(၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၂၂ ရက်)

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၊ အားကစားနှင့် ကာယပညာဦးစီးဌာန၊ ရခိုင်ပြည်နယ် အားကစားနှင့် ကာယပညာဦးစီးဌာနမှ ညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ဦးအောင်စောမြ အား နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၂၂ နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ (၈၁) တို့အရ ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့မှစတင်၍ အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လ အား ခံစားခွင့်ပြုလိုက်သည်။

အဆိုပါခွင့်ကုန်ဆုံးသည့် ၂၀၂၂ ခုနှစ်၊ မတ်လ ၈ ရက်နေ့ နံနက်ပိုင်းမှစ၍ ညွှန်ကြားရေးမှူး ဦးအောင်စောမြ အား နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၅၆ (က) နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၂၃၃၊ နည်းဥပဒေခွဲ (က) တို့အရ ပြည်သူ့ဝန်ထမ်းအဖြစ်မှ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

ဦးမင်းသိန်းဇံ
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ဆောက်လုပ်ရေးဝန်ကြီးဌာန**

**အမိန့်ကြော်ငြာစာအမှတ် (၁၁၉/၂၀၂၁)**

နေပြည်တော်၊ ၁၃၈၃ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၈ ရက်

(၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၂၈ ရက်)

**မြေလွှဲပြောင်းပေးခြင်း**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးသည် ၁၉၅၁ ခုနှစ်၊ နိုင်ငံတော်ပြည်သူ့အိုးအိမ်ပြန်လည်ထူထောင်ရေးနှင့် မြို့ရွာစည်ပင်ရေးအဖွဲ့အက်ဥပဒေ ပုဒ်မ-၂၇ (၁) (ခ-၁) အရ အပ်နှင်းထားသည့်အခွင့်အာဏာများကို သုံးစွဲလျက် ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၆)၊ မြေကွက်အမှတ် (၁/ခ၁-A)၊ မြေဧရိယာ (၆) ဧကရှိ အစိုးရမြေနေရာအား လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန အသုံးပြုရန် အောက်ပါ စည်းကမ်းချက်များဖြင့် လွှဲပြောင်းပေးလိုက်သည်-

(က) ဖော်ပြပါမြေကို အများပြည်သူအကျိုးငှာ လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာနအတွက်သာ အသုံးပြုရန်နှင့် အခြားနည်းဖြင့် အသုံးမပြုရ၊

(ခ) ထိုမြေကို လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ အသုံးပြုရန် မလိုအပ်သည့်အခါ ဤဝန်ကြီးဌာနသို့ ပြန်လည်အပ်နှံရန်နှင့် အစိုးရက ပြန်လည်သိမ်းယူမည်၊

(ဂ) မြေကို အသုံးပြုရာတွင် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနနှင့် ဤဝန်ကြီးဌာနတို့ အယူအဆသဘောထား ကွဲလွဲမှုရှိသည့်အခါ ယင်းကိစ္စကို ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြ၍ အဆုံးအဖြတ်ခံယူရမည်။

၂။ **လွှဲပြောင်းပေးသည့်မြေ၏ အကြောင်းအရာဖော်ပြချက်**

| တိုင်းဒေသကြီး | မြို့နယ် | မြေတိုင်းရပ်ကွက် အမှတ် | မြေကွက် အမှတ် | ခန့်မှန်းမြေဧရိယာ | | မှတ်ချက် |
|---|---|---|---|---|---|---|
| | | | | ဧက | ဒသမ | |
| ရန်ကုန်တိုင်း ဒေသကြီး | ဒဂုံမြို့သစ် (မြောက်ပိုင်း) | ၁၆ | ၁/ခ ၁-A | ၆ | ၀၀ | |
| စုစုပေါင်း | | | | ၆ | ၀၀ | |

၃။ **နယ်နိမိတ်အလားအလာ ဖော်ပြချက်**

အရှေ့လားသော် - မြေကွက်အမှတ် (၁/ခ၁)

အနောက်လားသော် - ပြည်ထောင်စုလမ်းမ

တောင်လားသော် - မြေကွက်အမှတ် (၁/ခ၁)

မြောက်လားသော် - မြေကွက်အမှတ် (၁/ခ၁)

၄။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ၏ ၂၀၂၁ ခုနှစ်၊ ဇူလိုင်လ ၁၅ ရက်နေ့တွင် ကျင်းပပြုလုပ်သော အစည်းအဝေးအမှတ်စဉ် (၂၉/၂၀၂၁) အရ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၆)၊ မြေကွက်အမှတ် (၁/ခ၁-A)၊ မြေဧရိယာ (၆) ဧကရှိ အစိုးရမြေနေရာကို လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာနအသုံးပြုရန်အတွက် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနသို့ အမိန့်ကြော်ငြာစာ (ပြန်တမ်း) ဖြင့် လွှဲပြောင်းပေးပါသည်။

၅။ ၂၀၂၁ ခုနှစ်၊ မတ်လ ၈ ရက်စွဲပါ စာအမှတ်၊ မယ/မသ/၁၁၈ အယ်လ် - ၂၀၂၁ (၀၄၀၃) ဖြင့် ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းအမည်ပေါက်ဖြင့် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနသို့ လွှဲပြောင်းပေးခဲ့သည့် မြေလွှဲအမိန့်ကြော်ငြာစာ (ပြန်တမ်း) အား ဤအမိန့်ကြော်ငြာစာ (ပြန်တမ်း) ဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

ရွှေလေး
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ဆောက်လုပ်ရေးဝန်ကြီးဌာန

မှတ်ပုံတင်အမှတ်–၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

ရန်ကုန်မြို့ { ၁၃၈၃ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၈ ရက် (၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ ၂၆ ရက်) } သောကြာနေ့

ဤအပိုင်းကို သီးခြားစုပေါင်း၍ တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၂

### စစ်ရာထူးခန့်ချုပ်ရုံး

### (လေတပ်ဌာနစု)

၁၃၈၃ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၂ ရက်

(၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၂၂ ရက်)

အမှတ် ၉/၂၀၂၁။ အောက်ဖော်ပြပါ အရာခံဗိုလ်အား ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၉ ရက်နေ့တွင် ကျင်းပပြုလုပ်သော (၁၂၃) ကြိမ်မြောက် ကာကွယ်ရေးဌာနကောင်စီ၏အမှုဆောင်အဖွဲ့ အစည်းအဝေးမှ သဘောတူခွင့်ပြုချက်အရ ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၂၂ ရက်နေ့မှအစပြု၍ တပ်မတော် (လေ) အုပ်ချုပ်မှုဌာနခွဲတွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ခန့်အပ်လိုက်သည်–

ဉာဏ်စိုး လေ ၄၄၈၆

အမိန့်အရ

ဒုတိယဗိုလ်ချုပ်ကြီး လင်းအောင်
စစ်ရာထူးခန့်ချုပ်
စစ်ရာထူးခန့်ချုပ်ရုံး

### အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

### အမိန့်ကြော်ငြာစာ (၃၁/၂၀၂၁)

နေပြည်တော်၊ ၁၃၈၃ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၉ ရက်

(၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၂၉ ရက်)

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဒက္ခိဏခရိုင်၊ ဒက္ခိဏသီရိမြို့၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၁/ဟိုတယ်ဇုန်အရှေ့ရပ်)၊ ဦးပိုင်/မြေကွက်အမှတ် (B–၁၃) ရှိ **မြေဧရိယာ ၃၀.၂၈ ဧက** အား **မဟာမြိုင်တောရကျောင်းတိုက်** မြေနေရာအဖြစ် အသုံးပြုရန်အတွက် အထက်မြန်မာနိုင်ငံ မြေနှင့်အခွန်နည်းဥပဒေ ၅၂ နှင့်အညီ အခွန်လွတ်သာသနာ့မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

မြင့်သန်း
ညွှန်ကြားရေးမှူးချုပ်
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

## နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

**အမိန့်ကြော်ငြာစာအမှတ် (၄၄/၂၀၂၁)**

နေပြည်တော်၊ ၁၃၈၃ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၇ ရက်

(၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၂၇ ရက်)

ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ ၁၈-၁၀-၂၀၂၁ ရက်စွဲပါ စာအမှတ်၊ ၅၈၁/တမ-၂/၂၅၄/၂/၂၀၂၁ နှင့် နယ်စပ်ရေးရာဝန်ကြီးဌာန၊ ဝန်ကြီးရုံး၏ ၁၈-၁၀-၂၀၂၁ ရက်စွဲပါ စာအမှတ်၊ ၀၄၇/၁-နစရ/ဝကရ (၁၆၀၀) တို့အရ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ အင်ဂျင်နီယာဌာနမှ အငယ်တန်းအင်ဂျင်နီယာ (၂)၊ ဒေါ်နှင်းနုကေခိုင် အား လက်ထောက်အင်ဂျင်နီယာ၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးသို့ အလုပ်တာဝန်ဝတ္တရားများ စတင်လက်ခံဆောင်ရွက်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

စိုင်းထွန်းညို<br>ညွှန်ကြားရေးမှူးချုပ်<br>နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

## အကောက်ခွန်ဦးစီးဌာန

ရန်ကုန်မြို့၊ ၁၃၈၃ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၇ ရက်

(၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၁၂ ရက်)

အမှတ် ၁၄။ ပင်လယ်ရေကြောင်း အကောက်ခွန်အက်ဥပဒေပုဒ်မ ၁၁ တွင် အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကိုကျင့်သုံးလျက် မွန်ပြည်နယ်၊ မော်လမြိုင်ခရိုင်၊ မုဒုံမြို့နယ်၊ ဘလောက်ညောင်ဝိုင်းကျေးရွာအုပ်စု၊ ဘလောက်အရှေ့ကွင်း၊ ဘလောက်ကွင်း၊ ကွင်းအမှတ်-၈၆၁ (က)၊ ဦးပိုင်အမှတ်-၂/၃၊ ၄/၁၊ ၁၁/၁၊ ၁၂/၁၊ ၁၃၊ ၁၄၊ ၁၅/၁၊ ၁၆ ရှိမြေဧက (၅၁.၁၂) ဧကတွင် စက်သုံးဆီ သိုလှောင်ကန်စခန်း၊ ရေနံဓာတ်ငွေ့ရည် (LPG)သိုလှောင်ကန်စခန်း၊စက်သုံးဆီနှင့်ရေနံဓာတ်ငွေ့ရည်(LPG)တင်/ချဆိပ်ခံတံတားတည်ဆောက်ရန် Yar Zar Min Industry Co., Ltd ၏စက်သုံးဆီနှင့် ရေနံဓာတ်ငွေ့ရည် (LPG) တင်/ချဆိပ်ခံတံတားနေရာအား လုပ်ငန်းဆောင်ရွက်နိုင်ရန်အတွက် အကောက်ခွန်ဆိပ်ကမ်းတံတားနေရာအဖြစ် ၁-၈-၂၀၂၁ ရက်နေ့မှ ၃၁-၁-၂၀၂၂ ရက်နေ့ အထိ (၆) လ ယာယီဆိပ်ကမ်းအဖြစ် သတ်မှတ်လိုက်သည်။

ကျော်ထင်<br>ညွှန်ကြားရေးမှူးချုပ်<br>အကောက်ခွန်ဦးစီးဌာန

## သစ်တောဦးစီးဌာန

**အမိန့်ကြော်ငြာစာအမှတ် (၁၃၆၂/၂၀၂၁)**

နေပြည်တော်၊ ၁၃၈၃ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၀ ရက်

(၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်)

သစ်တောဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြောက်ပိုင်းခရိုင်၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးသိန်းရွှေ (FD 00089) အား သက်ပြည့်အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများအပိုဒ် (၈၁) အရ ပျမ်းမျှလစာဖြင့် ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ ၁၈ ရက်နေ့ နံနက်ပိုင်းမှစ၍ ခံစားခွင့်ပြုလိုက်သည်။ အဆိုပါ ခွင့်ကုန်ဆုံးသည့် ၂၀၂၂ ခုနှစ်၊ မတ်လ ၁၈ ရက်နေ့ နံနက်ပိုင်းမှစ၍ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

ညွှန်ကြားရေးမှူးချုပ်<br>သစ်တောဦးစီးဌာန

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

ရန်ကုန်မြို့ { ၁၃၈၃ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၈ ရက် (၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ ၂၆ ရက်) } သောကြာနေ့

ဤအပိုင်းကို သီးခြားစုပေါင်း၍ တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၄

### ရတနာပုံ လေကြောင်းပျံသန်းမှုဆိုင်ရာ ကုမ္ပဏီလီမိတက်

### (Yatanarpon Aviation Support Company Limited)

မြန်မာနိုင်ငံကုမ္ပဏီများဥပဒေနှင့် လူမွဲခံယူခြင်းဆိုင်ရာ ဥပဒေများအရ
ကုမ္ပဏီအား ဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းခြင်းနှင့် ရရန်ရှိသည့်အကြွေးများတောင်းခံရန်
သတိပေးခြင်း

၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ (၂၅) ရက်နေ့ ကုမ္ပဏီ၏ရုံးခန်းတွင် ကျင်းပပြုလုပ်သော ကုမ္ပဏီ၏ အစုရှင်များ ဒါရိုက်တာအဖွဲ့ဝင်များ၏သာမန်ထက်ထူးကဲသော အထွေထွေအစည်းအဝေးတွင် အောက်ဖော်ပြပါ ဆုံးဖြတ်ချက်များကို ချမှတ်ခဲ့ကြောင်း ကြေညာအပ်ပါသည်။

၁။ ကုမ္ပဏီကို ဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းရန်၊

၂။ ဦးသိန်းဌေး (Thein Htay & Associates Audit Firm) အား စာရင်းရှင်းလင်းရေးအရာရှိအဖြစ် ခန့်အပ်ရန်နှင့် ကုမ္ပဏီ၏ စာရင်းရှင်းလင်းရေးဆိုင်ရာ ကိစ္စအရပ်ရပ်အား ခန့်အပ်သည့်အချိန်မှစ၍ လိုအပ်သလို ဆောင်ရွက်နိုင်ရန်အတွက် တာဝန်လွှဲအပ်ရန်၊

၃။ တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိဖြစ်သော ကျွန်ုပ်ထံသို့ (၂၅-၁၂-၂၀၂၁) နေ့ နောက်ဆုံးထား၍ ကုမ္ပဏီမှ ရရန်ရှိသော ကြွေးမြီများအား မြီရှင်ဖြစ်ကြောင်း အထောက်အထား ခိုင်လုံစွာတင်ပြ၍ တောင်းခံကြပါရန် အကြောင်းကြားအပ်ပါသည်။ အထက်ဖော်ပြပါနေ့ရက် နောက်ပိုင်းမှ တောင်းခံလာသော ကြွေးမြီများအတွက် တာဝန်ယူမည်မဟုတ်ကြောင်း အသိပေး အပ်ပါသည်။

ဦးသန်းလွင်
မန်နေးဂျင်းဒါရိုက်တာ
ရတနာပုံ လေကြောင်းပျံသန်းမှုဆိုင်ရာ
ကုမ္ပဏီလီမိတက်

ဦးသိန်းဌေး
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
B.Com., CPA., D.A.T., D.M.A., ACPA
အမှတ် (၁၆)၊ စမ်းရေတွင်းလမ်း
စမ်းချောင်း (မြောက်) ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး။

## BENRI COMPANY LIMITED

### အစုရှင်များ၏ ဆန္ဒအရ နောက်ဆုံးအပြီးသတ်အစည်းအဝေးဖိတ်ကြားခြင်း

**BENRI COMPANY LIMITED** ၏ နောက်ဆုံးအပြီးသတ်အစည်းအဝေးကို (၂-၁၂-၂၀၂၁) ရက်နေ့ နံနက် (၁၀:၃၀) နာရီတွင် အမှတ် (၃၇)၊ ခေမာသီ (၃) လမ်း၊ မိချောင်းကန် (၃) ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့၌ နောက်ဆုံးအပြီးသတ်အစည်းအဝေး ကျင်းပမည်ဖြစ်၍ အစုရှင်များအားလုံး တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

အစည်းအဝေးတွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ အစီရင်ခံစာနှင့် စာရင်းရှင်းတမ်းကို တင်ပြကာ ကုမ္ပဏီအား အပြီးသတ်ဖျက်သိမ်းသွားမည်ဖြစ်ပါသည်။

Daw Swe Zin Win
B.Act, CPA (PA-1290)
လက်မှတ်ရပြည်သူ့စာရင်းကိုင်

## Thuriya Strength Agency CO., LTD

### မြန်မာနိုင်ငံကုမ္ပဏီများဥပဒေပုဒ်မ ၃၄၈ အရ ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းမည်ဖြစ်ကြောင်း ကြေညာချက်

၁။ အထက်ဖော်ပြပါ ကုမ္ပဏီလီမိတက် အစုရှင်များ၏ ၂၄-၁၁-၂၀၂၁ ရက်နေ့က ကျင်းပပြုလုပ်သော အစုရှင်များ၏ အစည်းအဝေးအထူးဆုံးဖြတ်ချက်အရ ဤကုမ္ပဏီလီမိတက်အား စာရင်းရှင်းလင်းဖျက်သိမ်းရန်နှင့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ဦးခင်ဝင်း (ဥပဒေအကျိုးဆောင် စဉ် - ၂၆၅၇) အား ခန့်အပ်ရန် ဆုံးဖြတ်ခဲ့ပြီးဖြစ်ပါသည်။

၂။ သို့အတွက် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိဖြစ်သော ဦးခင်ဝင်းထံသို့ ကုမ္ပဏီ၏ မြီရှင်များသည် မိမိတို့၏ ကြွေးမြီတောင်းခံလွှာများကို ၂၆-၁၂-၂၀၂၁ ရက်နေ့ နောက်ဆုံးထားကာ သက်သေပြစာရွက်စာတမ်း အထောက်အထားများနှင့်တကွ တင်ပြတောင်းခံနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

THAUNG HAN
MANAGING DIRECTOR
THURIYA STRENGTH AGENCY CO., LTD

ဦးခင်ဝင်း
B.A, H.G.P, R.L, D.B.L, D.I.L, D.M.L
P.G.D.I.T (New Delhi); D:Jap; M.P.A, M.A (B.L)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

(ရုံးခန်း) - အမှတ် ၁၇၅ (ပထမထပ်)၊ ၄၈ လမ်း၊ ဗိုလ်တထောင်မြို့နယ်၊
ရန်ကုန်မြို့၊ (ဖုန်း-၀၉၅၁၀၈၅၈၃)

**DIK (Myanmar) Co., Ltd**

(Company Registration No. 105642253)

Notice of Special Resolution

For Members' Voluntary Winding-up

Pursuant to Section 348

1. In accordance with the Special Resolution passed at a duly convened Special General Meeting of **DIK (Myanmar) Co., Ltd** (the **Company**) on 9th November 2021, it has been resolved that the Company will be wound up by way of Members' Voluntary Winding up under Section 345 (b) of the Myanmar Companies Law 2017, and U Kyaw Swa Myint, Attorney at Law (Advocate License No. 7266) has been appointed as Liquidator of the Company.

2. Therefore, all persons who are claiming to be creditors of the Company are hereby notified to submit details of their claim with any strong documentary evidence in their possession to the Liquidator at the address mentioned hereunder by 9th January 2022.

3. All persons who are debtors of the Company are also hereby notified to pay or settle any debts owed to the Company to the Liquidator at the address mentioned hereunder by 9th January 2022.

Mr. Katagi Yasuyuki
Director
DIK (Myanmar) Co., Ltd

U Kyaw Swa Myint
Liquidator
Myanmar Centre Tower 1, Floor 07, Unit 08,
No.192, Kaba Aye Pagoda Road,
Bahan Township, Yangon.

**EASY ASSET MANAGEMENT ASIA MICROFINANCE LIMITED**

(Company Registration No. 117848213)

Notice of Special Resolution

For Members' Voluntary Winding–up

Pursuant to Section 348

1. In accordance with the Special Resolution passed at a duly convened Extraordinary General Meeting of **Easy Asset Management Asia Microfinance Limited** (the **Company**) on $15^{th}$ November 2021, it has been resolved that the Company will be wound up by way of Members' Voluntary Winding up under Section 345 (b) of the Myanmar Companies Law 2017, and U Kyaw Swa Myint, Attorney at Law (Advocate License No. 7266) has been appointed as Liquidator of the Company.

2. Therefore, all persons who are claiming to be creditors of the Company are hereby notified to submit details of their claim with any strong documentary evidence in their possession to the Liquidator at the address mentioned hereunder by $15^{th}$ January 2022.

3. All persons who are debtors of the Company are also hereby notified to pay or settle any debts owed to the Company to the Liquidator at the address mentioned hereunder by $15^{th}$ January 2022.

Mr. Stanimir Svetoslavov Vassilev
Director
Easy Asset Management Asia Microfinance Limited

U Kyaw Swa Myint
Liquidator
Myanmar Centre Tower 1, Floor 07, Unit 08,
No.192, Kaba Aye Pagoda Road,
Bahan Township, Yangon.

ပ၊ ထ၊ န - အမှတ် ၅၅၈/ ၂၀/ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန/ စောင်ရေ - ၁၉၂၅/ ၂၆-၁၁-၂၀၂၁။